www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

# နေနော်

## မှော်အတတ်နဲ့ လုပ်ထားတဲ့ စကားလုံးတွေရဲ့ ပဥ္စလက်

ဝတ္ထုတိုစုစည်းမှု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၈၄၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -၅၀၀၈၈၂၀၆၀၈

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၆၊ဩဂုတ်လ

အုပ်ရေ
၁၀၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
စိုးဝင်းငြိမ်း

စီစဉ်သူ
ဒေါ်ရွှေရွှေမော်

ထုတ်ဝေသူ
ဒေါ်ရွှေရွှေမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်ခင်နွဲ့ (၀၆၅၆၇)
နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး
ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၁၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
❖ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဥပဒေစိုးမိုးရေး။
❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
❖ နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

❖ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
❖ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# နေနော်

## မျှော်အတာတိုင်နဲ့လုပ်ထားတဲ့
## စကားလုံးတွေရဲ့ပဉ္စလက်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အကြောင်းကြောင်းကြောင့်

လိုအင်ဆန္ဒတွေကို ထိန်းချုပ်မြိုသိပ်ရတာဟာ

ကိုယ်ရည်ကိုယ်သွေးပြသနာနဲ့

စိတ်ပိုင်းဆိုင်ရာဖေါက်ပြန်မှုအချို့ကို

ဖြစ်စေတယ်လို့

ဆေးပညာက ဖြေရှင်းထားပေမယ့်

ကျွန်တော်တို့ဟာ နေ့စဉ်နဲ့အမျှ

ဆန္ဒတွေကို မျိုချနေတုန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

# www ဒေါ့ကွန်းတစ်ခုတောင်မပိုင်ဘဲ ကမ္ဘာကြီးကိုရင်ဘတ်ဖွင့်ပြချင်သူတစ်ယောက်၏ ဒေတာဖိုင်


**File No.0**

စကားလုံးပုံဆောင်ခဲများ

**File No.1**

မှော်အတတ်နဲ့လုပ်ထားတဲ့ကြေးမုံပေါ်ကရုပ်ပုံ

**File No.2**

စကားလုံးတွေတပ်ဆင်ထားတဲ့ထောင်ချောက်

**File No.3**

လိပ်ပြာမလှတဲ့ဆည်းဆာ

**File No.4**

အိပ်မက်တွေကိုမြိုချထားတဲ့ကောင်းကင်

**File No.5**

လိပ်ပြာ

**File No.6**

ကြောင်ခံတွင်းပျက်ရဲ့တောင်ပံကျိုးအရက်

**File No.7**

မိုးရွာပြီးစည်နေ

**File No.8**

ဟန်များတဲ့ညနေခင်းဝတ္ထု

**File No.9**

ခံတွင်းပျက်တဲ့ည

**File No.10**

အသံတွေရဲ့ပဉ္စလက်

**File No.11**

ဤအရာသည်ဝတ္ထုစစ်စစ်ဖြစ်ကြောင်းရာသက်ပန် အာမခံပါသည်

**File No.12**

စိတ်ဓါတ်ကို အချဉ်တည်၍အိပ်မက်များကို မီးရှို့နေသူတစ်ယောက်၏ဒေတာဖိုင်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# စကားလုံးပုံဆောင်ခဲများ

သတိမပြုမိကြလို့သာ့ပဲ . . . ။

တကယ်ဆိုကျွန်တော်တို့ ပတ်ဝန်းကျင်မှာရော . . ။ ကျွန်တော်တို့နေ့စဉ်ရှူရှိုက်နေကျ လေထုထဲမှာပါ စကားလုံးတွေဟာ အခိုးအငွေ့တွေအဖြစ် အသွင်သဏ္ဍာန်ပုံဆောင်ခဲအဖြစ် ရွေ့လျားစီးဆင်းနေကြရဲ့ . . . ။

တချို့စကားလုံးတွေဟာ သုတိသာယာသံတွေကို ဖေါ်





ကျူးလို့။ တချို့စကားလုံးတွေကတော့ ခပ်ထန်ကြမ်းကြုတ်မှုတွေကို သို့ဝှက်လို့ . . . ။ တချို့စကားလုံးတွေဟာ ကျေနပ်အားရတဲ့ရယ်သံတွေအဖြစ်ပြောင်းလဲပြီး တချို့စကားလုံးတွေကတော့ အလိုမပြည့်တဲ့ သက်ပြင်းချသံတွေအဖြစ် ဟန်ဆောင်လို့ . . . ။

စကားလုံးတွေ . . . .

စကားလုံးတွေ . . . .

ကျွန်တော်တို့ နေ့စဉ်အသုံးပြုနေကျ စကားလုံးတွေအပြင်၊ ကျွန်တော်တို့ သတိမမူမိတဲ့စကားလုံးများစွာဟာ ဝန်းကျင်တစ်ခိုမှာ လှည့်ပတ်စီးမြောနေကြတာနှစ်ပေါင်းများစွာကြာခဲ့ပေါ့ . . . တကယ်တော့ . . . ကျွန်တော်တို့ စာရေးသူတွေဆိုတာ စကားလုံးကောက်သူတွေပါ။ တနည်းအားဖြင့်တော့ စကားလုံးမုဆိုးတွေပေါ့။

လေထုထဲမှာ လွင့်မြောနေကြတဲ့စကားလုံးတွေကို ခံစားမှုပိုက်ကွန်နဲ့ ဖမ်းအုပ်ဆွဲယူပြီး စာမျက်နှာပေါ် ဖြန့်ကြဲလိုက်တဲ့အခါ . . .

တချို့က စိတ်ဝင်စားဖွယ်ဝါကျတွေအဖြစ် အချိုးတကျ လှပသွားတတ်ကြပြီး၊ တချို့ကတော့ စိတ်မကောင်းဖွယ် ပုံပျက်သေဆုံးသွားတတ်ကြပါတယ်။ အောင်မြင်သည်ဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com

ကျဆုံးသည်ဖြစ်စေ ကျွန်တော်တို့စာရေးသူတွေဟာ စကားလုံး ပဥ္စလက်အလုပ်တွေကို တခုတ်တရ လုပ်ဆောင်နေကြတုန်းပါ။

ကျွန်တော်ဟာ . . . ဟောဒီစာအုပ်ပါစကားလုံးတွေကို ကာလအတန်ကြာကတည်းက ကောက်ယူစုဆောင်းထားခဲ့တာပါ။ တချို့စကားလုံးတွေဟာ ကျွန်တော်ရဲ့ နေ့စဉ်လူနေမှုဘဝထဲက ထွက်ကျလာခဲ့တာဖြစ်ပြီး၊ တချို့စကားလုံးတွေကတော့ မိတ်ဆွေ သူငယ်ချင်းတွေရဲ့ အိပ်မက်တွေထဲက ခေတ္တငှားယူထားခဲ့တာပါ။

မျက်လှည့်ဆန်လှတဲ့ အဲဒီစကားလုံးတွေဟာ အမိပ္ပါယ် မျိုးစုံကို သိဝှက်လို့ကျွန်တော်အပေါ် လှည့်စားခဲ့ကြသလို ကျွန် တော်ရဲ့ ဦးတည်ချက်တွေကိုလည်း ဝေဝေဝါးဝါးဖြစ်စေခဲ့ပါ သေးတယ်။ ကျွန်တော်ဟာ သူတို့ကိုစာကြောင်းတွေအဖြစ် စီးဆင်းစေဖို့ ပင်ပန်းတကြီး အားထုတ်ခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ အားထုတ်မှုအပြီးမှာတော့။ သူတို့ရဲ့မူလအရပ်ဆီကို အသာ တကြည်ပဲ ပြန်ပို့ပေးလိုက်ပါတယ်။

f f f





(၂)

လေထဲမှာ . . .

သစ်ရွက်တွေပေါ်မှာ . . .

ခြံစည်းရိုးကြိုးတန်းနဲ့ ခါတ်တိုင်ထိပ်ဖျားမှာ . . .

စကားလုံးတွေ . . .။ စကားလုံးတွေ . . .။ တွေပြားတဲ့ အနက်အဓိပ္ပါယ်မျိုးစုံနဲ့ စကားလုံးတွေဟာ ကျွန်တော်တို့ကို ခပ်စူးစူးစိုက်ကြည့်နေကြရဲ့ . . .။

အခုဒီစာကို ရေးနေဆဲမှာပဲ စကားလုံးတွေက ကျွန်တော့်ကိုယ်ပေါ်ကို ခုန်တက်လို့ ကျွန်တော်တစ်ကိုယ်လုံးကို ဝါးမြိုသွားပါတော့တယ်။

(နေနော်)

၂၉-၀၅-၀၆



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ဝိစိမှုတ်သံ သုံးကြိမ်ကြားလျှင် ကျွန်တော့်အား သတိပေးကြစေလိုပါသည်။

သို့သော် . . .

ဝိစိသံမကြားမချင်းတော့ ကျွန်တော် ဆက်လက်ကစားနေပါဦးမည်။

ဂျ

Data File No. 1

www.burmeseclassic.com

www.burmeseclassic.com

# မျော်အတတ်နဲ့လုပ်ထားတဲ့ ကြေးမုံပေါ်ကရုပ်ပုံ

"လောက၌မရှိသင့်ဆုံးအရာ" ဟူသောမဂ္ဂဇင်း တစ်စောင်၏မေးခွန်းကို အဆိုတော်မလေးတစ်ယောက်က "မုသာဝါဒ" ဟုအဖြေပေးခဲ့ပြီး၊ လူရွှင်တော်တစ်ယောက်ကတော့ "အဝတ်အစား" ဟုမှတ်သားဖွယ်၊ ဖြေခဲ့ဘူးသည်။ သင်ဆိုရင်ကော ဘယ်လိုဖြေချင်ပါသလဲ။ ကျွန်တော်ကိုယ်တိုင်ကတော့၊ မရှိသင့်သောအရာဟူ၍ မရှိဟုထင်ပါသည်။ မဖြစ်မနေရွေးချယ်ရမည်ဆိုလျှင်တော့ထိုအရာမှာ မရှိခြင်းတရားသာဖြစ်သင့်သည်။





သို့သော် . . . ကျွန်တော်၌ မရှိသောအရာတို့က အတော်များများရှိနေပါသည်။

ကျွန်တော်တွင် ငွေစုစာအုပ်မရှိ . . .

ဘဏ်ချက်လက်မှတ်မရှိ . . .

တယ်လီဖုန်းပြောဖော်ကောင်မလေးနှင့် အီးမေးလ်မိတ်ဆွေမရှိ . . .

လူအထင်ကြီးခံချင်သော်လည်းအထင်ကြီးလောက် စရာအရည်အချင်းမရှိ . . .

ရင်ဘတ်ဖော်သူငယ်ချင်းမရှိ . . .

ဥပတိရုပ်မရှိ . . .

လိုက်လျောညီထွေဆက်ဆံရေးနှင့် ချိုသာသောစကားသံမရှိ။ လူမှုရေးလမ်းညွှန်မရှိ။ ကိုယ်ချစ်သော မိန်းကလေးကို အမှန်တကယ်ချစ်မြတ်နိုးခဲ့ကြောင်း ရင်ဖွင့်ပြစရာစကားလုံးနှင့် အခွင့်အရေးမရှိ။

ပြီးတော့ . . . . .

သတ္တိမရှိ . . .

ကျွန်တော့်မှာမရှိဆုံးကတော့ သတ္တိတွေပါပဲ။

ကျွန်တော်ဟာမရည်ရွယ်ဘဲစာရေးဆရာဖြစ်လာတာပါ လို့ဖွင့်ပြောရဲတဲ့သတ္တိမျိုး။ အတ္တနဲ့လောဘကြီးခြင်းဟာ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့မောင်းနှင်အားပဲလို့ ကြွေးကြော်ရဲတဲ့သတ္တိမျိုး။ အရက်မူးတဲ့အခါနဲ့ လိင်စိတ်ထကြွတဲ့အခါ အသိတရားတွေ ကင်းလွတ်သွားတတ်ပါတယ်လို့ ဝန်ခံရဲတဲ့သတ္တိမျိုး ပြီးတော့ ကိုယ်ချင်းစာတရား ခေါင်းပါးတာ၊ ကိုယ့်ပေါင်ပေါ်မကျသ၍ မီးပွားစစ်စစ်ဟုမသတ်မှတ်တာ၊ မာနကြီးသလိုလိုနဲ့ စိတ်ဓာတ်ပျော့ညံ့တတ်တာ။

အိမ်မှာမွေးတဲ့ခွေးကို အစာမှန်မှန်ကျွေးပေမယ့် တစ်ခါတစ်ခါ ဒေါသတကြီးရိုက်နှက်တတ်တာ။ သူများတွေ လက်ခုပ်တီးတိုင်း လိုက်ပြီးလက်ခုပ်မတီးတတ်တာ ညတိုင်းဘုရားမှန်မှန်မရှိခိုးဖြစ်တာ။

ဟို . . . ကောင်မလေးကို နှစ်ပေါင်းများစွာကြိတ်ပြီးချစ်နေခဲ့တာ အဲဒါတွေကို အမှန်အတိုင်း ထုတ်ဖော်ရဲတဲ့သတ္တိမျိုး ဘာကြောင့်မရှိခဲ့ရတာလဲ။ တကယ်ဆိုလူတစ်ယောက်ဟာလူသားဆန်တဲ့သတ္တိမျိုးတော့ ရှိသင့်လှပါတယ်။

သို့သော် . . . ကျွန်တော်သတ္တိနည်းခဲ့သည်မှာ သုံးဆယ်ရှစ်နှစ်တိုင်ခဲ့ပြီ။ သတ္တိနည်းသော်လည်း၊ သည်းခံခြင်း တရားကျတော့ ခေါင်းပါးလှပြန်သည်။ ဖြစ်သင့်သည်မှာ သတ္တိနည်းသူသည် ပိုမိုသည်းခံနိုင်သင့်၏။

သို့သော် . . .

တစ်စုံတစ်ရာကိုစိတ်ရှည်လက်ရှည် သည်းခံပေးနိုင်ဖို့ဆို





သည်မှာ တော်ရုံတန်ရုံပါရမီနှင့်မရကြောင်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင်ကျွန်တော်သဘောပေါက်နားလည်ထားခဲ့ သည်။

ကြယ်တွေစုံလျက် လမထွက်သောညများစွာကို သည်းမခံနိုင်သောကျွန်တော်သည် တစ်စုံတစ်ယောက်၏ တောင်စဉ်ရေမရစကားသံကို သည်းမခံနိုင်ပါ။ ဆိတ်နေသော နာရီတစ်လုံး၏ တကျိကျိ မြည်သံကိုနားမခံနိုင်ပါ။

ယုံကြည်ချက်မပါဘဲ ခေတ်မီတယ် အပြောခံချင်ရုံသက်သက်နှင့် စကားလုံး ဟစ်ဟောလုပ်သူများ၊ ဝေါဟာရဆေးဆိုးပန်းရိုက်လုပ်သူများ။ မော်ဒယ်လား၊ စာရေး ဆရာ၊ ဆရာမလားကွဲပြားသူများကို သည်းမခံနိုင်ပါ။

ပန်းမပွင့်သော ကန္တာရဆူးပင်များကိုသည်းမခံနိုင်ပါ။ မရှိသောဝါဒအား ခဝါချလိုက်ပြီဆိုသူများကို သည်းမခံနိုင်ပါ။

ဆရာဇော်ဇော်အောင်ရေးသော ဥုံဖွပီတာဇော်မြင့်၏ ညာဘက် လက်ကိုသည်းမခံနိုင်ပါ။ နပါတ်အတိအကျနှိပ်ထားလျက် ခေါင်းလောင်းသံမမြည်သောတယ်လီဖုန်းကိုသည်းမခံနိုင်ပါ။ သည်းမခံနိုင်ခြင်းကိုလည်း သည်းမခံနိုင်ပါ။

မြတ်စွာဘုရား . . . ကျွန်တော် သည်းမခံနိုင်တာတွေများပြားလှပါလား။

f f f



www.burmeseclassic.com

www.burmeseclassic.com



(၂)

တကယ်တန်း လိုအပ်မည်ဆိုလျှင် ကျွန်တော်သည် သူမကိုချစ်ခဲ့ကြောင်း၊ သုံးဆယ့်ခုနှစ်မင်းကို မယုံကြည်ခဲ့ ကြောင်း၊ မိမိ၏အတ္တနှင့် အနုပညာကိုသာ ကိုးကွယ်ခဲ့ကြောင်းဝန်ခံ လိုက်ဖို့ဝန်မလေးပါ။ သို့သော်လိုအပ်ပါရဲ့လား။ ကျွန်တော်ဟာ ကျွန်တော်ကိုယ်တိုင်ဟုတ်ရဲ့လားလို့ သံသယဖြစ်နေတာကြာပြီ။ မနေ့ကမိမိနှင့်ဒီနေ့မိမိ တူရဲ့လားလို့သင်ကိုယ်တိုင်ရော စဉ်းစား ဖူးပါရဲ့လား။ မိုင်တိုင်အမှတ် လေးဆယ်နားရောက်နေသော ကျွန်တော်ကတော့ လေးနှစ်အရွယ် ကျွန်တော်နှင့်လားလားမျှ မတူညီတော့ပါ။





လေးနှစ်သားအရွယ်ဖြူစင်မှုမျိုး ကျွန်တော်ခန္ဓာကိုယ်၌ မည်သူမျှရှာဖွေတွေ့ရှိလိမ့်မည်မဟုတ်တော့။ ဖြူစင်မှုတွေ ပျောက်ကွယ်သွားသည့်အတွက် ဝမ်းနည်းဖွယ်ကောင်းလှသော်လည်း ကျွန်တော်ကတော့နည်းနည်းမှဝမ်းမနည်းဖြစ်ခဲ့။ ကုန်ဆုံးသွားတဲ့အရာတွေအတွက် ဝမ်းနည်းတာထက်ပိုပြီးလက်တွေ့ကျကာ လေးနက်သောကိစ္စများ ကျွန်တော်ဘဝ၌ မြောက်များစွာ ရှိနေပါသည်။

သို့သော် . . . လောလောဆယ် မလုပ်ဖြစ်သေး။

ကျွန်တော်ကမြန်မာဘောလုံးအသင်းလို အထနေးကာ ဒီဇယ်အင်ဂျင်တစ်လုံးပမာ ( တမောကစ ) လုပ်ပေးဖို့ လိုအပ်သူဖြစ်သည်။ ကျွန်တော်၏ စိတ်အခြေအနေအတွက် အလွယ်ဆုံး ဥပမာမှာ ရေခဲသေတ္တာများ၌တပ်ဆင်ရလေ့ရှိသော (ဆေ့ဗ်ဂါဒ့်) များလိုပင်။ ကျွန်တော်၏တက်ကြွမှုများက ကြန့်ကြာချိန်တစ်ခုကို စောင့်ရမြဲဖြစ်သည်။

ထို့အတွက် မကြာခဏစိတ်ပျက်ခဲ့ရသော်လည်း လုံခြုံရေးအကာအကွယ်ဆိုတာ အဖိုးတန်အရာတွေမှာသာ တပ်ဆင်လေ့ရှိတာဟုရှာကြံစိတ်ဖြေရပါသည်။

သို့တိုင် . . . စိတ်ဖြေသော်လည်း မပြေနိုင်သည့်အရာအတော်များများကျွန်တော်တို့ဝန်းကျင်၌ တည်ရှိနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ . . . မွေ့ဝစ်ဖို့မသင့်သော အရာတွေရောပေါ့။ ကျွန်တော်က အလွယ်တကူမေ့လျော့တက်သူမဟုတ်သလို အလွယ်တကူလည်း စိတ်ပြေတတ်သူမဟုတ်ပါ။

"အလကားကောင်" . . .

ဟူသောတစ်စုံတစ်ယောက်၏ စကားသံကိုယနေ့တိုင် အောင်ကျွန်တော်မမေ့ပါ။ ပထမဆုံးစာလိုက်ပေးစဉ် ကောင်မလေးက ရိုင်းရိုင်းစိုင်းစိုင်း ပြန်လည်ဆဲဆိုသောအခါ ရပ်ကွက်လူကြီးနှင့် တိုင်ဖို့စိတ်ကူးမိဖူးကြောင်း ကျွန်တော်မမေ့ပါ။

ဘုရားအလောင်းတော်အား တောမိပင်နှင့် ချွေပလ္လင်မှ ဖယ်ရှားရန်ကြိုးစားခဲ့ဖူးသောမာရ်နတ်။ ခရစ်တော်အား ရောင်းစားရန်ကြံစည်ခဲ့ဖူးသော ပုဂ္ဂိုလ်။ စိဋ္ဌမာနုဉာဏ်နှင့် ယောကျ်ားရင့်မကြီးတချို့။ ၄င်းတို့ကိုကျွန်တော်မမေ့ပါ။

"မေ့လိုက်တော့" . . .

ဟုပြောခဲ့ဖူးသောရည်စားဟောင်းကိုကျွန်တော်မမေ့ ပါ။ တော့ခရတ္တိ၏ "အို . . . အေသင်မြို့သူမြို့သားအပေါင်းတို့" ဟူသော အာလုပ်သံကို ကျွန်တော်မမေ့ပါ။

"ခြေခင်းလက်ခင်း သာယာတဲ့တစ်နေ့ ရှင်နဲ့ကျွန်မ လမ်း အတူတူလျှောက်ကြတာပေ့ါ . . ." ဟူသော သူငယ်ချင်းမ တစ်ဦး၏စကားသံကို ကျွန်တော်မမေ့ပါ။ ရောင်နီလာတော့မယ်





အမျိုးသမီး။ ပွင့်လင်းရာသီကိုရောက်တော့မယ်။

သို့သော် . . .

ထိုသူငယ်ချင်းမမှာ ၄င်း၏စကားအတိုင်း အကောင်အထည်ဖော်နိုင်တော့မည်မဟုတ်သော အခြေအနေသို့ ပြောင်းလဲကျရောက်သွားခဲ့ပြီဖြစ်သည်။ မေ့ခြင်းနှင့် မမေ့ခြင်းအကြား။ မေ့နိုင်ခြင်းနှင့် မမေ့နိုင်ခြင်းအကြား လူတစ်ချို့က ကူးချည်သန်းချည်လုပ်နေတတ်ကြပြီး လူတစ်ချို့ကတော့တစ်နေရာထဲမှာသာ ကျောက်ချရပ်နေတတ်ကြ၏။

မိတ်ဆွေ . . . သင်ကော ဘယ်အမျိုးအစားမှာပါသလဲ။ ဖြစ်နိုင်မည်ဆိုလျှင် ကျွန်တော်အား တိုးတိုးတိတ်တိတ်အသိပေးစေလိုပါသည်။

f f f



www.burmeseclassic.com

www.burmeseclassic.com



(၃)

တွန်းဖွင့်လိုက်တိုင်း ခြိုးခြုံးချွတ်ချွတ်မြည်လေ့ရှိသော ပြူတင်းပေါက်တစ်ပေါက်ကို လွန်ခဲ့သည့်နှစ်အနည်းငယ်က ကျွန်တော်ပိုင်ဆိုင်ခဲ့ဖူးသည်။ ခပ်ညံ့ညံ့လက်သမားတစ်ယောက်၏လက်ရာဖြစ်သော ထိုပြူတင်းပေါက်သည် ဖွင့်လိုက်သည့်အခါတိုင်းကျွန်တော့်အား စိတ်အနှောင့်အယှက်ပေး တတ်မြဲဖြစ်သည်။ မပွင့်ချင်ပွင့်ချင်နှင့် ခပ်ဟဟပွင့်လေ့ရှိသော ထိုပြူတင်းတံခါးကြောင့် ပြင်ပရှုခင်းများအား ကြည့်ရှုရန် ကျွန်တော်ဘယ်တုန်းကမှ အဆင်မပြေခဲ့ပါ။ ထိုကြောင့် နောက်ပိုင်း၌ ထိုပြူတင်းပေါက်အား ကျွန်တော်အသေပိတ် ထားလိုက်ရတော့၏။





တစ်ခါတစ်ခါတော့လည်း မေ့လျော့ခြင်းမဟုတ်သည့် တမင်လစ်လျူရှုခြင်းကို ထိုသို့ပင် ကျွန်တော်အသုံးပြုရတတ်ပါသည်။

သို့သော် . . မကြာခဏ တမင်လစ်လျူရှုရဖန်များလာသဖြင့် အလွယ်တကူ ဥပေက္ခာပြုတတ်လာတာမျိုးတော့ ဘယ်လိုမှမကောင်းလှပါ။ ဝင်္ကလည်တယ်ပဲထင်ပါရဲ့ ကံကြမ္မာကလည်းမကြာခဏဆိုသလို ကျွန်တော့်အား လစ်လျူရှုတတ်ခဲ့သည်။ ပုစ္ဆာအားလုံးကို အသေအချာဖြေဆိုနိုင်ပါလျက် ခုံနံပါတ်မတပ်မိသော ကျောင်းသားတစ်ယောက်၏ ကံဆိုးမှုမျိုးဖြင့် ဘဝမှာကြိမ်ဖန်များစွာ ကျွန်တော်ကံဆိုးခဲ့၏။

ကံကြမ္မာသည် ကျွန်တော့်အားအကြိမ်ကြိမ် မျက်နှာလွှဲခဲ့ဖူးပါသည်။ အထူးသဖြင့်တော့ အချစ်ရေးနဲ့ လူမှုရေးနယ်ပယ်တွေမှာပါ။

ချစ်ဦးသူကို ချစ်ကြောင်းပြောခွင့်ရလောက်အောင် ကျွန်တော်ကံမကောင်းခဲ့သလို၊ ရင်ဘတ်ဖေါ်သူငယ်ချင်းမျိုးကိုလည်းရှာဖွေမဆွဲဆောင်နိုင်ခဲ့ပါ။ ကိုယ့်အပေါ် အထင်လွဲမှားနေသူတစ်ယောက်အား အမြင်ရှင်းသွားအောင် ရင်ဖွင့်ရှင်းပြခွင့်မျိုးကို ကျွန်တော်ဘယ်တုန်းကမှမရခဲ့။

အချစ်ဟူသော ဝေါဟာရနှင့် လူမှုရေးဟူသောစကား



www.burmeseclassic.com

www.burmeseclassic.com



လုံးကို အသံထွက်မှန်မှန်နှင့်ရွတ်ဆိုတတ်အောင် နှစ်ပေါင်းများစွာကြိုးစားခဲ့သော်လည်း ယနေ့တိုင်အောင်အဆင်မပြေသေးပါ။ ကံကြမ္မာသည် ၎င်း၏မှတ်ဉာဏ်ကာဒ်ပြား၌ ကျွန်တော့် အမည်ကို ထည့်သွင်းရေးသားထားပုံမရ။

(မာရီယာရေ . . . အဲဒီလိုနဲ့ပဲ ဟောဒီခပ်ညံ့ညံ့ကောင်ဟာ . . . အကြိမ်ကြိမ်အခါခါ လွဲချော်နေအုံးမှာ ထင် ပါရဲ့ . . . )

f f f





(၄)

အကယ်၍ဝီစီမှုတ်သံ သုံးကြိမ်ကြားလျှင် ကျွန်တော့်အားသတိပေးကြစေလိုပါသည်။ သို့သော် . . . ဝီစီသံမကြားမချင်းတော့ကျွန်တော် ဆက်လက်ကစားနေပါအုံးမည်။ လိုအပ်လို့အချိန်ပိုကန်သင့်လည်းကန်ပါမည်။ အထူးတလည်သတိပေးလိုသည်မှာ အသန့်ရှင်းဆုံးဆုအား ကျွန်တော်၏ ပြိုင်ဘက်သို့ ယောင်များ၍ မပေးမိကြရန်ဖြစ်သည်။

f f f



www.burmeseclassic.com

www.burmeseclassic.com

(၅)

ပထမပိုင်း မပြီးခင်ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လည်ဆန်းစစ်ကြည့်တော့ အောက်ပါအတိုင်း အဖြေထွက်ပါသည်။

ကျွန်တော်သည် မရှိခြင်းတရားတို့နှင့် ပြည့်နှက်ကာ သတ္တိနည်း၍ အရာရာကိုသည်းခံစိတ်မရှိသူ။ ပွဲကစားဖို့ အထနေးသလောက် တစ်စုံတစ်ရာကို မေ့လျော့စိတ်ဖြေဖို့ ခက်ခဲကာ တစ်ခါတစ်ရံ ဥပေက္ခာပြုတတ်သူ။

တနည်းအားဖြင့် ကျွန်ုပ်တော်ဆုတောင်းအမှားနှင့် နေရာအမှားသို့လွဲမှားစွာရောက်ရှိနေသော အရာတစ်ခုဖြစ်နိုင်သလို လောကဌ် မရှိသင့်ဆုံးအရာတစ်ခုလည်း ဖြစ်နိုင်ပါသေးသည်။

f f f


www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့ .....

ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုသာ ဟိုအရင်ကအတိုင်း ကျန်နေဦးမယ် ဆိုရင်တော့ ကျွန်တော်ဟာ ကမ္ဘာကျော်မယ့် ဓာတာစ်ပုဒ်ရဲ့ ဖန်တီးရှင်အဖြစ်ကို အသေအချာ ရောက်ရှိသွားမှာပဲ...

## Data File No. 2

www.burmeseclassic.com

www.burmeseclassic.com

# စကားလုံးတွေတပ်ဆင်ထားတဲ့ ထောင်ချောက်

နွေရောက်ပြီဆိုတာနဲ့ ကျွန်တော်တို့ မြို့သစ်လေးရဲ့ ကတ္တရာလမ်းမတွေဟာပျော့အိလို့ တံလျှပ်တွေတရှိန်ရှိန် ထလာတော့တာပဲ။ စွေစောင်းနေတဲ့ဓါတ်တိုင်ထိပ်ဖျားမှာ မျက်စေ့လည်လမ်းမှားပြီးလာနားတတ်တဲ့ငှက်တစ်ကောင်တစ်လေနဲ့ မနိုင်ဝန်ကိုထမ်းပြီး တအိအိငြီးငြူဖြတ်မောင်းသွားတတ်တဲ့ ဗိုက်ပူဘတ်စ်ကားတစ်စီးတစ်လေကလွဲရင် နွေနေ့လည်ခင်းရဲ့ မြို့သစ်လေးဟာ ပူပြင်းတိတ်ဆိတ်နေလေရဲ့။





မြေနီလမ်းသွယ်လေးတွေကတော့ သူတို့အရေပြားထဲက ရေဓါတ်တွေကို အပူခိုးတွေအဖြစ် အလျှံငြီးငြီးထုတ်ပစ်ရလွန်းလို့ ခြောက်သွေ့ကွဲအက်လာကြတယ်။

မိုးတွင်းတစ်တွင်းလုံး "ငါးမပက်ရ" ဆိုင်းဘုတ်စိုက်ထားရတဲ့ လမ်းဘေးရေမြောင်းတွေနဲ့ တစ်ရပ်ကွက်လုံးကဘဲတွေလာရောက်ပျော်မြူးရာ ရေအိုင်ကြီးကတော့ ပက်ကြားအက်တွေ အရစ်အရစ်ထလို့ ပြောင်းလဲခြင်းဆိုတာ ဒါပဲကွလို့ လူသားတွေ ကြားအောင်ငြီးတွားနေပုံပါ။

စူးလက်တဲ့နေရောင်ခြည် ထိမှန်ခံရလွန်းလို့ ညိုမဲရှို့တွနေတဲ့ အိမ်မိုးခနိတွေဟာ ချွန်ထက်တဲ့သူတို့ရဲ့ အဖျားတွေကိုကော့လို့ တစ်စုံတစ်ရာကို ခြိမ်းခြောက်နေကြလေရဲ့။

တကယ်လို့ နေ့တစ်နေ့ဟာ နှစ်ဆယ့်လေးနာရီ မဟုတ်ဘဲ လေးဆယ့်ရှစ်နာရီသာဖြစ်ခဲ့ရင် အဲ့ဒီခြိမ်းခြောက်မှုဟာ အသေအချာကိုအောင်မြင်သွားတော့မှာပါ။ ဒါပေမယ့် ကံကောင်းထောက်မစွာ တစ်နေ့မှာခြောက်နာရီလောက်ပဲ နေရောင်ခြည်ဟာ အပူပြင်းဆုံးလောင်မြိုက်နိုင်ခဲ့တဲ့အတွက် သဘာဝတရားကြီးရဲ့ ငဲ့ညှာမှုကို ကျေးဇူးတင်ရပါသေးတယ်။

မြင်းကွင်းအားကစားကွင်းနဲ့ ရေကူးကန်ဘက် ရွေ့လျားရောက်ရှိလာတဲ့လေထုဟာ လတ်ဆတ်ပေမယ့်၊ အပူငွေ့



www.burmeseclassic.com

www.burmeseclassic.com



တွေတင်ဆောင်လာလို့ ဖြိုးဖြိုးဖျစ်ဖျစ် မြည်နေကြတယ်။ မွန်းလွဲသွားပြီဖြစ်ပေမယ့် အပူရှိန်ကတော့တစ်ငွေ့ငွေ့ ဆက်လက်လောင်မြိုက်နေတုန်းပဲ။

ပူလွန်းလို့ ကျွန်တော့်ခေါင်းထဲက စကားလုံးတွေဟာ အငွေ့ပျံသွားမှာတောင် စိုးရိမ်ရပါတယ်။ လောလောလတ်လတ်ချရေးတော့မယ့်ဝတ္ထုတစ်ပုဒ်အတွက် ကျွန်တော်ဟာ အဲဒီစကားလုံးတွေကို လွန်ခဲ့တဲ့လအနည်းကတည်းကကြိုတင် စုဆောင်းထားခဲ့တာပါ။ တိတိကျကျပြောရရင် လပေါင်းနှစ်ဆယ်ကျော်လောက်ကတည်းကပါ။

ကျွန်တော်ဟာ လနှစ်ဆယ်လုံးလုံးစာတစ်ပုဒ်မှ အောင်အောင်မြင်မြင်ချမရေးနိုင်ခဲ့ဘူး။ ဒီလိုဖြစ်ရတာဟာ ပူပြင်းလိုက်၊ အေးမြလိုက်၊ စိုစွတ်လိုက် အမျိုးမျိုးပြောင်းလဲနေတဲ့ ရာသီဥတုကြောင့်လို့ ဆင်ခြေပေးလို့ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် ကျွန်တော်ဟာ အပြစ်မဲ့တဲ့ရာသီဥတုအပေါ် အပြစ်ပုံချတဲ့အလုပ်မျိုးကို တော့ နည်းနည်းမှ လုပ်လိမ့်မယ်မဟုတ်ဘူး။ ကျွန်တော် စာမရေးနိုင်ခဲ့တာဟာ ကျွန်တော့်ရဲ့ စိတ်ခွန်အားတွေလျော့ရဲနေခဲ့လို့ပါ။

လွန်ခဲ့တဲ့ လနှစ်ဆယ်ရဲ့ အစောပိုင်းကာလတွေကတည်းက ကျွန်တော့်စိတ်တွေဟာ ရှုပ်ထွေးနောက်ကျိနေခဲ့သလို ကျွန်တော့်ခေါင်းထဲမှာလည်း ဟာလာဟင်းလင်း ဖြစ်နေခဲ့တယ်။





ဘာကိုမှ ဖန်တီးချင်စိတ်မရှိသလို၊ ဘာကိုမှလုပ်ချင်စိတ် မရှိလောက်အောင်ပါပဲ။

ဆေးပညာစာအုပ်တွေရဲ့ ကျေးဇူးကြောင့် ဒါဟာ စိတ်ကျရောဂါလို့ ကျွန်တော်အကြမ်းဖျင်းနားလည်နိုင်ခဲ့ပေမယ့် ခပ်လွယ်လွယ်တော့ မတိုက်ဖျက်နိုင်ခဲ့ဘူး။ ပြီးတော့ စာရေးတယ်ဆိုတာကလည်း တစ်ခါတုန်းက ကျွန်တော်ပြောခဲ့ဖူးသလိုပါပဲ။

ကော်ဖီခါးခါးတစ်ခွက်ဖျော်သလို . . .

ရှပ်အင်္ကျီတစ်ထည် ချုပ်သလို . . .

ဆယ့်ငါးမိနစ်အမြန်လိုင်စင်ဓါတ်ပုံတစ်ပုံရိုက်သလို . .

စက်ဘီးကျွတ်ဖာသလို . . .

ခုနှစ်လွှာပေါက်စီလုပ်သလို၊ အတတ်ပညာရှိရုံနဲ့ ထလုပ်လို့ရနိုင်တဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။

(ဒီကိစ္စဟာ . . . တစ်လကို သုံးအုပ်လောက် ရေးနိုင်ထုတ်နိုင်တဲ့ အရိပ်တစ္ဆေစာရေးဆရာတွေနဲ့ မပတ်သက်ဘူးဆိုတာကိုတော့ တင်ကြိုအသိပေးထားပါရစေ။တကယ်တော့သူတို့ဟာ စာရေးဆရာမဟုတ်ပါဘူး။ အပေါစား စာမျက်နှာတွေနဲ့ စီးပွားရှာနေတဲ့ စာပေဈေးသည်တွေပါ။)

ကျွန်တော့်ခေါင်းထဲမှာ ဘယ်လောက်ပဲ ကမ္ဘာကျော်မယ့်အကြောင်းအရာမျိုးတွေရှိနေပါစေ၊ ခံစားမှုတွေ မနိုးထခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအကြောင်းအရာကို စာမျက်နှာပေါ် ရွေ့လျားစီးဆင်းသွားစေဖို့ကိစ္စဟာ၊ အတော့်ကိုခက်ခဲပင်ပန်းလှပါတယ် . . . .

မွန်းကြပ်မှုတွေနဲ့ လေးလံနေတဲ့ ကျွန်တော့် ခေါင်းကြီးကို ရိုက်ခွဲလိုက်လို့ ဖွာဖွာအရာတွေသာ ထွက်လာချင်လာမယ် အဲ့ဒီအကြောင်းအရာကတော့ ထွက်လာမှာမဟုတ်ဘူး ငုတ်လျှိုးပျောက်ကွယ်နေမှာပါ။

ဒါပေမယ့် အခုလောလောဆယ်မှာတော့ ကမ္ဘာမကျော်တောင် မြန်မာပြည်လောက်တော့ ကျော်ကြားမယ့်ဝတ္ထုတစ်ပုဒ်ကို ကျွန်တော်မဖြစ်မနေချရေးရပါတော့မယ်။ ကျွန်တော့် အိမ်ရှင်မဟာ ကျွန်တော့်ခေါင်းထဲက စကားလုံးတွေကို ရေစိုအဝတ်ကို ညှစ်ချသလို ညှစ်ချနေစေချင်တဲ့အပြင် သူငယ်ချင်းအယ်ဒီတာတစ်ယောက်ကလည်း စာမူတစ်ပုဒ်ကို တဂျီဂျီတောင်းနေလေရဲ့။

ပြီးတော့ . . .

မိတ်ဆွေတစ်ချို့ကလည်း စာမရေးတဲ့ ကျွန်တော့်ကို အထင်သေးတဲ့မျက်လုံးတွေနဲ့ ချိန်ရွယ်ပစ်ခတ်ဖို့ အဆင်သင့်ဖြစ်နေကြပြီ။ ဒါကြောင့် စာတစ်ပုဒ်ကို အမြန်ဆုံးချရေးဖို့ လွန်ခဲ့တဲ့လနှစ်ဆယ်လောက်ကတည်းက ပြင်ဆင်ထားခဲ့ရတာပါ။

ကျွန်တော့်အတွက် ကံကောင်းထောက်မမှု တစ်ခုကတော့ ကျွန်တော့်ခေါင်းထဲကို ကြိုတင်ရောက်ရှိနေကြတဲ့





စကားလုံးနဲ့ ဝါကျအတိုအထွာတွေပါ။ အဲ့ဒါတွေကို စုဆောင်းထားမိတာဟာ ကျွန်တော့်အတွက်တော့ ဘုရားမတာပဲ။

အဲ့ဒီစကားလုံးနဲ့ဝါကျတိုတွေကို လိမ္မာပါးနပ်စွာ ဂရုတစိုက်ဆွဲထုတ်နိုင်ဖို့တော့ အထူးလိုအပ်လှပါတယ်။ တကယ်လို့ ကျွန်တော့်ရဲ့ကျွမ်းကျင်မှုသာ ဟိုအရင်ကအတိုင်း ကျန်ရှိနေအုံးမယ်ဆိုရင်တော့ ကျွန်တော်ဟာ ကမ္ဘာကျော်မယ့် စာတစ်ပုဒ်ရဲ့ ဓန်တီးရှင်အဖြစ်ကို အသေအချာရောက်ရှိသွားမှာပဲ။

ဒါပေမယ့်ခက်နေတာတစ်ခုက ဘယ်အကြောင်းအရာနဲ့ဘယ်ဝါကျတွေကို ဘယ်လိုပုံစံနဲ့ ဆွဲထုတ်ရမလဲ စဉ်းစားလို့မရတဲ့ ကိစ္စပါ။ ရာသီက ပူပြင်းရတဲ့ကြားထဲ) ဦးနှောက်တွေပွက်ပွက်ဆူအောင် ဖျစ်ညှစ်စဉ်းစားပေမယ့် ဝတ္ထုရေးဖို့ ဘယ်လိုဝါကျမျိုးမှ စီးဆင်းမလာခဲ့ဘူး။ ဝါကျတွေအစား စကားလုံးတစ်ခုံသာ ကျွန်တော့်ရှေ့ကို ဒေါက်ခနဲပြုတ်ကျလာတယ် . . . . .

f f f



www.burmeseclassic.com

www.burmeseclassic.com



(၂)

(က) အဝေးကြည့်မှန်ပြောင်း

(ခ) မာယာ

စကားလုံးတွေရဲ့ နက်နဲသိမ်မွေ့မှုကို အချိန်အတော်ကြာကြာလေ့လာခဲ့ဖူးပေမယ့် ကျွန်တော့်ရှေ့က စကားလုံးတစ်ခုကိုတော့ နားမလည်နိုင်ခဲ့ဘူး။ အတော့်ကို အဆက်အစပ်ကင်းမဲ့ပြီး၊ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေ မှုလွဲချော်လွန်းလှပါတယ်။ အခုလို စာရေးဖို့ကြိုးစားနေတဲ့ အချိန်မျိုးမှာ "အတွေးအခေါ်" ပါတဲ့စကားစုတွေသာ ထွက်ပေါ်လာသင့်တာပါ။





ခုတော့မဆီမဆိုင် စကားလုံးတစ်စုံက ကျွန်တော့်ရဲ့ အတွေးစီးကြောင်းတွေကို လမ်းချော်စေခဲ့ပြီ။ ကျွန်တော်တို့ဟာ စကားလုံးတစ်လုံးကိုကြားတာနဲ့ အဲ့ဒီစကားလုံးက ပို့ဆောင်တဲ့အနက်အဓိပ္ပါယ်ဆီကို အလွယ်တကူပဲ ရောက်ရှိသွားလေ့ရှိကြတယ်။ ဒါဟာ . . . ဘာသာဗေဒရဲ့ ခွန်အားဖြစ်သလို စကားလုံးတွေရဲ့ သိမ်မွေ့နက်နဲမှုလည်းဖြစ်တယ်။ အခုလည်း အဝေးကြည့်မှန်ပြောင်းဆိုတဲ့ စကားလုံးကြောင့် သူ့ဖော်ဆောင်တဲ့ အသွင်သဏ္ဌာန်ကို တန်းခနဲမြင်လာသလို ကျွန်တော့်မှာ ရှိတဲ့ ရှေးဟောင်းစစ်သုံးမှန်ပြောင်းအိုးကြီးကိုပါ ဖြတ်ခနဲ သတိရလိုက်မိတယ်။

(က) လွန်ခဲ့တဲ့ နှစ်အတန်ကြာကတည်းက မှန်ပြောင်းအိုကြီးတစ်လက်ကို ကျွန်တော်ပိုင်ဆိုင်ထားခဲ့သလို မကြာခဏလည်း အသုံးပြုခဲ့ဖူးတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့ စိတ်ဓါတ်တွေတစ်စစီပြိုကွဲနေတဲ့ အချိန်မျိုးတွေမှာ ပိုပြီးအသုံးများခဲ့ပါရဲ့။

ကျွန်တော်ဟာ အဲ့ဒီအချိန်တွေမှာ အားငယ်စိုးရွံ့နေတတ်လို့ လောကကြီးကို ပကတိမျက်စိနဲ့ မကြည့်ရဲတဲ့ အတွက် ကိုယ်ကြည့်ချင်တဲ့မြင်ကွင်းလေးကိုပဲ မှန်ပြောင်း အကူအညီနဲ့ ဘောင်ခတ်ကြည့်ခဲ့မိဟန်တူပါရဲ့။ တကယ်တော့ မှန်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်ရဲ့အနှစ်သာရကိုက ကိုယ်လိုချင်တာကို ဆွဲယူကြည့်ရှုဖို့ပဲမဟုတ်လား။

လူတစ်ယောက်ဟာ ဘဝမှာ တစ်ကြိမ်လောက်ဖြစ် ဖြစ်၊ လောကကြီးကို မှန်ပြောင်းတစ်လက်ရဲ့ နောက်ကွယ်ကနေ ချောင်းမြောင်းကြည့်ရှုဖူးသင့်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ဟာ မှန်ပြောင်းတစ်လက်ရဲ့ အကူအညီနဲ့ တစ်စုံတစ်ရာကြောင့် ပူဆွေးနေရတဲ့ အမျိုးသမီးတစ်ယောက်ကိုဖြစ်စေ၊ ကောင်းကင်ပေါ်မှာပျံဝဲရင်း အစာချောင်းနေတဲ့ ငှက်ဆိုးတစ်အုပ်ကိုဖြစ်စေ . . . အဝါရောင်လိပ်ပြာ တစ်ကောင်ကိုဖြစ်စေ . . .

ယုတ်စွအဆုံး . . . ခြံစည်းရိုး တစ်ခုခုကိုဖြစ်စေ . . .

ဘာကိုမဆိုတွေ့မြင်နိုင်မယ့် အခွင့်အလမ်းတွေဟာ မှန်ပြောင်းတစ်လက်ရဲ့ နောက်ကွယ်မှာ အဆင်သင့်ရှိနေတယ်လို့ ကျွန်တော်ပြောရင်ယုံကြပါ။

မဟာမိတ်တွေ စစ်နိုင်တာဟာ သူတို့ရဲ့မှန်ပြောင်းတွေပိုမိုကောင်းမွန်လို့ဖြစ်တယ်ဆိုတဲ့ အဆိုကိုဘယ်သူမှ မတင်သွင်းခဲ့ကြပေမယ့်ကျွန်တော်ကတော့ အဲ့ဒီအတိုင်းဖြစ်ခဲ့လိမ့်မယ်လို့ ယုံကြည်တယ်။ တစ်စုံတစ်ယောက်ဟာ မှန်ပြောင်းတစ်လက်ရဲ့ အကူအညီနဲ့ ကြယ်တာရာအသစ်တစ်လုံး ကိုရှာဖွေတွေ့ရှိနိုင်ခဲ့





သလို၊ ကျွန်တော်လည်း ဝတ္ထုတိုတစ်ပုဒ်ကို မှန်ပြောင်းအိုကြီးကြောင့် လက်ဆောင်ရရှိခဲ့ဖူးတယ်။

အဲ့ဒီမှန်ပြောင်းအိုကြီးကို ခုလောလောဆယ် ကျွန်တော် အသုံးမပြုဖြစ်တာ အတော်ကြာပါပြီ။ အချိန်အကန့်အသတ်မရှိ အသုံးမပြုဖို့ ကျွန်တော်ဆုံးဖြတ်ထားခဲ့တယ်။ ဆုံးဖြတ်ဖြစ်စေခဲ့တဲ့ အကြောင်းရင်းကတော့ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခုကြောင့်လို့ဆိုနိုင်သလို အမျိုးအမည်မဝေခွဲနိုင်တဲ့ စိတ်ခံစားမှုတစ်ခုကြောင့်လို့လည်း သတ်မှတ်နိုင်ပါတယ်။

အနည်းငယ်ရှုပ်ထွေးလှတဲ့ အဲ့ဒီအဖြစ်အပျက်ဟာ၊ ဟောဒီမြို့သစ်လေးကို ကျွန်တော် စတင်ရောက်ရှိချိန်က ဖြစ်ပျက်ခဲ့တာပါ။ အဲ့ဒီတုန်းက မြို့သစ်လေးရဲ့ နေ့ရက်တွေဟာ အခုအချိန်လိုပဲ နွေလယ်ရန့်နဲ့ ပူပြင်းလောင်ကျွမ်းနေခဲ့ပြီး နေ့လည်နေ့ခင်း၊ လမ်းတွေပေါ်မှာ လူသူလေးပါးကင်းရှင်းပုံကလည်း အခုအတိုင်းပါပဲ။

စာမရေးနိုင်ဘဲ စိတ်ဓါတ်တွေ ရှုပ်ထွေးလေးလံနေတဲ့ ကျွန်တော်ဟာ ပြောင်းရွှေ့ရောက်ရှိကာစ မြို့သစ်လေးရဲ့ နေ့လည်ခင်းကို နှစ်ထပ်အိမ်မြင့်ကြီးရဲ့ ဝရံတာကနေ မှန်ပြောင်းအိုကြီးနဲ့ ချောင်းမြောင်းအကဲခတ်ခဲ့တယ်။

မြင်ကွင်းတွေက ပူပြင်းသွေ့ခြောက်ပြီး၊ စိတ်ဝင်စားစရာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုမှ မရှိပေမယ့် ကျွန်တော်စိတ်မပျက်ခဲ့ဘူး။ မှန်ပြောင်းကို ဘေးတိုက်ဖြည်းဖြည်းချင်းဆွဲယူပြီး ကျွန်တော်ဆက်ကြည့်နေမိတယ်။

အလျှံငြီးငြီးထပြီး စိုလက်နက်ပြောင်နေတဲ့ ကတ္တရာလမ်းမ။

အဲ့ဒီနောက် . . နေလှမ်းခံထားရတဲ့ အိမ်ခေါင်မိုးနဲ့ ဓါတ်ကြိုးတန်းများ . . .

ပြီးတော့ ခြောက်သွေ့တဲ့ အုန်းလက်များထက်က ကျီးကန်းမိသားစုတစ်စု . . . ကျွန်တော့်မှန်ပြောင်းကို နည်းနည်းလေးထပ်ရွှေ့လိုက်တော့ သပ်ရပ်သန့်ရှင်းတဲ့အိမ်ခြံဝန်း တစ်ခုက ကျွန်တော့်မြင်ကွင်းထဲဝင်လာတယ်။

အုတ်တံတိုင်းတွေ ကာရံထားတဲ့ တစ်ထပ်တိုက် ကလေးပါ။ တိုက်ဘေးမှာ အဖြူရောင်ကားတစ်စီးရပ်ထားပြီး၊ တိုက်ရှေ့ ဒန်းဖြူဖြူလေးပေါ်မှာတော့ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦး။ အမျိုးသမီးက အသက်အစိတ်ဝန်းကျင်လောက်ဖြစ်ပေမယ့်၊ အမျိုးသားကတော့ အသက်ငါးဆယ်ကို အတော်စွန်းခဲ့ပုံပါ။

ကျွန်တော့် မှန်ပြောင်းကို တစ်ခြားနေရာ ဆက်လက်မရွှေ့ရှားနိုင်တော့ဘဲ သူတို့ဆီမှာပဲ စိတ်ဝင်တစား ရပ်တန့်သွားခဲ့တယ်။ ကျွန်တော့်ကို ညို့ငင်ဖမ်းစားလိုက်တာက သူတို့ရဲ့ အသက်ကွာခြားမှုမဟုတ်သလို၊ ပြေပြစ်လှတဲ့သူတို့ရဲ့ ရုပ်ဆင်းအင်္ဂါတွေလည်း မဟုတ်ဘူး။ ကျွန်တော့်ရဲ့ စိတ်ဝင်စားမှုကို သိတ်လန့်တကြားမြင့်တက်သွားအောင် ဆွဲဆောင်လိုက်တာက သူတို့နှစ်ဦးရဲ့ အပြုအမူပါ။

အမျိုးသားကြီးက ဘေးတိုက်အနေအထားနဲ့ အမျိုးသမီးရဲ့လည်ပင်းကိုညှစ်ထားပြီး အမျိုးသမီးကတော့ ရုန်းတန်ခြင်းမပြုသလို၊ တစ်ဘက်ကိုလည်း မျက်နှာချင်းမဆိုင်ဘဲ၊ သတ်ချင်သတ်ပစ်လိုက်ဆိုတဲ့ ပုံစံမျိုးနဲ့ခါးကိုဆန့်ပြီး ခေါင်းကိုမော့ထားတယ်။ ကျွန်တော့်သွေးခုန်နှုန်းတွေ ရုတ်တရက် ဆောင့်တက်သွားပြီး၊ ရင်တွေတလှပ်လှပ် တုန်ခါလာတယ်။

တကယ်ဆို ကျွန်တော် အပါအဝင်ဘယ်သူ တစ်ဦးတစ်ယောက်မှ ကိုယ့်ရှေ့မှာလူသတ်မှုတစ်ခု ကျူးလွန်ဖို့အားထုတ်နေတာကို ဒီအတိုင်းထိုင်ကြည့်နေဖို့ မသင့်တာအမှန်ပါ။ အရေးပေါ်ဖုန်းနံပါတ်တစ်ခုခုကို စဉ်းစားလို့ မရရင်တောင်မှ အနီးပတ်ဝန်းကျင်က လူတွေသိအောင် အော်ဟစ်သတိပေးသင့်လှပါတယ်။

ဒါပေမယ့် . . .

ညံ့ဖျင်းလှတဲ့ ကျွန်တော်ဟာ မြင်ကွင်းရဲ့ညို့ငင်မှုမှာ ငြိသက်ပြီးကြက်သေသေနေမိတယ်။ ဝင်းဖန့်တဲ့ အမျိုးသမီးရဲ့မျက်







www.burmeseclassic.com

www.burmeseclassic.com

နှာဟာ တဖြည်းဖြည်းနီရဲလာလို့ သိပ်မကြာခင်အချိန်အတွင်းမှာ အမျိုးသားကြီးရဲ့ အားထုတ်မှုထမြောက်အောင်မြင်တော့မယ်ဆိုတာကို ကျွန်တော်ခန့်မှန်းလိုက်မိတယ်။

ဒါကြောင့် မှန်ပြောင်းကိုချပြီး တစ်ခုခုလုပ်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီအချိန်မှာပဲ အခြေအနေတွေက ရုတ်တရက်ပြောင်းလဲသွားပါတော့တယ်။ အမျိုးသားကြီးဟာ အမျိုးသမီးရဲ့လည်ပင်းပေါ်က သူ့လက်နှစ်ဖက်ကို ဖယ်ရှားလိုက်ပြီး အဲ့ဒီလက်ဝါးနှစ်ဖက်နဲ့ သူ့မျက်နှာကိုအုပ်လို့ ခေါင်းငိုက်စိုက်ချလိုက်တယ်။ အမျိုးသမီးကတော့ တောင်းတင်းနေတဲ့ သူမရဲ့ ခန္ဓာကိုယ်အနည်းငယ်ပြေလျော့သွားတာကလွဲလို့ စောစောက အတိုင်းငူငူကြီးဆက်ထိုင်နေလေရဲ့။

တအောင့်ကြာတော့ အမျိုးသားဟာ ထိုင်ရာကထလို့ ခေါင်းငိုက်စိုက်နဲ့ ကားအဖြူလေးဆီလျှောက်သွားပြီး ကားပေါ်တက်ကာ ခြံထဲကမောင်းထွက်သွားပါတယ်။ အနည်းငယ်ရှုပ်ထွေးတယ်လို့ ဝိသေသပြုခဲ့တဲ့ ကျွန်တော့်ရဲ့ဖြစ်စဉ်ဟာ အဲ့ဒီနည်းနဲ့စတင်ခဲ့တာပါ။

ကျွန်တော်ဟာ အဲ့ဒီနေ့ အဲ့ဒီအချိန်ကစလို့ အဲ့ဒီခြံဝန်းထဲကိုမှန်ပြောင်းတစ်လက်နဲ့ မကြာခဏ (တစ်ခါတစ်ရံ နေ့စဉ်





ရက်ဆက်) ကြည့်ရှုခဲ့မိတယ်ဆိုရင် ဒါဟာမလုပ်သင့်တဲ့ကိစ္စလို့ တစ်စုံတစ်ယောက်က အပြစ်တင်လိုပါသလား။ ဒါပေမယ့်အပြစ်တင်သည်ဖြစ်စေ၊ ကောင်းချီးပေးသည်ဖြစ်စေ အခုအချိန်မှာ အများကြီးနောက်ကျသွားခဲ့ပါပြီ။ ကျွန်တော်ဟာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ အဲဒီစုံတွဲရှိရာ ခြံဝန်းထဲကို နေ့တိုင်း နီးပါးမှန်ပြောင်းတစ်လက်နဲ့ ချိန်ရွယ်ကြည့်ရှုဖြစ်ခဲ့တယ်။

ဒီနေရာကစလို့ ကျွန်တော်ကြည့်ရှုခဲ့ပုံတွေကို အသေးစိတ်မတင်ပြတော့ဘဲ၊ မှန်ပြောင်းကတဆင့် သိမြင်ခဲ့တာတွေ ကိုပဲ အကြမ်းဖျင်းပြောပြသွားပါမယ်။ အသားအရည်ဝင်းဖန့်ပြီး ချောမောလှပတဲ့ အမျိုးသမီးဟာ အဲ့ဒီခြံဝန်းထဲမှာ အသက်ကြီးကြီး အဒေါ်ကြီးတစ်ယောက်နဲ့ တူတူနေတာဖြစ်ပြီး၊ သူမကို တရားဝင်လက်ထပ်ယူထားတဲ့ အမျိုးသားကြီးကတော့ ဒီမှာ အချိန်ပြည့်မနေဘူး။ တစ်ပတ်ကို နှစ်ရက်သုံးရက် လောက်သာ ကားဖြူလေးနဲ့ရောက်လာတတ်ပြီး စိတ်လိုလက်ရရှိတဲ့ တစ်ခါတစ်ရံမှာတော့ ညအိပ်ညနေ နေသွားတတ်တယ်။ (ကျွန်တော်တွေ့မြင်ခဲ့တဲ့ ပြဿနာဖြစ်ပြီးကာစကရက်အတန်ကြာပျောက်သွားပေမယ့် နောက်ပိုင်းပုံမှန်ရောက်လာလေ့ရှိတယ်။)

ပတ်ဝန်းကျင်ရဲ့ စကားတွေအရဆိုရင် သူမဟာ ဗီဇီဒီအနည်းအကျဉ်းရိုက်ဖူးပြီး၊ လောလောဆယ် စီရီးတစ်ခုထုတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေတယ်လို့ဆိုတယ်။ အမျိုးသားကြီးကတော့ ချမ်းသာတဲ့ မုဆိုးဖိုကြီးဖြစ်ပြီး၊ သူ့မှာအရွယ်ရောက်နေတဲ့ သမီးတစ်ယောက် ရှိတာကြောင့် အမျိုးသမီးငယ်ကို ဒီခြံမှာလာထားရတာဖြစ်ပါသတဲ့။ သူမအတွက် ပါပလေကားတစ်စီးနဲ့ အချိန်ပိုင်းယာဉ်မောင်းတစ်ယောက် ပေးထားတဲ့အပြင် နောက်ပိုင်းရက်တွေမှာ အသက်ကြီးကြီး ညစောင့်တစ်ယောက်ကိုပါ စီစဉ်ပေးလာတာ တွေ့ရတယ်။

ကြည့်ရတာဖြင့် အမျိုးသားကြီးဟာ သူမအပေါ် ချစ်မြတ်နိုးစွာ သဝန်တိုတဲ့ပုံပါ။ ဒါပေမယ့်သူမကတော့ ကျွန်တော် လေ့လာမိသလောက် သူ့အပေါ် လိုက်လိုက်လှဲလှဲ အမူအရာမျိုး မပြလှပါဘူး။ သူရောက်လာတဲ့နေ့တွေဆို သူမဟာ အလှဆုံးပြင်ဆင်လို့ ညနေစောင်းတာနဲ့ မှောင်စပျိုးခဲ့ အချိန်တိုင်အောင် ခြံထဲမှာခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်လေ့ရှိတယ်လမ်းလျှောက်ချိန်တွေမှာ သူမရဲ့ အမူအရာက တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံမို့ ကျွန်တော် နားမလည်နိုင်စွာ တအံ့တသြဖြစ်ရပါသေးတယ်။ သူမကို ချစ်ရှာတဲ့ အမျိုးသားကတော့ ယစ်ရွှေရည်လို့ယူဆရတဲ့ ဖန်ခွက်တစ်ခွက်နဲ့ သူမအိမ်ထဲပြန်မဝင်မချင်း ဒန်းဖြူဖြူ လေးပေါ်မှာ ထိုင်ပြီးစိတ်ရှည်လက်ရှည် စောင့်ဆိုင်းပေးလေရဲ့။





ဒါတွေဟာ ကျွန်တော် လေ့လာမိသမျှ အချက်အလက်တွေသာဖြစ်ပြီး တကယ့်အဖြစ်အပျက်ကတော့ မြို့သစ်လေးအပေါ် မိုးစက်တွေစတင်ကျဆင်းကာစ တစ်ခုသောညတစ်ညမှာ ခွန်းကြီးခွန်းငယ်စကားများသံ ခပ်ဝါးဝါးနဲ့ စတင်လာခဲ့ပါတယ်။ အဲ့ဒီညက စာအုပ်ဆိုင်က အပြန်သူတို့ ခြံရှေ့ကအဖြတ်၊ စကားများသံတွေကို မိုးသံတွေနဲ့အတူ ဝိုးတိုးဝါးတာကြားလိုက်ရတာပါ။ တစ်ညနေခင်းလုံး သူတို့ရဲ့ ရာသီဥတုကြည်လင်နေကြောင်းကျွန်တော့်မှန်ပြောင်းကတွေ့မြင်ခဲ့ပါလျက်၊အာကြောင့်စကားယများလဲ, ကျွန်တော် စဉ်းစားလို့မရခဲ့ဘူး။ ဒါပေမယ့် ပြဿနာတစ်ခုရဲ့အမြင့်ဆုံးအစိတ်အပိုင်းကိုရောက်နေပြီ ဆိုတာလောက်တော့ ကျွန်တော်ခန့်မှန်းမိခဲ့တယ်။

အဲ့ဒီညက မိုးစက်တွေကြောင့် သူတို့ရဲ့အိမ်ထဲကိုလှမ်းကြည့်ဖို့အခွင့်မသာခဲ့ဘူး။ နောက်တစ်နေ့နေမြင့်မှ ကျွန်တော် အိပ်ရာကနိုးပေမယ့် နိုးနိုးချင်းမှန်ပြောင်းနဲ့ လှမ်းကြည့်လိုက်တော့ တစ်အိမ်လုံးထူးဆန်းစွာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ မသင်္ကာလို့ မြင်ကွင်းတိုချိန်ညှိပြီး သေသေချာချာကြည့်လိုက်တော့၊ အိမ်တံခါးရောခြံတံခါးပါအပြင်ကနေ သော့ခတ်ထားတာကို တအံ့တသြတွေ့မြင်လိုက်ရတယ်။

အတိုချုံးရရင်တော့ အဲ့ဒီနေ့ ကစလို့ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး မြို့သစ်လေးကနေ တိတ်တဆိတ်ပျောက်ကွယ်သွားပါတော့တယ်။ သူတို့ရဲ့ပျောက်ကွယ်သွားမှုဟာ၊ ပတ်ဝန်းကျင်ကိုရှက်လို့ တခြားပြောင်းရွှေ့သွားတာလို့ ယူဆကောင်းယူဆနိုင်ပေမဲ့ ဘာကြောင့်မှန်းမသိဘဲ အဲ့ဒီအတိုင်းမဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်မြင်ယုံကြည်နေခဲ့မိတယ်။ ဒီလိုနဲ့ . . .

ဒီလိုနဲ့ . . . မိုးရာသီဟာ လျင်လျှင်မြန်မြန် ကုန်ဆုံးသွားပြီး သွေ့ခြောက်အေးမြတဲ့ ဆောင်းနှင်းထုထဲကို ကျွန်တော်တို့ မြို့သစ်ကလေးဟာ မိမွေးတိုင်း ဖမွေးတိုင်း တိုးဝင်လိုက်ပါတယ်။

မြူတွေဆိုင်းနေတဲ့ မိုးခိုးရောင်ညနေခင်းလေး တစ်ခုမှာတော့ ကျွန်တော်ဟာဆွယ်တာထူထူဝတ်လို့ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်လာခဲ့တယ်။ သော့ခလောက်တုန်းလန်းနဲ့ ရင်နှစ်ခြမ်းစေ့ထားတဲ့ခြံရှေ့ရောက်တော့ ကျွန်တော့်မှန်ပြောင်းထဲက ဇာတ်လိုက်နှစ်ယောက်ကို တမ်းတမ်းတတသတိရလိုက်မိပါသေးတယ်။ မြို့အဝင်စေတီအထိ လမ်းလျှောက်ပြီး မှောင်ရီဖြိုးဖျအချိန်လောက်မှ ကျွန်တော် အိမ်ပြန်လာခဲ့တယ်။

စောစောကခြံရှေ့အဖြတ် စာရေးဆရာ . . . ဆိုတဲ့ လှမ်းခေါ်သံကြောင့် ကျွန်တော်လန့်သွားပြီး အသံလာရာကို





အမောတကောကြည့်လိုက်တော့ . . .

ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲနေပြီဖြစ်တဲ့ခြံတံခါးဝမှာ ကျွန်တော့်ကို ရီဝေဝေပြုံးကြည့်နေတဲ့ ဇာတ်လိုက်ကြီးကို တွေ့မြင်လိုက်ရတယ်။ သူနဲ့ရော သူ့အမျိုးသမီးနဲ့ပါ ပြုံးပြနှုတ်ဆက်ပတ်သက်တာမျိုးမရှိခဲ့ဖူးပေမယ့် ကြည့်ရတာ ကျွန်တော့်ကို စာရေးဆရာမှန်း ကောင်းကောင်းသိနေပုံပါ။

သူ့ဖိတ်ခေါ်မှုကို ငြင်းဆန်လိုလှပေမယ့် သူတို့နှစ်ယောက်ရဲ့ နောက်ဆက်တွဲဇာတ်လမ်းကို သိချင်နေတာ ကြောင့် ကျွန်တော်ခေါင်းညိတ်လက်ခံလိုက်တယ်။ သူကလည်း ပြောပြချင်နေပုံပါ။ ဒီနေရာမှာ ကျွန်တော်တို့ စာရေးဆရာတွေဟာတခြားလူတွေနဲ့ သာတဲ့အချက်ကတော့ သူတပါးရဲ့ ရင်ဖွင့် စကားကို မကြာခဏကြားရတတ်ထာပါ။ ကားအဖြူလေး ထိုးဆိုက်ထားတဲ့ အိမ်ထဲမှာ သူ့ရဲ့ယာဉ်မောင်း ဖြစ်ဟန်တူသူက ယမကာဝိုင်းတစ်ဝိုင်းကို ခင်းကျင်းပြင်ဆင်နေတာကြောင့် ကျွန်တော်နဲ့ မတွေ့ရင် သူတစ်ယောက်တည်း ကျင်းပလိမ့်မယ် လို့ယူဆရပါတယ်။

စာရေးဆရာသောက်တတ်တယ်မဟုတ်လားလို့ မေးရင်း ကျွန်တော့်အတွက် တစ်ခွက်ငှဲ့ပေးလာလို့ လက်ခံလိုက်ရတယ်။ သူက အရက်နှစ်ငုံသုံးငုံသောက်ပြီးမှ သူ့နာမည်ကို ဖွင့်ပြော မိတ်ဆက်ရင်း အမျိုးသမီးကိုလွမ်းလို့ ဒီအိမ်မှာ တကူးတက



www.burmeseclassic.com

www.burmeseclassic.com



အရက်လာသောက်တာဖြစ်ကြောင်းရှင်းပြတယ်။ ပြီးတော့သူမ အပေါ် သူဘယ်လောက်ချစ်ကြောင်းလည်း ရင်ဖွင့်လာပါတယ်။

"ကိုယ်က အလျော့ပေးပြီးချစ်ခဲ့ပေမယ့် သူကတော့ ကိုယ့်ကိုနည်းနည်းလေးတောင်ပြန်မချစ်ခဲ့ဘူး အသက်ချင်း ထက်ဝက်လောက်ကွာတာကြောင့်လို့ထင်စရာရှိပေမယ့် တကယ့် တကယ်က အဲ့ဒါကြောင့်မဟုတ်ဘူးစာရေးဆရာရဲ့။

သူ ကိုယ့်ကိုမချစ်နိုင်တာ သူ့ရည်းစားကြောင့်။

"ဗျာ . . . ရည်းစား "

"ဟုတ်တယ် သူနဲ့စတွေ့ကတည်းက သူ့မှာရည်းစား ရှိကြောင်းဖွင့်ပြောပေမယ့် ကိုယ်ကချစ်လွန်းလို့ အတင်းလက်ထပ် ယူခဲ့မိတာ။ ယူပြီးကတည်းက သူ့ကိုကွာရှင်းပေးဖို့ ခဏခဏ ပြောတယ်။ ကိုယ်ကလည်းမကွာနိုင်ဘူးလေ။ သမီးက နိုင်ငံခြား ထွက်တော့မှာ ကိုယ့်သမီးနိုင်ငံခြားသွားရင်၊ သူ့ကိုပွဲတက်မယား အဖြစ် လူသိရှင်ကြားဧည့်ခံပွဲလုပ်ပြီး အိမ်မှာခေါ်ထားဖို့စီစဉ် ပြီးသား။ ကိုယ့်အစီအစဉ်တွေပြောပြပေမယ့် သူကကွာဖို့ချည်းပဲ တောင်းဆိုတယ်။ တစ်ခါတော့ စိတ်မထိန်းနိုင်လို့ သူ့ကိုလည်ပင်း ထညှစ်လိုက်မိတယ်။ ဟုတ်တယ် ကွာတော့မပေးနိုင်ဘူး သူ့ကို သတ်ပြီး ကိုယ်ထောင်ကျခံလိုက်မယ် ဒါပေမယ့် တကယ့်တကယ် ကျတော့ ကိုယ်မလုပ်ရက်ခဲ့ပါဘူး"





ကျွန်တော့် မှန်ပြောင်းဇာတ်လမ်းရဲ့ အဖွင့်က အခုမှ ရောက်ရှိလာတာပါ သူကအရက်နောက်တစ်ခွက်ငှဲ့လို့ ဖြည်း ဖြည်းချင်းသောက်ရင်း အကြာကြီးငေးငိုင်နေပြီးမှ သက်ပြင်းရှ ရှည်ကို မောမောပန်းပန်းချလိုက်တယ်။

"အဲ့ဒီလိုဖြစ်ခဲ့ပြီးနောက်ပိုင်း သူအကြီးအကျယ် ပြောင်း လဲသွားတယ်။ ကိုယ့်ကိုကွာရှင်းဖို့မတောင်းဆိုတော့ တဲ့အပြင် တက်တက်ကြွကြွရွှင်ရွှင်လန်းလန်း ဖြစ်လာတယ်။ အလှတွေဘာ တွေလည်း အရင်ကထက်ပြင်လာတယ်။ ညနေ တိုင်းခြံထဲဆင်းပြီး လမ်းလျှောက်ရင်လျှောက် မလျှောက်ရင် ဒန်းမှာထွက်ထိုင် တတ်လာတယ်။ သူ့ရဲ့ပြောင်းလဲမှုကြောင့် ကိုယ်သံသယဝင်လာ တယ်။ နောက်ဆုံးတော့ သူဝန်ခံတယ်။ သူ့ရဲ့ချစ်သူဟာ သူဒီမှာရှိမှန်းသိလို့ ဒီအနီးအနားတဝိုက်ကို ပြောင်းလာတယ်တဲ့။ ညနေတိုင်း တစ်နေရာရာကနေ လာကြည့် တတ်တယ်။ ကိုယ်မရှိတဲ့နေ့ဆို စကားတွေဘာတွေတောင်လာ ပြောတယ်တဲ့"

ဒီနေရာမှာ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ငြင်းဆန်မိမလို ဖြစ်သွားသေးတယ်။ ပြီးမှ ကိုယ်လျှို့ဝှက်ချက်ကို ကိုယ့်ဘာသာ ကို ဖော်ထုတ်သလို ဖြစ်သွားမှာစိုးလို့ အသာပဲနှုတ်ဆိတ်နေလိုက် ရတယ်။ အမျိုးသမီးဟာ ညနေတိုင်းခြံထဲထွက်တယ်ဆိုတာ မဟုတ်ပါဘူး။ သူလာတဲ့နေ့တွေလောက်သာ ဟန်ပြထွက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော့်မှန်ပြောင်းရဲ့ မြင်ကွင်းထဲမှာ သူမဆီကို ဘယ်အမျိုးသားမှ စကားလာမပြောခဲ့သလို၊ သူမကိုလည်း ဘယ်အမျိုးသားမှ လာစောင့်ကြည့်မနေခဲ့ဘူး။

"တိုတိုပြောရရင် အဲ့ဒီကိစ္စနဲ့ ကိုယ်တို့အကြီးအကျယ် စကားများခဲ့ကြတယ်။ နောက်ဆုံးတော့ ကိုယ်သူ့ကို ကွာရှင်းပေးလိုက်တယ်"

"ဘာဖြစ်လို့ ကွာရှင်းပေးလိုက်တာလဲ။ အစ်ကိုကြီး သူ့ချစ်သူဆိုတာကို တကယ်တွေ့လိုက်လို့လား"

ကျွန်တော့်ရဲ့ဇာတ်လိုက်ကြီးဟာ လက်ကျန်ခွက်ကို တစ်ကျိုက်တည်းမော့ချရင်း မပြုံးချင်ပြုံးချင်ပြုံးတယ်။ စာရေးဆရာတစ်ယောက်အနေနဲ့ လူတွေရဲ့အပြုံးနဲ့ မျက်နှာအမူအရာကို အထူးတလည်အချိန်ပေး လေ့လာခဲ့ဖူးပေမယ့် သူ့ရဲ့နားလည်ရခက်တဲ့အပြုံးကိုတော့ ကျွန်တော်အနီးစပ်ဆုံးဖြစ်အောင် သရုပ်မခွဲနိုင်တာ ဝန်ခံရမှာပါ။

"ရှက်ရှက်နဲ့ ဝန်ခံရရင် သူ့ချစ်သူဆိုတာကိုတွေ့ဖို့ ကိုယ်နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ပေမယ့် မတွေ့ခဲ့ဘူး။ ညစောင့်အဖိုးကြီးကို တမင်လွှတ်ပြီးစောင့်ခိုင်းခဲ့တာလည်း အဲ့ဒီသူ့ချစ်သူဆိုတာကို အမိဖမ်းချင်လို့ပဲ ဒါပေမယ့် ကိုယ်တို့မအောင်မြင်ခဲ့ဘူး"

"ဒါဖြင့် . . . သူ့ချစ်သူကို အစ်ကိုကြီးလုံးလုံး မမြင်





လိုက်ဖူးပေါ့"

"ကိုယ်တို့ချင်း အကြီးအကျယ် ပြဿနာမဖြစ်ခင်နေ့ အထိဆိုပါတော့လေ။ နောက်ဆုံးနေ့မှာတော့ သူ့ချစ်သူ ဆိုတာကို ကိုယ်လှမ်းမြင်လိုက်ရတယ်။ သူပြောတဲ့အတိုင်း တစ်နေ့ရောကနေ စောင့်ကြည့်နေခဲ့တယ်ဆိုတာအမှန်ပဲ"

စကားအဆုံးမှာတော့ ကျွန်တော့်ရဲ့ ဇာတ်လိုက်ကြီး ဟာ ပုလင်းထဲက လက်ကျန်ကိုသူ့ခွက်ထဲ အကုန်လောင်း ထည့်လို့ တစ်ချက်တည်းမော့ချလိုက်ပါတော့တယ် လမ်းခွဲခါနီး မှာတော့ ကျွန်တော်တို့နှစ်ယောက်စလုံး အတော့်ကို မူးယစ် နေခဲ့ကြပါပြီ။ သူကတပည့်မောင်းတဲ့ ကားပေါ်ယိမ်းထိုးယိမ်းထိုးနဲ့ရောက်ရှိ သွားပြီ၊ ကျွန်တော်ကတော့ အိမ်ဘက်ကို ယိုင်တိုင် ယိုင်တိုင်နဲ့ ဦးတည်လိုက်တယ်။

အဲ့ဒီအချိန်မှာ သူက မူးသံကြီးနဲ့လှမ်းမေးပါတယ်။

"ဒါနဲ့ စာရေးဆရာရဲ့ မှန်ပြောင်းဘယ်လောက်ပေးရ သလဲ"

"၅၂"

သူ့ကားဝေါခနဲ ထွက်ခွာသွားချိန်ကျမှ ကျွန်တော်ဟာ သူ့မေးခွန်းရဲ့ ဦးတည်ချက်ကို သဘောပေါက်လိုက်ပြီး အဲ့ဒြီတွေနဲ့ သွပ်စွာ အမူးတွေပြေပျောက်သွားတယ်။ ပြီးတော့ ... ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်လကျော်လောက်ကတည်းက ကျွန်တော့်ဆီ ရောက်နေခဲ့တဲ့၊ ပေးပို့သူလိပ်စာမပါ ဆိုင်းလည်းထိုးမထားလို့ ဦးနှောက်စားခဲ့ရတဲ့ အမျိုးသမီးလက်ရေးနဲ့ . . .

အစစ အရာရာအတွက် ကျေးဇူးတင်ပါတယ် . . .

ဆိုတဲ့ စာတိုလေးတစ်စောင်ရဲ့ ပိုင်ရှင်အမည်နဲ့ အနက်အဓိပ္ပါယ်ကိုပါ ခန့်မှန်းနားလည်လိုက်မိတော့တယ်။ အဲ့ဒီနေ့ကစလို့ ကျွန်တော်ဟာ အဝေးကြည့်မှန်ပြောင်းကို နောက်နောင်အသုံးမပြုတော့ဖို့ ဆုံးဖြတ်ပြီး ဘီဒိုထဲမှာ သော့ခတ်သိမ်းဆည်းထားလိုက်ပါတော့တယ်။

ဒါတွေအားလုံးဟာ အဝေးကြည့်မှန်ပြောင်းဆိုတဲ့ စကားနဲ့ ပတ်သက်ပြီး ကျွန်တော့်အတွေးတို့ ဖြတ်သန်းစီးဆင်းသမျှ အကုန်ပါပဲ။

(ခ) မာယာ

အဲ့ဒီစကားလုံးကိုတော့ ကျွန်တော်ဘယ်လိုပဲ ဖျစ်ညှစ်စဉ်းစားပေမယ့် နည်းနည်းမှနားမလည်နိုင်ခဲ့ဘူး။ တကယ်ဆို စကားလုံးတစ်လုံးဟာ သူ့မူရင်းအဓိပ္ပါယ်ဆီပဲ ပို့ဆောင်ပေးရမှာဖြစ်ပေမယ့် အဲ့ဒီစကားလုံးကတော့ ကျွန်တော့်အတွက် ထူးဆန်းလှပါတယ်။ "မာယာ" ဆိုတဲ့ စကားလုံးကိုစဉ်းစားတိုင်း မဆီမဆိုင်





ကျွန်တော့် ဇာတ်လိုက် ကြီးပြောခဲ့တဲ့ စကားကိုပဲ သွားသွားသတိရနေမိတယ်။ "ကိုယ်သူနဲ့လက်ထပ်တော့ သူ့ကိုကွာရှင်းခဲ့ရင် ကိုယ်ပိုင်တဲ့စည်းစိမ်တစ်ဝက်ကို နစ်နာကြေးပေးမယ်လို့ ကတိပြုခဲ့မိတယ်။ ဒါကြောင့် သူနဲ့ကွာရှင်းတော့ ရှေ့နေကတစ်ဆင့် ကိုယ့်စည်းစိမ်တစ်ဝက်ကို ခွဲပေးလိုက်ရတယ် . . ."

f f f



www.burmeseclassic.com

www.burmeseclassic.com


(၃)

နွေရောက်ပြီဆိုတာနဲ့ ကျွန်တော်တို့ မြို့သစ်လေးရဲ့ ကတ္တရာလမ်းမတွေဟာ ပျော့အိလို့ တံလျှပ်တွေ တရှိန်ရှိန်ထလာတော့တယ်။ ရာသီက ပူပြင်းရတဲ့ကြားထဲ ဦးနှောက်တွေ ပွက်ပွက်ဆူအောင် ဖျစ်ညှစ်စဉ်းစားပေမယ့် ဝတ္ထုရေးဖို့ဘယ်လိုဝါကျမျိုးမှ စီးဆင်းမလာခဲ့ဘူး။ ဝါကျတွေအစား စကားလုံးတစ်စုံသာ ကျွန်တော့်ရှေ့ကို ဒေါက်ခနဲပြုတ်ကျလာခဲ့တယ်။

f f f



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သက်ခုနှစ်နှစ်လုံးလုံး

သူမ ....

အရှုးအမူးမျှော်လင့်တမ်းတနေခဲ့သော

အခြေအနေတစ်ခုကို

မြလေးနွယ်ပိုင်ဆိုင်ထားမှန်း

မနာလိုစွာ

သူမ နားလည်လိုက်မိသည်။

Data File No. 3

www.burmeseclassic.com

www.burmeseclassic.com

# လိပ်ပြာမလုံတဲ့ ဆည်းဆာ

"မင်း . . . ဟိုကိုဘယ်အချိန်သွားမှာလဲ"

တစ်ညနေလုံး သူမစောင့်စားမျှော်လင့်နေခဲ့သော ထိုမေးခွန်းက ညစာစားချိန်ကျမှသာ မောင့်ထံမှထွက်ပေါ်၍ လာသည်။

ဒါကို . . . ဘယ်အချိန်ကတည်းက မောင်မေးချင်နေခဲ့တာပါလိမ့်။

အဖြစ်နိုင်ဆုံးကတော့ နေ့လည်သူမအိမ်ပြန်ရောက်လာချိန်ကတည်းက ဖြစ်မှာပဲ။ အရင်ကဆိုခုလိုနေ့မျိုးမှာ သူမ





အိပ်ပြန်လာလေ့မရှိဘဲ အလုပ်ကနေဘဲ မေမေတို့အိမ်တန်းသွားတတ်ခဲ့တာမဟုတ်လား။

လတစ်လ၏ နောက်ဆုံးနေ့တိုင်း ပဲခူးရှိမေမေတို့ထံ သွားကာ၊ ပဲခူးမှာပင်အိပ်၍ နောက်တစ်နေ့မှ သူမအိမ်ပြန်လာတတ်သည်မှာ မောင်နှင့် လက်ထပ်ပြီးကတည်းကဖြစ်သည်။ အလွန်အရေးကြီးသည့် အလုပ်ကိစ္စရှိသောအခါနှင့် သူမနေထိုင်မကောင်းဖြစ်သောအခါမျိုးမှလွဲ၍ ထိုအစဉ်အလာမှ သူမပျက်ကွက်ခဲလှပါသည်။

သို့သော် ဒီနေ့တစ်နေ့ကိုတော့ ချွင်းချက်အဖြစ် သူသတ်မှတ်ရပါလိမ့်မည်။

"မောင် . . . ကျွန်မကို ဘာမေးလိုက်တာလဲဟင်"

မောင့် မေးခွန်းအပေါ် နားမလည်သလိုဟန်ဆောင်၍ သူမမေးလိုက်တော့ မောင်ကအရေးမကြီးသည့် လေသံမျိုးဖြင့် ခပ်ပေါ့ပေါ့ တုန့်ပြန်လာသည်။

"ဩော် . . . မင်း အမေတို့ဆီ ဘယ်အချိန်သွားမှာလဲလို့ မေးတာပါ"

"ပဲခူးကိုလား ။ ဒီနေ့သွားဖြစ်လိမ့်မယ် မထင်တော့ဘူး ဂျာနယ်အတွက် အရေးကြီးတဲ့ဆောင်းပါးတစ်ပုဒ် ဒီနေ့ည အပြီးရေးရမှာမို့လို့ "



www.burmeseclassic.com

www.burmeseclassic.com

ထမင်းကိုင့်စားရင်း သူမပြောလိုက်တော့ ဟင်းပန်းကန်ဆီလှမ်းနေဆဲ မောင့်လက်တို့ တစ်ချက်တုန့်ဆိုင်းသွားကြောင်း သူမသတိပြုလိုက်မိသည်။ မောင့်မျက်နှာများပျက်သွားလေမလား။ တကယ်လို့ . . . မနက်ကပဲဆူးကို တစ်ခေါက်ရောက်ခဲ့ပြီးပြီလို့ ပြောလိုက်ရင် မောင်ဘယ်လိုများတုန့်ပြန်မှာပါလိမ့်။

"ဒါဆို . . . မင်း မသွားဖြစ်တော့ဘူးပေါ့"

မောင့်လေသံက စိတ်ပျက်လက်ပျက်ဖြစ်သွားသည့်အသံမျိုးဖြစ်သလို၊ တစ်စုံတစ်ရာအတွက် စိုးရိမ်ပူပန်သွားသည့်အသံမျိုးလည်းဖြစ်သည်။ မောင်ဘာကို စိတ်ပျက်သွားတာလဲဟင်။

သူမ မောင့်အားလှမ်းမေးချင်လှသော်လည်း မမေးရက်ပါ။

နှုတ်ခမ်းကို တင်းတင်းစေ့လျက် ထမင်းလုပ်ကို သေသေသပ်သပ်ဝါးနေသော မောင့်မျက်နှာက တစ်စုံတစ်ရာအတွက် အကြံထုတ်နေမှန်းသိသာလှပါသည်။

အသားဖြူဖြူအရပ်မြင့်မြင့်နှင့် ကျောင်းတုန်းက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ခဲ့ဖူးသော မောင်သည်ယခု အသက်သုံးဆယ့်ငါးနှစ်အရွယ် ကျန်းမာရေးသိပ်မကောင်းလှသည့် အနေအထားမှာပင် ကြည့်ကောင်းနေဆဲဖြစ်သည်။





အင်းလေ . . .

ဒါကြောင့်လည်း . . .

သူမ သက်ပြင်းကိုဖွဖွချရင်း ထမင်းစားခြင်းကို အဆုံးသတ်လိုက်ချိန်၌ မောင်ကလက်ဆေးကာ ထိုင်ရာမှထရပ်ပြီးဖြစ်နေလေသည်။

မောင် ဆေးသောက်လိုက်အုံးနော် . . .

ဟု သူမသတိပေးတော့ မောင်ကဘာမှမပြောဘဲခေါင်းကိုသာ ညိတ်ပြသည်။

မောင်က သဘော်သုံးလေးခေါက်လိုက်အပြီး နှလုံးရောဂါကြောင့် သဘော်လိုက်ခြင်းမှ အနားယူခဲ့ရသည်။ သူချစ်သောပင်လယ်ပြင်ကို စွန့်လွှတ်လိုက်ရ၍လားမသိ။ သဘော်မလိုက်ရသောအခါ မောင့်၌စိတ်ကျရောဂါအနည်းငယ်ဝင်ရောက်လာခဲ့ကြသည်။

မောင်သဘော်မလိုက်တော့သဖြင့် မောင့်ထံမှ ဝင်ငွေတစ်စုံတစ်ရာမမျှော်လင့်နိုင်တော့သည့်အပြင်။ ဂျာနယ်တစ်စောင်ထုတ်ဝေရေးလုပ်ငန်းတစ်ခုနှင့် မအားလပ်ရသည့် ကြားထဲမောင့်အားပြုစုပေးခဲ့ရပါသေးသည်။ သို့သော် သူမချစ်မြတ်နိုးလှသော သူမထက်ငါးနှစ်တိတိကြီးသည့် ထိုအမျိုးသားနှင့်ပတ်သက်၍ တစ်စုံတစ်ရာမငြီးငြူမိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောင်လည်း ငြီးငြူလိမ့်မည် မထင်ပါ။ အကယ်၍ မနက်ကစာကိုသာ မတွေ့မိခဲ့ရင်ပေါ့ . . .

သို့သော် . . .

ကံဆိုးစွာ မောင့်အံဆွဲထဲမှ စာတစ်စောင်ကို မမျှော်လင့်ပါဘဲ သူမတွေ့မြင်ခဲ့ရသည်။ မနက်ငါးနာရီတိုင်း ပဌာန်းထရွတ်လေ့ရှိသော သူမသည်ဘုရားမီးပူဇော်ရန် မီးခြစ်လိုက်ရှာရင်း ထိုစာကိုတွေ့ခဲ့ခြင်းဖြစ်သည်။

"ဦး . . ရေ . . . ."

လို့ အစချီထားကတည်းက သူမ စိတ်ထင့်သွားခဲ့မိသည်။

ဦးရေ . . .

မြလေးတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘူး။ အချိန်ရှိတုံး . . . ဦးလည်း တစ်ခုခုကြံပါအုံး။ ကျော်မကောင်းကြားမကောင်းဖြစ်မှာဆိုရင် မြလေးရှက်တာနဲ့သေရလိမ့်မယ်။

ထုံးစံအတိုင်း လကုန်ရက် မမပဲခူးသွားမယ့်အချိန် မြလေးလာခဲ့မယ်။ ဦးတစ်ခုခုစဉ်းစားထားပါနော်။

ချစ်တဲ့ . . .

မြလေးနွယ်

သူမ မိုက်ခနဲမူးမေ့မလိုဖြစ်သွားလျက်၊ ဒေါသသွေး





တို့တစ်ကိုယ်လုံး ဆူဝေလျှံတက်လာကြသည်။ အိပ်ပျော် နေသော မောင့်အားချက်ချင်းနှိုးကာ၊ ထိုစာနှင့် ပတ်သက်၍ မေးမြန်းလိုက်ချင်သော်လည်း ထိုသို့လုပ်ရုံနှင့် အကောင်းဆုံးအဖြေမထွက်နိုင်မှန်း သူမစဉ်းစားလိုက်မိသည်။

စာအရ မောင်နှင့် မြလေးနွယ်၏ အနေအထားက စကားလုံးတွေကို ပစ်ပေါက်ရန်ရှေ့ရုံနှင့် အလွယ်တကူ ရပ်ဆိုင်းသွားမည့် အနေအထားမဟုတ်ပါ။ ပြီးတော့ အိမ်ထောင်သက် ခုနှစ်နှစ်လုံးလုံး သူမအရှုံးအမှုံးမျှော်လင့်တမ်းတနေခဲ့သော အခြေအနေတစ်ခုကို မြလေးနွယ် ပိုင်ဆိုင်ထားမှန်း မနာလိုစွာ သူမနားလည်လိုက်မိသည်။

မောင်ရယ် . . . မြလေးနွယ်နဲ့ကျမှ . . .

သူမ ပဌာန်း , . . မရွတ်နိုင်တော့ဘဲ စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ထိုင်ဖွာနေခဲ့မိသည်။ လွန်ခဲ့တဲ့ ခြောက်လကျော်ခုနှစ်လလောက်က သူမတို့အိမ်မှာ ခဏတဖြုတ်လာနေသွားခဲ့တဲ့ မိန်းကလေးတစ်ယောက်ကိုမှ မောင်ဘာဖြစ်လို့များ အလွယ်တကူ ငြိတွယ်သွားခဲ့ရတာလဲ။

မောင့်အပေါ် ဒေါသဖြစ်သလို သူမကိုယ်သူမလည်း ခံပြင်းလှပါသည်။ ပြီးတော့ ထိုမိန်းကလေး အိမ်ပေါ်ရောက်လာအောင် ပို့ဆောင်ပေးခဲ့သော်မေမေ့ကိုလည်း သူမစိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အသက်နှစ်ဆယ့်သုံးနှစ်အရွယ် ဖြူသွယ်သွယ်နှင့် ထိုမိန်းကလေးသည် မေမေတို့ပဲခူးမှပင်ဖြစ်ပြီး သူမနှင့် ဆွေနီးမျိုးစပ်တော်မှန်းကို အိမ်သို့လာနေခါနီးမှ သူမသိခဲ့ရသည်။ ရန်ကုန်မှာ အဝေးသင်စာမေးပွဲဖြေရန် သူမတို့အိမ်၌ တစ်လလောက်ခေါ်ထားဖို့ မေမေပြောသောအခါ သူမ အလွယ်တကူခေါင်းညိတ်လက်ခံခဲ့မိသည်။

သူမအား "မမ" ဟုခေါ်ကာ မောင့်ကို "ဦး" ဟုခေါ်သော ထိုမိန်းကလေး သူမတို့အိမ်မှာနေသွားသည့် တစ်လကျော်အချိန်ကာလအတွင်း မသင်္ကာစရာဆို၍ တစ်စုံတစ်ရာရှာဖွေမတွေ့ခဲ့။ တစ်ခါတစ်ရံ မောင့်အပေါ် လိုအပ်တာထက် ပိုမိုဂရုစိုက်သည်ဟု ထင်စရာရှိသော ကော်ဖီဖျော်ပေးခြင်း ဆေးသောက်ရန်သတိပေးခြင်းတို့ ရှိခဲ့သော်လည်း သွေးရိုးသားရိုးဟုသာ သူမသတ်မှတ်ခဲ့သည်။

အင်းလေ . . .

တကယ့်တရားခံအစစ်ကတော့ မောင်ကိုယ်တိုင်ပဲဖြစ်မှာပါ။ အတွေးတို့ဖြင့် နာကျင်သွားသောသူမသည် တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖြစ်ခဲ့သလို၊ မောင်အိပ်ရာမှမနိုးခင်မှာပင် အိမ်မှထွက်ကာ ပဲခူးသို့ရောက်ဖြစ်ခဲ့သည်။ ဒါတွေအားလုံးဟာ မောင့်အပေါ် ချစ်လွန်းလို့ဆိုတာကိုတော့ မောင်နားသည်ပါကွယ်။

သူမ အသံမထွက်ဘဲ မောင့်အားတိုင်တည်ရေရွတ်ရင်းထမင်းစားပွဲမှ ထရပ်လိုက်မိသည်။

f f f







www.burmeseclassic.com

www.burmeseclassic.com

(၂)

မောင်ရှိရာ ဝရံတာဆီသို့ သူမထွက်လာတော့ ပုဇွန်ဆီရောင်နေလုံးတ ငုတ်လျှိုးကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ မောင်ရိပျိုးစဆည်းဆာက တစ်စုံတစ်ရာအတွက် စိုးထိတ်နေသလို တိတ်တိတ်ဆိတ်ဆိတ်နိုင်လွန်းလှသည်။ မိုးငွေ့သင်းသောလေအေးအေးကြောင့်ယခင်ကဆိုလျှင် မောင်အအေးမိမှာစိုးသဖြင့် သူမအိမ်ထဲ ပြန်ဝင်ခိုင်းမိပါလိမ့်မည်။

သို့သော် ယခုတော့ မောင့်အား တစ်စုံတစ်ရာ မတားမြစ်ချင်ပါ။ မောင့်အနေနှင့်လည်း ယခုလိုအချိန်မျိုးမှာ ခြံတံခါးကို လှမ်းမြင်နိုင်တဲ့ ဝရံတာလိုနေရာမျိုးမှာ ရှိနေချင်မှာပဲ။





"မင်း . . . ဆောင်းပါးရေးမလို့ဆို"

ဒရင်းဘက်ပေါ် လှဲလျောင်းနေရာမှ သူမအားငဲ့ကြည့်ရင်း မောင်လှမ်းပြောသည်။ မောင့်စကားသံထဲမှ သူမအားအိမ်ထဲဝင်နေစေချင်သည့် အရိပ်အငွေ့တို့ကို ကောင်းစွာရှုရှိုက်လိုက်ရသည်။

"ရေးမှာပါမောင်ရဲ့။ စီးကရက်တစ်လိပ်လောက်သောက်ရင်း လေကလေးရှူချင်လို့"

မောင့်ဘေးမှခုံမှာ ဝင်ထိုင်ရင်းပြောလိုက်တော့ မောင်က တစ်စုံတစ်ရာမတုန့်ပြန်ပါ။ မောင့်အာရုံတို့က ခြံတံခါးဝဆီမှာ စူးစိုက်နေလိမ့်မည်ဖြစ်ကြောင်း သူမရိပ်မိပါသည်။ နှလုံးရောဂါနှင့် စိတ်ကျဝေဒနာအနှစ်ကို ခံစားပြီးကတည်းက မောင့်စိတ်တို့က လှုပ်ရှားလွယ်လွန်းလှသည်။ အခုလည်း တစ်စုံတစ်ရာအတွက် မောင်စိတ်စောနေပါလိမ့်မည်။

"မနက်ဖြန် လမ်းထိပ်ကအသုဘကို မောင်လိုက်ပို့မှာလားမေးတာပါ"

"အင်း . . . ပို့တာပေါ့ "

မောင်ပြန်လည်ငြိမ်သက်သွားပြီး တအောင့်ကြာမှာ

"ဒါနဲ့ မင်းအခုရေးနေတဲ့ ဆောင်းပါးက ဘာအကြောင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ . . . မောင်တကယ်သိလိုစိတ်နဲ့ မေးလိုက်တာရောဟုတ်ပါရဲ့လား။ သူမမှာ ဆောင်းပါးရေးစရာ အလုပ်ရှိကြောင်း သတိပေးလိုက်တာ။

ဒါမှမဟုတ် . . . ခြံတံခါးဝဆီအာရုံမရောက်အောင် လမ်းလွှဲလိုက်တာများလား။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ မောင်ရဲ့ ကျွန်မအခု ရေးနေတာက အချစ်နဲ့ သေခြင်းတရားအကြောင်း . . ."

"အချစ်နဲ့ သေခြင်းတရား"

"ဟုတ်တယ် လောကကြီးကိုချစ်လျက်နဲ့ မိသားစု ဒါမှမဟုတ် . . . တစ်ယောက်ယောက်ကိုချစ်လျက်နဲ့သေခြင်းကြောင့် ခွဲခွာသွားကြရတဲ့ လူတွေအကြောင်း၊ အဲ့ဒီဆောင်းပါးကိုစထားတာတစ်ပတ်လောက်ရှိနေပြီ။ စပြီးကတည်းက အသုဘတွေနဲ့ချည်းကြုံနေရတယ်။ ဒါကြောင့် တိုက်ဆိုင်တယ်လို့ပြောတာ"

"ကိုယ်တို့လမ်းထဲမှာတော့ အသုဘတစ်ခုပဲ ဖြစ်ပါသေးတယ်"

သူမစကားအပေါ် နှစ်လိုခြင်းမရှိဟန်နှင့် မောင်တုန့်ပြန်တော့ သူမပြုံးချင်ပြုံးချင်ဖြင့် ပြုံးလိုက်ရပါသည်။

"ကျွန်မတို့ ဂျာနယ်လောကက နာမည်ကြီးအယ်ဒီတာတစ်ယောက်နဲ့ ကျွန်မတို့ဂျာနယ်တိုက်က ဒီဇိုင်းသမားတစ်ယောက်ဆုံးသွားတာ မောင်မှမသိသေးဘဲ၊ ပြီးတော့မောင့်ကို ပြောမပြရသေးဘူး မနက်ကပဲခူးရောက်ခဲ့သေးတယ်"

"ပဲခူး"

မောင့်လေသံက အထိတ်တလန့် နိုင်လွန်းလှပါသည်။

"ဟုတ်တယ်။ ဒီညသွားမအိပ်နိုင်မယ့်အတူတူ မထူးပါဘူးဆိုပြီး မနက်အစောကြီး ကားဆီထုတ်ရင်းနဲ့ မေမေတို့ဆီသွားလိုက်တာပါ။ ပဲခူးမှာလည်း အသုဘတစ်ခုနဲ့ ကျွန်မကြုံခဲ့ရပြန်တာပဲ"

မောင်ကသူမ စကားတို့ကို နားမလည်ဟန်ဖြင့် ဇဝေဇဝါတစ်ချက်ကြည့်သည်။

"ဆုံးသွားတဲ့ကောင်မလေးက အရွယ်ကောင်းလေး မောင်ရဲ့ သနားပါတယ်။ ကိုယ်ဝန်ဖျက်ချရင်းဆုံးတာလို့ ပြောတယ်"

"ကိုယ်ဝန်ဖျက်ချတာ ဟုတ်လား"

"အဲ့ဒီလို ပြောကြတာပဲ။ ရိုးရိုးသားသား ပျက်ကျကြတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ စိတ်မကောင်းစရာပဲ။ ကျွန်မတို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းလို့ ကူငွေထောင်ထည့်ခဲ့ ရသေးတယ်။ မနက်ဖြန်အသုဘချမယ်တဲ့ ကျွန်မသွားတောင်သွားနိုင်ပါ




ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မလားမသိဘူး”

“မင်းတို့ ဆွေမျိုးထဲကဆိုတော့ ကိုယ်များသိနေမလား”

“မောင်လား . . .”

“အိုး . . . ဟုတ်တာပေါ့။ သူ့ကို မောင်ကောင်းကောင်းသိတာပေါ့၊ ကြည့်စမ်း . . . ကျွန်မမေ့တော့မလို့။ ကျွန်မတို့အိမ်မှာတောင် သူလာနေသွားဖူးသေးထယ်လေ”

“ဒါဖြင့် . . ဟို . . .”

“ဟုတ်တယ်။ စာမေးပွဲလာဖြေတဲ့ ကောင်မလေးလေ မြလေးနွယ်ကိုပြောတာ”

“ဘာ”

တအံ့တသြတုန်လှုပ်ကာ ကြက်သေသေသွားသည့် မောင့်မျက်နှာကိုမြင်ရတာ သူမအတွက် စိတ်မချမ်းမြေ့စရာကောင်းလှပါသည်။ ဒရင်းဘက်ပေါ် လှဲနေရာမှ အိပ်မက်မက်နေသူတစ်ယောက်ပမာ . . . ဂယောင်ကတန်းဆတ်ခနဲထထိုင်ရင်း အသက်ရှုသံပြင်းပြင်းနှင့် မောင်အတန်ကြာ ငြိမ်သက်နေလေသည်။

ကျွန်မ စိတ်မကောင်းပါဘူး မောင် . . .

ဟု အသံမဲ့စွာ သူမတီးတိုးရေရွတ်နေစဉ်မှာပင် မောင့်မျက်ဝန်းတို့က ခြံတံခါးဝဆီသို့ ရွေ့လျားရောက်ရှိသွားကြပြီး





ရုတ်တရက် ပြူးကျယ်သွားကြလေသည်။ မောင်ကြည့်ရာသို့ သူမလှမ်းကြည့်လိုက်တော့ မှောင်ရီဖြိုးဖျအားနည်းလှသော အလင်းရောင်အောက် ခြံတံခါးဝ၌ . . .

သူမလက်ဆောင်ပေးခဲ့ဖူးသော သားမွေးတုအနက်ရောင်အနွေးထည်လေးကိုဝတ်ဆင်လျက် ဆံပင်ပျော့ပျော့များကကျောပေါ်မှာဖားလျားကျလျက်၊ ခြံတံခါးသံပန်းကို ကိုင်ကာ အိမ်ထဲသို့လှမ်းမျှော်ကြည့်ရှုနေသော မြလေးနွယ်။

၎င်း၏ လက်ဖြော့ဖြော့မှိန်မှိန်အကြည့်တို့က အိမ်ခြံဝန်းတစ်လျှောက်ရွေ့လျားနေခဲ့ပြီးမှ ဝရံတာဆီသို့ မြင့်တက်ရောက်ရှိလာကြသည်။ ဝရံတာထက်မှသူမတို့ကို အတွေ့မှာတော့ အနည်းငယ်မျက်နှာပျက်သွားပြီး မျက်လွှာချကာ ခြံတံခါးရှေ့မှ ဖြည်းညှင်းစွာ လှည့်ထွက်သွားလေသည်။

“ဟို . . ဟိုမှာ . . . .”

မောင့်အသံက အလန့်တကြားနိုင်စွာ ခပ်စူးစူးထွက်ပေါ်လာသဖြင့် သူမလှည့်ကြည့်လိုက်တော့ မောင့်မျက်ဝန်းတို့က စိုးရွံ့ထိတ်လန့်စွာ ပြူးကျယ်နေကြသည်။

“ဘာလဲဟင် . . . မောင် ဘာပြောတာလဲ”

“ဟိုမှာလေ ခြံတံခါးဝမှာ မင်းမတွေ့လိုက်ဖူးလား”

“ဘာလဲမောင်ရဲ့ ကျွန်မလည်းဘာမှ မမြင်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com

ပါလား"

"ဘုရား . . . ဘုရား . . . ."

လက်ဝဲဘက်ရင်အုံကို လက်ဖြင့်ဖိရင်း မောင့်မျက်နှာ ကရှုံ့မဲ့ကာ ပြာနှမ်း၍လာလေသည်။

"မောင် . . . မောင် . . ဘာဖြစ်တာလဲဟင် "

"ဆရာ . . ဆရာဝန် . . . ခေါ်ပါ "

မောင့်အသံတိုးတိုးညှင်းပျောက်ကွယ်ကာ ရှေ့သို့ငိုက် ကျလာသဖြင့် သူမအလျင်အမြန်ပွေ့ချီလိုက်ရသည် ။ မောင့် နှလုံးခုန်သံကို စမ်းသပ်ကြည့်လိုက်တော့ လုံးဝမရပ်တန့်သေးဘဲ အနည်းငယ်ဆက်လက်လှုပ်ရှားနေဆဲဖြစ်သည်။ မောင့်ခန္ဓာကိုယ် ကိုဒရင်းဘက်ပေါ်သို့ အသာအယာပြန်လှဲပေးလိုက်ပြီး ဖုန်းဆက် ရန် သူမအိမ်အောက်ထပ်သို့ ဆင်းခဲ့သည်။

မိသားစု ဆရာဝန်အား ဖုန်းဆက်ခေါ်ပြီးချိန်မှာတော့ အတန်ငယ် စိတ်လက်ပေါ့ပါးသွားလေသည်။ ထိုအချိန်မှာ အရိပ်တစ်ခုကျလာသဖြင့် သူမခေါင်းမော့ကြည့်လိုက်တော့ အနက်ရောင်အနွေးထည်ကလေးနှင့် မြလေးနွယ်. . .

"မင်းဘာဖြစ်လို့နောက်ကျနေတာလဲ"

"ကျွန်မ စောစောကလာပါသေးတယ် မမတို့နှစ် ယောက် ဝရံတာမှာစကားပြောနေတာတွေ့လို့ ပြန်လှည့် သွား





တာ။ မမပဲစကားပြောနေတာတွေ့ရင် မနှောင့်ယှက်ဘဲ ပြန်လှည့် သွားရမယ်ဆိုလို့ . . ."

"တို့ အဲ့ဒီလိုပြောခဲ့မိလို့လား။ အင်း . . . ထားပါလေ။ လောလောဆယ် မင်းရဲ့ ဦးကို အပေါ်မှာ သွားတွေ့လိုက်အုံး သူကောင်းကောင်းနေမကောင်းဘူး"

"ဘာ . . . ဘာဖြစ်လို့လဲ မမ "

မိန်းကလေးခမြာ ၎င်း၏ စိုးရိမ်မှုကို မဖုံးကွယ်နိုင်ရှာ ပါ။ သူမလျှော့ရဲရဲပြုံးရင်း မိန်းကလေးကို ရှင်းပြလိုက်သည်။

"တို့နှစ်ယောက်စကားပြောနေရင်း တို့ဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုကို ပြောပြလိုက်မိတယ်လေ . . ."

"အဲ့ဒီမှာ . . . သူ ရုတ်တရက်နေမကောင်းဖြစ်သွား တော့တာပဲ"

"ဒါဖြင့် မမ ဦးကိုပြောပြလိုက်ပြီပေါ့"

ဘာလဲမင်းကို ဒုတိယဇနီးအဖြစ်လက်ထပ်ပြီး ဒီအိမ်မှာ ခေါ်ထားဖို့ကိစ္စလား . . . ။ ဟင့်အင်း အဲ့ဒီအထိတောင် ပြောချိန် မရခဲ့ပါဘူး တို့ပြောပြခဲ့တာက တို့ရဲ့ဆန္ဒသက်သက်ပါ။

"ကဲ . . မင်းအပေါ်တက်လိုက်အုံး"

မိန်းကလေးထွက်ခွာသွားချိန်မှာတော့ သူမဆက်တင် မှာဝင်ထိုင်ရင်း စီးကရက်တစ်လိပ်ကိုမီးညှိကာ အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



ဖွာရှိုက်လိုက်မိသည်။ စောစောတုံးက အချိန်အထိတော့ မောင့်ရဲ့ နှလုံးခုန်ခြင်း မရပ်ဆိုင်းသေးဘဲ အားနည်းမှိန်ဖြော့စွာဆက်လက် လှုပ်ရှားနေဆဲပါပဲ။ ဒါပေမယ့် မောင်သတိပြန်ရလို့ မောင့်ဘေး မှာ သူကသေပြီလို့ ယုံကြည်နေတဲ့မြလေးနွယ်ကိုတွေ့လိုက် ရင်ဖြင့် . . . ။

f f f

(ဖတ်ရှုခဲ့ဖူးသော နိုင်ငံတကာဝတ္ထုတစ်ပုဒ်မှ ဇာတ်ကွက်တစ်ခု အား ဆင့်ပွားခံစားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရှင်မတစ်ယောက်ရဲ့

အဆင်မပြေတဲ့ဘဝနဲ့

လောကခံရဲ့ .....

တိုက်ခိုက်မှုတွေဟာ သူ့မျက်ဝန်းထဲက

အကြည့်စာတ်ကိုရော၊

သူ့ခန္ဓာကိုယ်ပေါ်က

နုပျိုလှပမှုတွေကိုပါ

မှေးမှိန်စေခဲ့ပြီး ဖြစ်နေမှာပါ .....။

Data File No. 4

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်တွေကိုမြို့ချထားတဲ့ ကောင်းကင်

သူရောက်လာတော့ . . . ကျွန်တော့်ရေးလက်စ ဝတ္ထုထဲက ဇာတ်လိုက်ကောင်မလေးနဲ့ ကျွန်တော်ဟာ ခြံကျယ်ကျယ်နဲ့ တိုက်ကြီးကြီးတစ်လုံးကို အပူတပြင်းလိုက်လံ ရှာဖွေနေချိန်ပါ။

တကယ်တော့ ကောင်မလေးလက်ရှိနေထိုင်တဲ့ လုံးချင်းတိုက်က သိပ်မသေးလှသလို ကျွန်တော့်အိမ်ကလည်း သိပ်မကျဉ်းလှပါဘူး။ ဒါပေမယ့် အဲ့ဒါတွေထက်နှစ်ဆကျယ်ဝန်းတဲ့ခြံနဲ့ တိုက်ကို ကျွန်တော်တို့နှစ်ယောက်လက်ထပ်ပြီးတဲ့အခါ နှစ်ဖက်





မိဘတွေကို ကျွန်တော်တို့အိမ်မှာ တစ်လှည့်စီ ခေါ်ထားချင်လို့ပါပဲ။

ကျွန်တော်ရောသူမပါ မိဘတွေကို ခင်တွယ်သူတွေအဖြစ် ဝတ္ထုရဲ့အစပိုင်းမှာ ကျွန်တော်ဖော်ပြထားခဲ့တယ်။ ဒါကြောင့်လည်း လက်ထပ်ခါနီး အိမ်လိုက်ရှာတဲ့အခန်းကို ဆက်လက်ရေးဖြစ်ခဲ့တာပါ။

တကယ်လို့ သူသာရောက်ရှိမလာခဲ့ရင် ကျွန်တော်တို့ လိုချင်နေတဲ့ ခြံနဲ့တိုက်ကို ရှာဖွေတွေ့ရှိတဲ့အထိ ဖော်ပြနိုင်မှာဖြစ်ပေမယ့် . . . မထင်မှတ်ဘဲ သူရောက်လာတဲ့အတွက် ကျွန်တော့်ရဲ့ ဝတ္ထုရေးခြင်းအလုပ်ကို ရပ်ဆိုင်းလိုက်ရတယ်။

တကယ်တော့ သူဟာ ကျွန်တော့်အိမ်ကိုတိုက်ရိုက်ရောက်လာတာမဟုတ်ဘဲ နှစ်လမ်းကျော်က လက်ဘက်ရည်ဆိုင်ကို ရောက်လာတာဖြစ်ပြီး သူရောက်နေကြောင်း ကွမ်းယာဆိုင်က ကောင်လေးကို အကြောင်းကြားခိုင်းလိုက်တာပါ။

"အစ်ကို . . . လက်ဘက်ရည်ဆိုင်မှာ အစ်မရောက်နေတယ်"

မှန့်ဖိုးယူပြီး အကြောင်းကြားပေးနေကျ ကောင်လေးရဲ့ စကားက စာရေးနေဆဲ ကျွန်တော့်ရင်ကိုလည်း တစ်လှပ်လှပ်လိုက်ဖိုလာစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုဒီနေ့ဟာ . . . သူနဲ့ကျွန်တော်တွေ့ဆုံဖို့ကြို တင်ချိန်းဆိုထားတဲ့နေ့မဟုတ်ဘူး။ သူ . . . ဘာအတွက်များ ရောက်လာတာပါလိမ့် . . . မမျှော်လင့်တဲ့ပြဿနာ တစ်ခုခုနဲ့ ကြုံတွေ့ရလို့များလား။ အတွေးနဲ့တင် ကျွန်တော်စိုးရိမ်ပူပန် သွားမိတယ်။

ဘာပဲဖြစ်ဖြစ်သူရောက်နေပြီဆိုတော့ အမြန်ဆုံးသွား တွေ့လိုက်တာ အကောင်းဆုံးပါပဲ။

လက်ထဲက ဘောလ်ပင်ကိုချ၊ ရေးလက်စစာမူတွေကို သိမ်း၊ အဲ့ဒီနောက် ရှပ်အကျႌတစ်ထည်ကောက်ဝတ်ပြီး သူရှိရာ လက်ဘက်ရည်ဆိုင်ဘက်ကို ကျွန်တော် ထွက်လာခဲ့တယ်။

f f f





(၂)

မြေနီလမ်းကျဉ်းလေးထဲကနေ လမ်းမပေါ်ကို ချိုးကွေ့ ဘက်လိုက်တယ်ဆိုရင်ပဲ လူရှင်းလှတဲ့ခြောက်ကပ်ကပ် လက်ဘက် ည်ဆိုင်လေးက ကျွန်တော့်အမြင်အာရုံထဲကို တိုးဝင်ရောက်ရှိလာ ာယ်။ ဆိုင်အဝင်ဝ စားပွဲတစ်လုံးမှာတော့ တစ်ငုံနှစ်ငုံသာ သောက်ရသေးတဲ့ အအေးပုလင်းကို ရှေ့ချပြီး အဝေးကိုမျှော်ငေး နေတဲ့သူကို တွေ့လိုက်ရတယ်။ သူဘာတွေ များတွေးနေပါလိမ့်။

မြင်ကွင်းအနေအထားအရ သူ့ရဲ့ခန္ဓာကိုယ် ကောက် ကြောင်းကို ဘေးတိုက်ခပ်စောင်းစောင်းအတိုင်း ကျွန်တော်တွေ့ ြင်နေရတယ်။ သူ . . သိပ်ပိန်တာပဲ။ ပါးလေးတွေက ငင်းဝါ



www.burmeseclassic.com

www.burmeseclassic.com



နူညက်နေဆဲဖြစ်ပေမယ့် အရင်ကလို မို့မို့ဖောင်းဖောင်းလေး မဟုတ်တော့မှန်း ကျွန်တော်သတိပြုလိုက်မိတယ်။

တကယ်တော့သူဟာ သိပ်လှတဲ့မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် .. အပျိုတုံးကတော့ အတော့်ကို ကြည့်ကောင်းခဲ့တာအမှန်ပါ။ ခါးလည်ထိအောင် ရှည်လျားသန်စွမ်းလှတဲ့ သူ့ဆံပင်တွေဟာ တစ်ချိန်တုံးက ကျွန်တော့် အိမ်မက်တွေကို ကမောက်ကမ ဖြစ်စေခဲ့ဖူးသလို ကျွန်တော့် ကဗျာတွေကိုလည်း ချိုမြိန်လှပစေခဲ့ဖူးတယ်။

ညနေတိုင်ပြီဆိုရင် သူတို့လမ်းထဲသွားပြီး သူရှိမယ့် ဝရံတာမြင့်မြင့်ကြီးကို မော့မော့ကြည့်ခဲ့ရတာအမောပါပဲ။ သူ့ရဲ့ ဆံပင်ရှည်ရှည်တွေအပြင် ကျွန်တော့်ကို ညို့ငင်ဖမ်းစားနိုင်ခဲ့တဲ့ နောက်ထပ်အရာတစ်ခုကတော့ ကြည်လဲ့တောက်ပလွန်းတဲ့ မျက်ဝန်းတစ်စုံပါပဲ။သူ့မျက်ဝန်းတွေရဲ့ ကြည်လင်မှုကိုငေးမော ရင်း တစ်ချိန်တုံးက ကျွန်တော်တအံ့တသြ အသက်ရှူမှားခဲ့ရဖူး တယ်။ ဘာအရိပ်အယောင် ဘာအငွေ့အသက်မှ ယှက်သန်းမနေ တဲ့ ကြည်လင်မှုမျိုးကို သူ့မျက်ဝန်းတွေထဲမှာ ကျွန်တော် ပထမ ဆုံးတွေ့မြင်ခဲ့ဖူးတာပါ။ ခုတော့ သူ့ရဲ့မျက်ဝန်းတွေဟာ အရင်က လောက် မကြည်လင်နိုင်တော့ဘူး . . . ထင်ပါရဲ့။

အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ အဆင်မပြေတဲ့ ဘဝနဲ့





လောကဓံရဲ့တိုက်ခိုက်မှုတွေဟာ သူ့မျက်ဝန်းထဲက အကြည်ဓါတ်ကိုရော၊ သူ့ခန္ဓာကိုယ်ပေါ်က နုပျိုလှပမှုတွေကိုပါ မှေးမှိန်စေခဲ့ပြီးဖြစ်နေမှာပါ။

ကျွန်တော် ဆိုင်ထဲလှမ်းဝင်ပြီး သူရှိရာစားပွဲမှာ ဝင်ထိုင်လိုက်တော့ သူဖြတ်ခနဲမော့ကြည့်တယ်။ ကျွန်တော့် ကိုတွေ့တော့ ဝမ်းပန်းတသာပြုံးပြလေရဲ့။ ဒါပေမယ့် . . . သူ့ရဲ့အပြုံးနဲ့ သူ့အကြည့်တွေမှာ တောက်ပမှုတွေက လျော့ရဲရဲနိုင်လွန်းလှပါတယ်။ အနားရောက်လာတဲ့ စားပွဲထိုး လေးကို ကျွန်တော့် အတွက် ပေါ့ဆိမ့်တစ်ခွက်နဲ့ လန်ဒန်တစ်ပွဲ သူလှမ်းမှာလိုက်တယ်။

"အစ်ကိုသမီး ဒီနေ့ကျောင်းသွားရဲ့လား"

ကျွန်တော့်အတွက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးရင်း သူလှမ်းမေးတယ်။

"ထုံးစံအတိုင်းပေါ့နွယ်ရယ်။ မသွားချင်ဘူးဆိုပြီး ဂျီကျနေလို့ ကိုယ်နဲ့ သူ့အဖွားချော့မော့ပြီး လိုက်ပို့လိုက်ရ တယ်။ ဒါနဲ့ နွယ့်သားလေးရော မူကြိုအပ်ဖြစ်လား"

"တစ်နေ့ကပဲအပ်လိုက်ပြီ။ မူကြိုကရှေ့အပတ်မှ ပို့မှာလေ။ ဒီနေ့တော့ သူ့ဒေါ်လေးနဲ့ပဲ ထားခဲ့လိုက်တယ်"

"နွယ့်ညီမက ကလေးကိုဂရုစိုက်ရဲ့လား"

ကျွန်တော့်စကားထဲက စိတ်မချသံကို သူသတိပြုမိ



www.burmeseclassic.com

www.burmeseclassic.com

သွားပုံပါပဲ။ နှုတ်ခမ်းထောင့်စွန်းကို တွန့်ပြီးပြုံးရင်း . . .

ညီမလေးက ကလေးအဖေကိုသာကြည့်မရရင်နေမယ်၊ ကလေးကိုတော့ ချစ်ရှာပါတယ်အစ်ကိုရယ်လို့ ပြန်ဖြေတယ်၊ သားလေးတစ်ယောက်နဲ့နွယ်ရဲ့နေ့စဉ်ဖြတ်သန်းမှုတွေက အဆင် မှပြေရဲ့လားလို့ ကျွန်တော်မေးလိုက်ချင်ပေမယ့် ချက်ချင်းပဲ မမေး ဖို့ဆုံးဖြတ်လိုက်တယ်။

အဲ့ဒီမေးခွန်းအစား တစ်ခြားသိချင်နေတာ တစ်ခုကို ကျွန်တော် ပြောင်းမေးလိုက်တယ်။

"နွယ် . ကိုယ့်ဆီလာတာ အကြောင်းထူးတစ်ခုခုရှိလား ကိုယ်တို့ချင်းချိန်းမထားဘဲ ရုတ်တရက်ရောက်လာလို့မေးတာ"

"သူ ကျွန်တော့်ကို စိုက်ကြည့်ပြီး ခနဲ့သလိုမျိုး မချိုမချဉ် ပြုံးတယ်။ ပြီးမှ . . . ကျွန်တော့်ကို ပြန်မေးတယ် ဒီနေ့ ဘယ်နှစ် ရက်နေ့လဲ . . တဲ့။ ဆယ်ရက်နေ့ပေါ့လို့ ကျွန်တော်ဖြေတော့ . . "

"ဒါဖြင့် မနက်ဖြန်ကော . . . တဲ့။"

မနက်ဖြန် ဆယ့်တစ်ရက်နေ့လေ . . . လို့ လွှတ်ခနဲ ဖြေပြီးမှ သူ့ရဲ့ဦးတည်ချက်ကို ကျွန်တော်ချက်ချင်းသဘောပေါက် သွားပြီး ကျွန်တော့်အပေါ် ဂရုတစိုက်ရှိမှုအတွက် ရင်ထဲမှာနွေး ခနဲခံစားလိုက်ရတယ်။မနက်ဖြန်ဆယ့်တစ်ရက်နေ့ဟာကျွန်တော့် ရဲ့သုံးဆယ့်ငါးနှစ်မြောက်မွေးနေ့ဖြစ်တယ် ဆိုတာကို ကျွန်တော်





ကိုယ်တိုင် မေ့လျော့နေခဲ့မိပေမယ့် နွယ်ကတော့ မှတ်မှတ်သား သားရှိနေပုံပါ။

"နွယ်ထင်တယ် ကိုယ့်မွေးနေ့ ကိုယ်မေ့နေလိမ့်မယ် ဆိုတာ ဒါကြောင့်မို့ သတိပေးရအောင် နွယ်ရောက်လာတာ ဆိုလား။ ပြီးတော့ မွေးနေ့လက်ဆောင်လည်းပေးချင်လို့"

သူပေါင်ပေါ်ကအထုပ်တစ်ထုပ်ကိုလှမ်းပေးလို့ ဖွင့်ကြည့် လိုက်တော့ အသင့်ချုပ်ပြီးသား လုံချည်တစ်ထည် ဖြစ်နေတယ်။ အဆင်အသွေးက ကျွန်တော်ကြိုက်တတ်တဲ့ ရင့်ရင့်မှိုင်းမှိုင်း အဆင်မျိုးပါ။

"လက်ဆောင်တွေဘာတွေ တကူးတကပေးရလောက် အောင် သူစိမ်းတွေမှမဟုတ်ပဲ နွယ်ရယ် . . ."

"ဘာဆိုင်လဲ အစ်ကိုရဲ့ မွေးနေ့ဆိုတာ အမှတ်တရ တော့ ရှိစေချင်တာပေါ့။ ဘာလဲ အစ်ကိုကအားနာလို့လား။ ဒါဖြင့်လည်း နွယ့်ကို လက်ဆောင်တစ်ခုခုပြန်ပေးလေ"

"နွယ် . . . ဘာလိုချင်လဲပြော"

"ကတိတွေ . ."

"ဟိုး . . . အရင်တုံးက အစ်ကိုပေးဖူးတဲ့ ကတိတွေလေ။ အဲ့လိုကတိမျိုးတွေ နွယ်ပြန်လိုချင်တယ်"

သူ့စကားကကျွန်တော့်ရင်ကို ပြင်းပြင်းထန်ထန် ထုပ်ခါ


www.burmeseclassic.com

www.burmeseclassic.com



သွားစေတယ်။ ကတိတွေ . . . တဲ့။

မှတ်မှတ်ရရ သူနဲ့ကျွန်တော် သမီးရည်းစားဖြစ်ခဲ့တုံးက ကျွန်တော်သူ့ကို လွှန်လွှန်ကျူးကျူးကတိတွေပေးခဲ့ဘူးတယ် . . . ဆိုပါစို့ . . . နွယ့် မွေးနေ့ကစပြီး ကျွန်တော်ဘီယာမသောက် တော့ဘူးဆိုတာမျိုး။ နွယ်ကလွဲပြီး တစ်ခြားမိန်းကလေးတွေကို မငမ်းတော့ဘူးဆိုတာမျိုး ဘယ်တုံးကမှမတည်ခဲ့ဖူးတဲ့ ကတိမျိုး တွေပါ။

အဲ့ဒီထဲက ဝမ်းနည်းစရာကောင်းလောက်အောင် မှတ်မိ နေတဲ့ ကတိတစ်ခုကို ဖြတ်ခနဲသတိရလိုက်မိတယ်။

"ကိုယ်တို့ လက်ထပ်ပြီးရင် နွယ်နဲ့တူတဲ့ သမီးလေး ရယ် ကိုယ်နဲ့တူတဲ့သားလေးရယ် , ကလေးနှစ်ယောက် မွေးမယ်ကွာ နွယ်ရယ်ကိုယ်ရယ် ကလေးနှစ်ယောက်ရယ် ပြီးတော့ နွယ့်မိဘနဲ့ ကိုယ့်မိဘတွေနေဖို့ ခြံအကျယ်ကြီးနဲ့ အိမ်အကြီးကြီးတစ်လုံးဝယ် မယ်၊ အဲ့ဒီခြံထဲမှာ ကလေးတွေကူးဖို့ရေကူးကန်တစ်ခုရယ်။ နွယ်နဲ့ ကိုယ် ညနေတိုင်းလမ်းလျှောက်ဖို့ ပန်းခြံတစ်ခုရယ် ပါစေရမယ်"

"သိပ်မကြီးကျယ်လွန်းဘူးလား အစ်ကိုရယ်"

"အို . . . ကြီးကျယ်စမ်းပါစေ၊ ကိုယ်ဖြစ်အောင် ကြိုးစား မှာပေါ့ . . . နွယ်ရဲ့"

"ဟုတ်ပါပြီ ဒါပေမယ့် နွယ်က သိပ်ခမ်းခမ်းနားနား ကြီးမနေတတ်လို့ပါ။ နည်းနည်းတော့လျှော့ပါအုံး အစ်ကိုရယ်"

"အို . . . မလျှော့နိုင်ဘူးကွာ"

အဲ့ဒီတုံးကတော့ ကျွန်တော်တို့နှစ်ယောက်စလုံးအိပ်မက် ကိုယ်စီနဲ့ တကယ့်ကို ပေါ့ပေါ့ပါးပါးပျော်ရွှင်ခဲ့ကြတယ်။ ဒါပေမယ့် ခုချိန်မှာတော့ကျွန်တော့်ရဲ့ကတိဟာလက်တွေ့ဘဝနဲ့ဘယ်လောက် များဝေးကွာလိုက်ပါသလဲ။

"အစ်ကို . . . ဘာတွေစဉ်းစားနေတာလဲ"

ငေးငိုင်ငြိမ်သက်သွားတဲ့ ကျွန်တော့်ကို ကြည့်ရင်း အားမလို အားမရနဲ့ သူလှမ်းမေးတယ်။

"ဩော် . . . နွယ့်ကို ဘယ်လိုကတိမျိုးပေးရင် ကောင်း မလဲ စဉ်းစားနေတာပါ"

"ဒါများ အစ်ကိုရယ် ခက်ခက်ခဲခဲလုပ်လို့"

သူကျွန်တော့်ကို ခပ်ငေးငေးစိုက်ကြည့်ရင်း သက်ပြင်း တစ်ချက်ချတယ် ပြီးမှခေါင်းငုံ့ပြီး တစ်လုံးချင်းအဖြေပေးတာ "နွယ်နဲ့ အစ်ကို မြန်မြန်နီးအောင်ကြိုးစားမယ်ဆိုတဲ့ ကတိမျိုး ပေါ့ "

သူ့စကားကြောင့် ပင့်သက်တစ်ခုကို ကျွန်တော် အမော တကောရှိုက်သွင်းလိုက်မိတယ်။

f f f





www.burmeseclassic.com

(၃)

သူ့ကို ခြောက်ဆယ့်တစ်ဘတ်စ်ကားပေါ်တင်ပေးလိုက်ပြီး ဖြစ်ပေမယ့် အိမ်ပြန်သေးဘဲ ကားဂိတ်မှာဆက်ထိုင်နေမိတယ်။ ဘာရယ်မဟုတ်ပါဘူး သူငယ်တန်းကျောင်းသူသမီးလေးကို ကျောင်းဝင်ကြိုသွားချင်လို့ အချိန်ဖြုန်းတဲ့ သဘောနဲ့ ရပ်နေမိတာပါ။

အဲ့ဒီအချိန်မှာပဲ ကျွန်တော့်ကို ဦးတည်လာတဲ့ စကားသံတစ်ခုကို ကြားလိုက်ရတယ်။

"နောင်ကြီးတို့နှစ်ယောက်ကြည့်ရတာ တစ်ယောက်ကိုတစ်ယောက် အတော်ချစ်ကြပုံပဲ"





အသံလာရာကို လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့နှစ်ယောက် စောစောကလက်ဘက်ရည်ဆိုင်လေးမှာ ထိုင်တိုင်းကြာခဏဆုံဖြစ်လို့မျက်မှန်းတန်းမိနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ အခုလည်း နွယ့်ကို ဘတ်စ်ကား ပေါ်တင်ပေးတာ အဲ့ဒီလူက အစအဆုံးမြင်တွေ့သွားပုံပါပဲ။

ကျွန်တော့်အနားလျှောက်လာရင်း လန်ဒန်စီးကရက်ဘူးကိုထုတ်ပြီး တစ်လိပ်ကမ်းပေးလို့ လူမှုရေးအရ လှမ်းယူလိုက်ရတယ်။

"ကျွန်တော် နောင်ကြီးတို့နှစ်ယောက်ကို သတိထားမိနေတာကြာပြီဗျ။ နောင်ကြီးနဲ့ နောင်ကြီးရဲ့အမျိုးသမီးကို ကြည့်ပြီး ကျွန်တော်ကအားကျနေတာ။ အသက်တွေလည်း ငယ်မှငယ်ကြတော့ဘဲဗျာ။ ဘာဖြစ်လို့ မယူကြသေးတာလဲ။ အဲ . . . ဘာကြောင့် လက်မထပ်ကြသေးတာလဲလို့မေးတာပါ"

"သူရော ကျွန်တော်ပါ လက်ထပ်ပြီးသားပါ"

စီးကရက်ကို မီးညှိရင်း ကျွန်တော်ပြောလိုက်တော့ စောစောကလူက ကျွန်တော့်မျက်နှာကို ခပ်ကြောင်ကြောင် လှမ်းကြည့်တယ်။ ပြီးမှ တစ်စုံတစ်ရာကိုခပ်ကြောင်ကြောင် လှမ်းကြည့်တယ်။ ပြီးမှ တစ်စုံတစ်ရာကို သဘောပေါက် သွားပုံနဲ့ "ဆောရီးဗျာ" လို့ ရေရွတ်ရင်း ထိုးဆိုက်လာတဲ့ ဘတ်စ်ကားဆီကို

www.burmeseclassic.com

ခပ်သုတ်သုတ်ထွက်ခွာသွားတယ်။

ကြည့်ရတာဖြင့် ကျွန်တော့်စကားအပေါ်မှာ အမိပ္ပါယ် ကောက်လွဲသွားပုံပါပဲ။ လှမ်းခေါ်ပြီးရှင်းပြလို့ရပေမယ့်၊ ခုလော လောဆယ် ရှင်းချင်စိတ်မရှိလို့ ကျွန်တော် အသာပဲ ငြိမ်နေလိုက် တယ်။

နွယ်နဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ခြောက်နှစ်ကျော် ခုနှ နှစ်လောက်ကတည်းက လက်ထပ်ထားခဲ့ကြတဲ့ လင်မ ယားတွေ မှန်းသာသိရင် စောစောကလူ အခုထက်ပိုပြီး အံ့ဩသွားနိုင် ပါတယ်။ တကယ်လို့ အဲ့ဒီကိစ္စကိုမအံ့ဩဘူးဆိုရင်တောင် ကျွန် တော်တို့နှစ်ယောက်ဝေးကွာသွားကြရတဲ့ အကြောင်းရင်းကိုသိရင် တော့အံ့ဩမှာ အသေအချာပါပဲ။

ကျွန်တော်နဲ့ လက်ထပ်မယ်ဆိုတော့ ပထမဦးဆုံး ရင်ဆိုင်ရတဲ့ ပြဿနာက လက်ထပ်ပြီးရင် ဘယ်မှာနေကြမလဲ ဆိုတာပါ။ကျွန်တော့်အိမ်က ကျဉ်းတဲ့အပြင် မိသားစုကလည်း များလှတာမို့ ကျွန်တော်တို့နှစ်ယောက်ကပ်နေနိုင်လောက် အောင် အခွင့်အရေးမရခဲ့ပါဘူး။ သူနေတဲ့ သူ့အစ်မတိုက်ခန်းက အတော် အသင့်ကျယ်ဝန်းပေမယ့် အဆင်မပြေတာတစ်ခုက သူ့ဆွေမျိုး တွေရဲ့ ကျွန်တော့်အပေါ်သဘောထားပါ။ သူ့ဆွေမျိုးတွေက သူနဲ့ကျွန်တော် လက်ထပ်မှာကို မကန့်ကွက်ပေမယ့် လိုက်လိုက်





လှဲလှဲသဘောတူတာမျိုးတော့လည်း မရှိကြဘူး။

ပြောရရင်တော့ မဖြစ်ညစ်ကျယ်စာရေးဆရာ ကျွန် တော့်အပေါ်အထင်သေးပုံပါ။ တက္ကသိုလ်တက်နေတဲ့ ညီမတစ် ယောက်ဆိုရင်ဘယ်ဘဝကရေစက်လည်း မပြောတတ်ဘူး လမ်း တွေ့ရင် မျက်နှာရှစ်ခေါက်ချိုးနဲ့ တစ်ဘက်လှည့် သွားတတ်သလို ဖုန်းဆက်လို့ ကျွန်တော့် အသံကြားရင်လည်း ဂွပ်ခနဲဖုန်းချပစ် တတ်ပါတယ်။ ကလေးမရဲ့ မောက်မမှုကို တွေမြင်နေလျက်နဲ့ ဘယ်သူမှ ဝင်မဆုံးမကတည်းက သူ့ ဆွေမျိုးတွေရဲ့သဘောထား ကို ကျွန်တော်နှစ်ယောက်စလုံး ခန့်မှန်းနိုင်ခဲ့တယ်။

နောက်ဆုံးတော့ နှစ်ဘက်အသိုင်းအဝိုင်းရဲ့ ကူညီ ဖေးမ မှုကို မမျှော်လင့်နိုင်မှန်းသေချာသွားချိန်မှာတော့ ကျွန်တော်တို့ နှစ်ယောက်နှစ်ဦးသဘောတူလက်ထပ်ပြီး အိပ်ခန်းကျဉ်းကျဉ်း လေး တစ်ခန်းငှားလို့ ဘဝကိုကိုယ်ထူ ကိုယ်ထ စတင်လိုက်ကြ တယ်။

အိမ်ထောင်ဦးကာလရဲ့ အစောပိုင်းနှစ်တွေမှာ အခက် အခဲအတော်များများကြုံတွေ့ခဲ့ပေမယ့် နှစ်ယောက် စလုံးကြံ့ကြံ့ခံ နိုင်ခဲ့ကြတယ်။ အိမ်ငှားခ နှစ်ချုပ်စရိတ်တွေ တစ်ရိပ်တိုးမြင့် လာလို့ အသက်ရှူကြပ်ခဲ့ရပေမယ့် သမီးဦးလေး မွေးပြီးအချိန်ထိ အသက်ရှူမရပ်အောင် တောင့်ခံနိုင်ခဲ့ပါသေးတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . ဒုတိယမြောက်သားလေးမွေးလာချိန်မှာတော့ ကျွန်တော်တို့ ဆက်ပြီးတောင့်မခံနိုင်တော့ဘူး။

ကလေးနှစ်ယောက်ရဲ့ နို့မှုန့်စရိတ်၊ ကျန်းမာရေး စရိတ်တွေက အိမ်ဆက်ငှားဖို့စုဆောင်းထားတဲ့ငွေတွေကို အခိုးအငွေ့တွေ အဖြစ်ပြောင်းလဲသွားစေခဲ့တယ်။ အဲ့ဒီ နောက်တော့ ကျွန်တော်တို့တစ်စုံတစ်ရာကို ပြတ်ပြတ် သားသားဆုံးဖြတ်ရပါတော့တယ်။ မှတ်မှတ်ရရ သားလေး နှစ်နှစ်ပြည့်ဖို့ နှစ်လအလိုညမှာပါ။

"အစ်ကို . . . ဘယ်လို စဉ်းစားထားလဲဟင်"

စိုးရွံ့အားငယ်မှုကြောင့် အဲ့ဒီညက သူ့အသံတွေဟာ သိသိသာသာကို တုန်ခါနေခဲ့တယ်။ ခုလိုအခြေအနေမျိုးနဲ့ကြုံလာရင် ဘယ်လိုလုပ်ရမလဲဆိုတာကို အစောကြီးကတည်း က စဉ်းစားထားပြီးဖြစ်ပေမယ့် ဖွင့်ပြောဖို့ကိုတော့ ကျွန်တော့် နှုတ်က ဆွံ့အမိတယ်။

"ပြောပါအုံး အစ်ကိုရဲ့၊ နွယ်တို့ ဘာဆက်လုပ်ကြမလဲ . . . ဟင်"

အားကိုးတကြီးနဲ့ တတွတ်တွတ်မေးနေတဲ့သူ့ နောက်ဆုံးတော့ အားနာနာနဲ့ပဲ ကျွန်တော် အဖြေပေးလိုက်တယ်။

"နွယ်နဲ့ ကိုယ်ခဏတဖြုတ်ခွဲနေကြတာပေါ့"





"ရှင်"

"နွယ်က သားလေးကိုခေါ်ပြီး နွယ့်အစ်မဆီမှာ ခဏသွားနေလေ။ ကိုယ်ကတော့ သမီးလေးနဲ့ အမေတို့အိမ်မှာသွားနေမယ် သမီးလေးက ဒီနှစ်ကျောင်းစတက်မှာဆိုတော့ ကိုယ်ခေါ်ထားမှအဆင်ပြေမှာ နွယ်ရဲ့"

ကျွန်တော့်အသံတွေက အေးဆေးတည်ငြိမ်နေလို့ ကိုယ့်ကိုတောင် အံ့ဩရပါသေးတယ်။ တကယ်တော့ အဲ့ဒီ စကားကိုပြောနိုင်ဖို့ အိမ်ထောင်ဦးစီးယောကျ်ားတစ်ယောက် ရဲ့မာနကိုတစ်စစီဖြစ်အောင်ချနင်းလိုက်ရတာပါ။

"ကောင်းပါ့မလား၊ အစ်ကိုရယ် လူကွဲရဲ့စရာများဖြစ်နေမလား"

"အခိုက်အတန့်ပါ နွယ်ရဲ့။ အိမ်ငှားနိုင်လောက်အောင် အခြေအနေကောင်းတဲ့အခါကျတော့ စုစုစည်းစည်း ပြန်နေကြတာပေါ့။ နွယ့်အစ်မတွေကဲ့ရဲ့မှာစိုးရင် စိတ်သဘော ထားချင်းမတိုက်ဆိုင်လို့ ခဏခွဲနေတာလို့ပြောပေါ့။ နွယ်တို့ သားအမိရဲ့စားစရိတ်နဲ့ အသုံးစရိတ်အတွက် ကိုယ်လစဉ်ထောက်ပံ့မှာပါ'"

"အစ်ကိုရယ် . ."

အဲ့ဒီညက နွယ် ကျွန်တော့်ရင်ခွင်ထဲကို ခေါင်းတိုးဝင်ရင်း ငိုကြွေးပါတယ်။ ပြီးတော့ . . . "အစ်ကိုနဲ့ မခွဲနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့လည်းတတွတ်တွတ်ရေရွတ်လေရဲ့။သူ မခွဲနိုင်သလို ကျွန်တော်လည်း မခွဲချင်ပေမယ့် . . . ကံကြမ္မာကတော့ ကျွန်တော်တို့နှစ်ယောက်ကို ခွဲသွားခဲ့ပါပြီ။

f f f





(၄)

သမီးလေးကို ကျောင်းကြို့ပြီး အိမ်ပြန်လာတော့ သုံးစံအတိုင်း သမီးကမေးနေကျမေးခွန်းကိုမေးတယ်။

"မေမေ ဘယ်တော့ပြန်လာမှာလဲဟင်" . . . တဲ့။

ကျွန်တော်လည်း ဖြေနေကျအတိုင်း "မနက်ဖြန်"လို့ အဖြေပေးလိုက်တယ်။

အိမ်ရောက်တော့ သမီးကို သူ့အဖွားလက်အပ်ပြီး ရေးလက်စဝတ္ထုကို အမြန်ဆုံးပြီးအောင်ရေးပါတော့တယ်။ ဒီဝတ္ထုပြီးတဲ့အခါ ခြံကျယ်ကျယ်နဲ့ အိမ်ကြီးကြီးတစ်လုံး မဝယ်နိုင်တောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းကျဉ်းကျဉ်းလေးတစ်ခန်းငှားနိုင် ကောင်းရဲ့ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။

ဝတ္ထုထဲမှာ ဇာတ်လိုက်ကောင်မလေးနှယ်နဲ့ ဇာတ်ကောင်ကျွန်တော်တို့ ကြီးကျယ်ခမ်းနားစွာလက်ထပ်လိုက်ကြပါတယ်။ လက်ထပ်ပွဲမှာ နှစ်ဘက်မိဘတွေက တိုက်တစ်လုံးကားတစ်စီးစီ လက်ဖွဲ့ကြပါသတဲ့ . . . ။

f f f



ထိုနေ့မှစ၍ ...

ဖုန်းနီနီလေးတစ်လုံးမှတစ်ဆင့်

သူမတို့နှစ်ယောက် တွေ့ဆုံခဲ့ကြသည်။

ရယ်စရာမပါဘဲ ရယ်မောရသည့်စကားတွေပြောရင်း .....

ကျောင်းသွားကျောင်းပြန် ဖြုံးဖြုံးနှုတ်ဆက်ရင်း ....

အိပ်ရေးပျက်ရင်ခုန်ရင်းနှင့်ပင် .....

သူမတို့နှစ်ယောက် ....

ဇာတ်လမ်းစခဲ့ခြင်းဖြစ်သည်။

## Data File No. 5

www.burmeseclassic.com

www.burmeseclassic.com

# လိပ်ပြာ

တယ်လီဖုန်းစကားပြောခွက်ကို နှုတ်ခမ်းနှင့်ထိလုနီးပါး တိုးကပ်ထား၏။ ကြိမ်ခုံပုပုလေးပေါ်တွင် ကျုံ့ကျုံ့လေး ထိုင်ကာ တံတောင်ဆစ်များကို ဒူးပေါ်အားပြု၍ ခေါင်းငုံ့ထားသော ကြောင့် ဝေ့ဝဲကျနေသည့် ဆံပင်ရှည်ရှည်များက မျက်နှာတစ်ခြမ်း ကို ဖုံးကွယ်ထားသည်။

တစ်ချက်တစ်ချက် ခပ်တိုးတိုးရယ်မောလိုက်သည်မှ အပ များသောအားဖြင့် တစ်ဖက်မှပြောသည့် စကားကိုသာ "အင်း" လိုက်၍နားထောင်နေပုံရသည်။ တစ်ခါတစ်ရံ တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်ပြန်ပြောတတ်၏။ သို့သော်အသံမှာ တိုးညှင်းလှ သောကြောင့် အားစိုက်၍နားထောင်သော်လည်း ဘာမှမကြားရ။

ပခုံးနှစ်ဖက်ကိုကျုံ၍ ဖုန်းအနီလေးနှင့် ခပ်တိုးတိုး စကားပြောနေသော ညီမလေးကို ငေးကြည့်နေမိသည်။ သူမ၏ ညီမလေးသည် နားထောင်ခွက်ထဲမှ ထွက်ပေါ်နေမည့် တစ်စုံ တစ်ယောက်၏ စကားသံမှလွဲလျှင် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့ထားပုံရလေသည်။ တစ်ချက်တစ်ချက် ဆံပင်ရှည်ရှည် လေးများခါယမ်းသွားသည်အထိ တသိမ့်သိမ့်ရယ်မောရင်း ထို တစ်စုံတစ်ယောက်၏ စကားသံတွင် နစ်မြောနေ၏။

"အဲဒီတစ်စုံတစ်ယောက်က ဘယ်သူများပါလိမ့်"

သိချင်စိတ်က သူမ၏ ရင်တွင်း၌တငွေ့ငွေ့အုံ့ဖွဲ့နေ၏။ အရာရာတို့ ခပ်ပေါ့ပေါ့ သဘောထားတတ်တဲ့ ညီမလေးကို ဒီလောက်ထိ ဆွဲဆောင်နိုင်တာဟာဘယ်သူပါလိမ့်။ ညီမလေး ၏ သူငယ်ချင်းတွေအမည်ကို သူမလျှောက်ရွတ်ကြည့်မိသည်။ ပုလဲ၊ ပူစူးမ၊ မာလာတင်၊ ယမုံသူ၊ ဟင့်အင်း . . . တစ်ယောက်မှ မဖြစ်နိုင်ဘူး။ သူမသိတဲ့ လူတွေထဲကတော့ တစ်ယောက်မှ မဟုတ်နိုင်ပါ။

ဒါဆိုရင် ဘယ်သူလဲ၊ ညီမလေးနဲ့တွတ်ထိုးပြီး စကား





ပြောနေတဲ့ အဲ့ဒီတစ်စုံတစ်ယောက်ဟာ ဘယ်သူလဲ၊ ရုတ်တရက် သူမရင်ထဲသို့ သံသယတစ်ခုလှစ်ခနဲ ဝင်ရောက်လာ၏။ ဟင့်အင်း . . . . မဖြစ်နိုင်ဘူးလေဟု ဖြေဖျောက်ကာ တွေးနေရင်းမှာပင် သံသယ၏ အတိုင်းအဆက ထုထည်ပမာဏ ကြီးမားလာလေ သည်။

ဘုရား . . . ဘုရား . . . မဟုတ်ပါစေနဲ့။ တစ်ဆိတ် လောက် ကျေးဇူးပြုပြီး မဟုတ်လိုက်ပါစေနဲ့။

သက်ပြင်းတစ်ချက်ကို ရှိုက်၍ ဆုတောင်းနေစဉ်မှာပင် ဘစ်ချိန်တုန်းက စကားပြောကောင်းသည့် ကောင်လေး တစ် ယောက်ကို ဖျတ်ခနဲသတိရလိုက်မိသည်။ ထိုစဉ်က . . .

f f f



www.burmeseclassic.com

www.burmeseclassic.com

(၂)

ထိုစဉ်ကသူမလည်း ညီမလေးလိုပင် အဖြူအစိမ်းနှင့် ဆယ်တန်းကျောင်းသူလေးဖြစ်ခဲ့၏။ ဝတ္ထုတွေထဲမှာပါတတ်သည့် "အချစ်" ဟူသော ဝေါဟာရကိုကြားတိုင်း လှုပ်ခနဲရင်ဖိုသွားတတ်သည့် ရွှေရင်သိမ်းသစ်စအရွယ်။ ပြီးတော့ ရည်စားထားကြည့်ချင်သည့် ရူးမိုက်သောစိတ်ကူးတို့ဖြင့် ရင်ခုန်တတ်စအချိန်။

ထိုအချိန်မှာ သူ့ကိုစတွေ့ခဲ့ခြင်းဖြစ်သည်။ ညနေကျောင်းဆင်းချိန်တိုင်း သူမတို့လမ်းထိပ် အုတ်ခုံလေးမှာထိုင်ပြီး ကျောင်းပြန်တဲ့သူမကို ငေးကြည့်တတ်တဲ့ အသားညိုညို၊ အရပ်





ရှည်ရှည် ကောင်လေးတစ်ယောက်ကို တွေ့ခဲ့မိခြင်းသည် သူမဘဝအတွက် ကံဆိုးမိုးမှောင်ကျခြင်းပင်ဖြစ်လေသည်။

သက်ပြင်းတစ်ချက်ချရင်း ညီမလေးကို လှမ်းကြည့်လိုက်တော့ သူမ၏ ညီမလေးသည် ဖုန်းခွက်ကိုကိုင်ထားရင်းမှ တသိမ့်သိမ့်ရယ်မောနေပြန်သည်။ တယ်လီဖုန်းထဲမှ ထွက်ပေါ်နေသည့် အသံလေးတစ်သံကို ပတ်ဝန်းကျင်ရှိအရာအားလုံးထက် တန်ဖိုးထားစွာ ဂရုတစိုက်နားထောင်နေသည့် ညီမလေးကိုကြည့်၍ သူမတုန်းကလိုပါပဲလားဟု တွေးလိုက်မိသည်။

သူမတုန်းကလည်း ဒီလိုပါပဲ။ တယ်လီဖုန်းထဲမှ စကားသံချိုချိုတွေကို အမြတ်တနိုးတန်ဖိုးထားခဲ့ဖူး၏။ တစ်ရက်လောက်သူဖုန်းမဆက်လျှင်ပင် သူမမှာမနေနိုင် မထိုင်နိုင်ဖြစ်ခဲ့ရသည်။ ဘာဖြစ်လို့ ဖုန်းမဆက်တာပါလိမ့်ဟုတွေးရင်း စိတ်ပူပန်ခဲ့ရသည်။ ဒါပေမယ့် ကြာခဲ့ပါပြီလေ။ အတော့်ကိုကြာခဲ့ပြီ။ မရှိဘူးဆိုရင်တောင် အနည်းဆုံးခြောက်နှစ်၊ ခုနှစ်နှစ်လောက်တော့ ရှိလောက်ရောပေါ့။

သည်တုန်းက ညနေတိုင်း ကျောင်းပြန်လာသည့် သူမကိုငေးကြည့်ရင်း သူ့အကြည့်တွေကိုလည်း သူမက ရင်ဖိုစွာတုံ့ပြန်ရင်းနှင့်ပင် ဇာတ်လမ်းစခဲ့ကြသည်။ အဲဒီတုန်းက သူမကိုကြည့်သော သူ့အကြည့်တွေက သူမကြိုက်တဲ့စာရေးဆရာမတွေရဲ့ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

ထဲက ဇာတ်လိုက်ရဲ့အကြည့်မျိုး။ ဘာတဲ့ "ညှို့ယူနိုင်စွမ်းသော" ဆိုလား။ အဲလိုအကြည့်မျိုးနှင့် သူမကို ငေးကြည့်ခဲ့၏။ သည်တုန်းက သူ၏စူးရှသော အကြည့်များကြောင့်ခြေလှမ်းတို့ မှားယွင်းသည်အထိပင် ဖြစ်ခဲ့ရဖူးသည်။

သို့သော် ကျောင်းသွားကျောင်းပြန် အမြဲပါနေကျ မမကြီးကြောင့် သူမတို့ဇာတ်လမ်းက ထိုမျှနှင့်ပင်ရပ်တန့်နေခဲ့သည်။ ထိုစဉ်က မမကြီးသည် (ယခုညီမလေးကို သူမ အုပ်ထိန်းသလိုပင်) ကြပ်ကြပ်မတ်မတ်အုပ်ထိန်းခဲ့၏။ သွားလျှင်လည်း မမကြီးကိုယ်တိုင်ဖြစ်စေ၊ အခြားတစ်ယောက်ဖြစ်စေ အဖော်လိုက်ပါတတ်မြဲဖြစ်သည်။

ထို့ကြောင့် ညနေတိုင်း မျက်လုံးနှင့် ရင်ဖိုစေရုံမှလွဲ၍ သူဘာမှမတတ်နိုင်ခဲ့ပါ။ တကယ်တော့ သူမတို့ဇာတ်လမ်းသည် ထိုမျှလောက်နှင့်ပင် ပြီးဆုံးသွားဖို့ကောင်းပါသည်။

သို့သော် . . . ကံကြမ္မာသည် ဆိုးဝါးစွာပင် သူ့ဘက်သို့ မျက်နှာ လိုက်ခဲ့၏။ ပြီးတော့ သူမအတွက် ကံဆိုးသောအကြောင်း တစ်ချက်ကလည်း အသေအချာကိုရှိနေခဲ့သည်။

ယင်းမှာ သူမတို့အိမ်၌ တယ်လီဖုန်းနံပါတ်လေးတစ်လုံးရှိနေခြင်းပင်ဖြစ်သည်။

f f f





(၃)

စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသော ဖုန်းသံကြောင့် သူမ လန့်သွားမိသေးသည်။ ဖုန်းခွက်ကိုမ,ယူ၍ "ဟယ်လို" လို့ ထူးမိစဉ်မှာပင် "ဝေးဝေးလား" ဟူသော ယောကျ်ားသံတစ်ခုကို ကြားလိုက်ရတော့ အံ့ဩတုန်လှုပ်စွာဖြင့် . . .

"ဘယ်သူလဲ" ဟူသော မေးခွန်းကို အလောတကြီး နိုင်လှစွာပြန်မေးခဲ့မိသည်။ ဖုန်းထဲမှအသံက ခေတ္တတိတ်ဆိတ်သွားပြီးမှ တိုးတိုးလေးအဖြေပေးသည်။

"တို့ပါ . . . အုတ်ခုံပေါ်ကလူလေတဲ့ . ."


www.burmeseclassic.com

www.burmeseclassic.com

"အို . . ."

ရင်တစ်ခုလုံး ပြောင်းဆန်သွားသလားဟုပင် ထ
လိုက်မိသည်။ကြောက်လိုက်တာလေ။ ရင်ထဲမှာတလှပ်လှပ်
ဖုန်းကိုင်ထားတဲ့ လက်တွေကလည်း တဆတ်ဆတ်တုန်လို့။ လူ
တွေပြောပြောနေကြတဲ့ "အချစ်" ဆိုတာဟာ ဒါပဲထင်ပါရဲ့
သည်တုန်းကသည်လိုပင် ရှုးမိုက်စွာသူမတွေးခဲ့မိသည်။

အဲဒီတုန်းက သူမဘာတွေဆက်ပြောနေခဲ့သည်ကိုပ
သူမမမှတ်မိတော့။

"ဒါပဲနော် . . . ဖုန်းချလိုက်တော့မယ်"

ဆိုသည့်စကားတွေကိုတော့ ငါးခါလား ခြောက်ခါလာ
မသိ သူမပြန်ပြောဖြစ်ခဲ့သည်။ သို့သော် ဖုန်းအဆက်အသွယ်
ပြတ်သွားစေချင်လျှင် ဖုန်းခွက်ကို ပြန်တင်လိုက်ရမည်ဟူသည်
အလွန်လွယ်ကူသောကိစ္စလေးကိုတော့ သူမသိလျက်နှင့် လုံးလုံး
လျားလျားကို မေ့လျော့နေခဲ့သည်။ "အရာအားလုံးကို မေ့လျော့
သွားစေတာဟာ အချစ်ပဲထင်ပါရဲ့"။

ထိုနေ့က သူဖုန်းချသွားပြီးနောက်မှာတော့ တလှပ်
လှပ်ခုန်နေသော ရင်အစုံနှင့်အတူ အိပ်ရာပေါ်သို့သွားကာ ပစ်လှဲ
ချလိုက်သည်။

သူ . . . ဘာတွေများပြောသွားပါလိမ့်၊ ဝေးဝေးကို






ချစ်တယ် . . . ဆိုတဲ့စကားများ သူပြောခဲ့သေးလား။ ပြောခဲ့တယ်
ထင်ပါရဲ့ . . .။

ဟုတ်တယ် . . .

သူပြောခဲ့မှာပါ။ ဘာပဲဖြစ်ဖြစ် ဒီစကားကိုတော့ သူပြော
ခဲ့ရမယ်။ ရှင်ဖို့စွာဖြင့် သူမလျှောက်တွေးနေခဲ့မိသည်။ ထိုနေ့က
သူမ စာမကျက်ဖြစ်ခဲ့။ ပြီးတော့ ပထမဦးဆုံးအကြိမ်အဖြစ် သူမ
ဘဝမှာမဖြစ်ဘူးသောကိစ္စတစ်ခု ဖြစ်ခဲ့သည်။ လက်ဖက်သုတ်
မစားဘဲနှင့် အိပ်မပျော်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့မှစ၍ ဖုန်းနီနီလေးတစ်လုံးမှတစ်ဆင့် သူမတို့
နှစ်ယောက် တွေ့ဆုံခဲ့ကြသည်။

ရယ်စရာမပါဘဲ ရယ်မောရသည့် စကားတွေပြော
ရင်း . . .။

ကျောင်းသွားကျောင်းပြန် မမကြီးအလစ်မှာ ပြုံးပြ
နှုတ်ဆက်ရင်း . . .

အိပ်ရေးပျက် ရင်ခုန်ရင်းနှင့်ပင် သူမတို့နှစ်ယောက်
ဖာတ်လမ်းစခဲ့ခြင်းဖြစ်သည်။

တစ်ခါတစ်ရံ အချိန်ကြာမြင့်စွာ ရယ်မောဖုန်းပြော
နေသည့် အခါမျိုးတွင် မမကြီးက ဘေးနားမှာလာထိုင်ပြီး သူမ
ကို အကဲခတ်နေတတ်သည်။ သူမဖုန်းပြောပြီးသွားသည်နှင့်-


www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက်အကြာကြီးဘယ်သူနဲ့ပြောနေတာလဲ"

ဟု မေးမြန်းတတ်ပြန်သည်။ ထိုအခါမျိုးမှာတော့ သူမက တခစ်ခစ်ရယ်မောကာ . . .

"သူငယ်ချင်းတွေပါ . . . မမကြီးကလဲ"

ဟု ခပ်နွဲ့နွဲ့အဖြေပေးတတ်သည်။ မမကြီးသည် သူမ၏ အလှည့်အပတ်များကြား၌ သံသယဖြစ်ရုံကလွဲ၍ ဘာမှမတတ်နိုင်ခဲ့။ ဖုန်းမြည်သည့်အခါမျိုးတွင် မမကြီးကအရင်ဦးအောင် ပြေးကိုင်တတ်သော်လည်း "ဝေးဝေးရှိလား" ဟူသည့် မိန်းမသံ တစ်သံကလွဲ၍ ဘာမှထူးထူးခြားခြား ဖမ်းဆုပ်မပြနိုင်ခဲ့ပါ။

သူမဆီ သူဖုန်းဆက်တိုင်း "ဝေးဝေးရှိလား" ဟု သူ၏ ညီမကို အရင်မေးခိုင်းတတ်ပြီး သူမဖုန်းလာကိုင်မှ သူက ဝင်ပြောတတ်သည်။ သည်တုန်းကတည်းက သူ၏ပါးနပ်မှုကို သူမ သတိထားခဲ့မိဖို့ကောင်းပါသည်။ သို့သော် သူမသည် သူ၏စကားသံချိုချိုများကြား၌ နှစ်မြောရင်းအရာရာကို သတိလက်လွတ်ဖြစ်ခဲ့မိ၏။ ဤမျှအထိ စကားသံအေးအေးလေးနှင့် နားဝင်ပီယံဖြစ်အောင်ပြောတတ်သော သူ့ကြောင့် အလွန်တရာစိတ်ပျက်ဝမ်းနည်းဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခု သူမ၏ဘဝတွင် ဖြစ်ပျက်လိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့။

"ရည်းစားမထားနဲ့နော်၊ ဒီနှစ် အောင်အောင်ကြိုးစား"





ဟု အတန်တန်သတိပေးနေသည့်မမကြီးစကားကို လျစ်လျူရှုကာ သူမရည်းစားတစ်ယောက်ကို ဖုန်းနီနီလေး၏ ကျေးဇူးကြောင့် တိတ်တိတ်ကလေးထားဖြစ်ခဲ့သည်။ ပြီးတော့ ထိုဖုန်းနီနီလေးကြောင့်ပင် စိတ်ပျက်စရာကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ရလေသည်။

f f f



www.burmeseclassic.com

(၄)

"ခဏလေးပါဝေးရယ်၊ ဝေးရဲ့မျက်နှာကို ခဏလေး ဖြစ်ဖြစ် မြင်ရရင်ကျေနပ်ပါပြီ၊ ဒီတစ်ခါတည်းပါဝေးရဲ့"

"စာမေးပွဲနီးနေလို့ စာတွေကျက်နေရတယ်"

"အဲဒါကြောင့် တွေ့ချင်တာပေါ့၊ ဒီတစ်ခါတွေ့ပြီးရင် နောက်စာမေးပွဲမပြီးမချင်း မတွေ့တော့ဘူး၊ အုတ်ခုံမှာလည်း လာမထိုင်တော့ဘူး၊ အေးအေးဆေးဆေးစာကျက်ပေါ့"

ခက်လိုက်တာ၊ တတွတ်တွတ်ပူဆာနေသော သူ့ကို သနားလာမိသည်။ ပြီးတော့ အမြဲတမ်းခြေလှမ်းဆယ်လှမ်းစာ





ဆက် ပို၍နီးကပ်စွာမတွေ့ဖူးသောချစ်သူကို တွေ့မြင်ချင်သည့် ဆန္ဒကလည်း ရစ်ဝဲလာပြန်သည်။ အင်းလေ . . . သမီးရည်းစား တွေဖြစ်နေမှပဲ။ တစ်ခါတစ်လေလောက်တော့ ချိန်းတွေ့သင့် တာပေါ့။ ဒီတစ်ခါပဲလေ၊ နောက်ဆိုရင်မတွေ့တော့ဘူး။ စာမေးပွဲ တနီးနေပြီ။ စာကျက်ရဦးမယ်။

သည်လိုနှင့်ပင် သူမ ခေါင်းညိတ်လိုက်လျှာခဲ့မိသည်။ ထိုသို့ ခေါင်းတစ်ချက်ညိတ်မိခြင်းသည် သူမဘဝ၌ အမြဲတမ်း နောင်တရစရာ ကိစ္စတစ်ခုဖြစ်ခဲ့လိမ့်မည်ဟု ထိုစဉ်က သူမ စဉ်းစားမိခဲ့။ တကယ်တော့ သူမ၏ အမှားပင်ဖြစ်သည်။

သူ့ဆန္ဒကို အလွယ်တကူလိုက်လျှောခဲ့မိတာ။ လူကုံတံ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုရဲ့ ညအချိန်မှာမှ အချိန်းအချက်လုပ်ခဲ့ တာ။ ပြီးတော့ ချိန်းတွေ့တဲ့နေရာကလည်း သူမတို့ခြံထောင့် တွေ့ပြန်းရုံလေးရဲ့နံဘေးဖြစ်ခဲ့တာ။

အို . . . အားလုံးဟာ သူမရဲ့အမှားပါပဲ။ တစ်ခါမှ ရည်းစားမထားခဲ့ဖူးတဲ့ မနုမနပ်ကောင်မလေးတစ်ယောက်နဲ့ ရည်နပ်ရည်ရှိတဲ့ ကောင်လေးတစ်ယောက်တို့ရဲ့ ပထမဆုံး ချိန်းတွေ့တဲ့ညဟာ ဘယ်လိုအခြေအနေမျိုး ဖြစ်လာနိုင်တယ် ဆိုတာ မစဉ်းစားခဲ့မိလောက်အောင်ကို ညံ့ဖျင်းတဲ့သူမရဲ့အမှား ပဲ။ ထိုသို့မှားခဲ့သည့်အတွက် ပေးလျော်လိုက်ရသည့် တန်ဖိုးက



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြီးမားလွန်းလှပါတယ်။

အတန်းထဲမှာ အမြဲတမ်းပထမရပြီး ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာထွက်အောင်ဖြေမည်ဟု ကြွေးကြော်ခဲ့သောသူမ။ ထိုနှစ်က စာမေးပွဲကျခဲ့သည်။ ပြီးတော့ . . . တစ်အိမ်လုံး မမကြီးတစ်ယောက်မှလွဲ၍ ဘယ်သူမှမသိသော ရလဒ်တစ်ခုကိုလည်း သူမရရှိခဲ့သည်။

BURMESE CLASSIC .com

ဘုရားကယ်ပေလို့သာပဲ။ အရာအားလုံးချောချောမောမောပြီးဆုံးသွားပေလို့။ တကယ်လို့များ မရှုနိုင်မကယ်နိုင် ဖြစ်သွားလို့ကတော့ မတွေးဝံ့စရာပါဘဲ။ ပြီးတော့ အဲဒီတုန်းက မမကြီးသာခုလိုအိမ်ထောင်ပြုပြီး နယ်မှာသွားနေနေခဲ့ရင်၊ သူမတစ်ယောက်တည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ခဲ့မှာ အလွန် သေချာပါသည်။ ကိုယ့်ကိုယ်ကိုယ်ပင် သတ်သေမိမလား မပြောတတ်။

မမကြီးကျေးဇူးကြောင့်။ မမကြီးထိုးပေးတဲ့ ထိုးဆေးလေးတွေရဲ့ အာနိသင်ကြောင့် သူမ၏ပြဿနာကို ဘယ်သူမှ မသိလိုက်ဘဲ သူမ အေးဆေးပုံမှန်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ပြင်းတစ်ချက်ကိုချ၍ ထိုင်ရာမှဖြည်းညင်းစွာ ထရပ်လိုက်သည်။ တကယ်တော့ သူမ ထိုအကြောင်းတွေ ပြန်မတွေးချင်ပါ။ ထိုအကြောင်းတွေတွေးတိုင်း ရင်နာခဲ့ရ၏။ သူမလို ဘယ်သူမှမမှားကြစေချင်။ အထူးသဖြင့် ညီမလေးကို သူမလိုအမှားမျိုး မကြုံတွေ့စေချင်ပါ။ ရုတ်တရက် ညီမလေးဘက်သို့ သူမလှမ်းကြည့်မိသည်။





ညီမလေးက ခွေခြေပုလေးပေါ်တွင် ကျုံ့ကျုံ့လေး ထိုင်ကာ ဖုန်းခွက်ကိုကိုင်ထားဆဲပင်ဖြစ်သည်။ ပြီးတော့ ဆံပင်ရှည်ရှည်ပါးပါးပျော့ပျော့များ ယိမ်းနွဲ့သွားသည်အထိ တခစ်ခစ်ရယ်မော့ဆဲပင်။ ညီမလေးကိုကြည့်ရင်း သူမရင်ထဲ၌ စိုးရိမ်ပူပန်လာမိသည်။ ကျောင်းသွားကျောင်းပြန် ဘယ်လောက်ပဲ ဂရုတစိုက်ပဲလိုက်ပို့လိုက်ပို့။ အပြင်ထွက်တိုင်း အဖော်တစ်ယောက်ယောက်ကို ဘယ်လောက်ပဲထည့်ထည့်။ ညီမလေးသည်လည်း (သူမလိုပင်) စကားပြောကောင်းသည့် ကောင်လေးတစ်ယောက်ယောက်နဲ့ မတွေ့ဘူးဟု ဘယ်သူအာမခံနိုင်မလဲ။ စိုးရိမ်စိတ်တို့က တဖြည်းဖြည်းကြီးစိုး၍ လာလေသည်။

"ဒါပဲကွာ . . . စာကျက်စရာတွေ ရှိသေးတယ် "

ဖုန်းခွက်ကို ပုခက်ပေါ်သို့ပြန်တင်ပြီး ပေါ့ပါးသွက်လက်စွာထရပ်လိုက်သော ညီမလေးကိုငေးကြည့်ရင်း သူမတုန်းက လိုပါပဲလားဟု တွေးလိုက်မိသည်။

"ညီမလေး . . . မဝေးဆီ ခဏကွယ် "

သက်ပြင်းတစ်ချက်ချရင်း ညီမလေးကို လှမ်းခေါ်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ . . . မဝေးကလဲ"

ဟု ချိုနွဲ့စွာပြောရင်း ညီမလေး သူမဆီသို့ လျှောက်လာသည်။ ကနွဲ့ကလျနှင့် ကလေးဆန်ဆန်ယိမ်းနွဲ့စွာ လျှောက်လာသော ညီမလေးကိုကြည့်ရင်း . . .

"ညည်းဟာ ကလေးပဲရှိပါသေးတယ် ညီမလေးရယ်"

ဟု ရင်ထဲမှ တိုးတိုးလေးညည်းတွားလိုက်မိသည်။

"ကြာလိုက်တာ ညီမလေးရယ်၊ ဒီလောက်အကြာကြီး ဘယ်သူနဲ့ စကားပြောနေတာလဲ"

ညီမလေး၏ မျက်လုံးကို စူးစိုက်အကဲခတ်ရင်း ခပ်ထန်ထန်မေးလိုက်တော့ . . . ညီမလေးက တခစ်ခစ်ရယ်မောကာ မူနွဲ့နွဲ့ပြန်ဖြေသည်။

သူငယ်ချင်းပါ မဝေးရဲ့၊ မဝေးကလဲကွာ . . . ဘာများလဲလို့၊ မီး စာကျက်ရဦးမှာ၊ ရေချိုးလိုက်ဦးမယ်နော်၊ ပြီးရင် မီးကို စာပြပေးဦး"

ပြောပြောဆိုဆိုနှင့် လှစ်ခနဲပြေးထွက်သွားသော ညီမလေးကို ငေးကြည့်နေမိသည်။ အင်းလေ . . . သူ့ကြည့်ရတာတော့ ရိုးရိုးသားသားပါပဲ။ စာကလွဲလို့ ဘာမှစိတ်ဝင်စားပုံမရပါဘူး။ ကိုယ်ကိုက အစိုးရိမ်လွန်တာဖြစ်မှာပါ။ သူမ အိပ်ခန်းထဲသို့ လှမ်းဝင်လိုက်ရင်း ရုတ်တရက်တွေးလိုက်မိသည်။





စောစောက သူမအမေးကိုညီမလေးပြန်ဖြေပုံက မကြိုးမေးတိုင်း သူမပြန်ဖြေပုံနှင့် တစ်ထပ်တည်း တူညီနေခြင်းကတော့ ထူးဆန်းစွာတိုက်ဆိုင်လွန်းလှပါသည်။

ဘုရား . . . ဘုရား . . .

ဘာပဲဖြစ်ဖြစ် ဒီညကစပြီး ခြံတံခါးတွေကို လုံလုံခြုံခြုံ သော့ခတ်မှဖြစ်တော့မယ်။ ထိုအတွေးကို သူမတစ်ကိုယ်တည်း တွေးဖြစ်အောင် တွေးလိုက်မိပါသေးသည်။

f f f



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က ....

စံလှမြင့်တဲလေးကနေ

ဦးဘစိန်အောင်သတ်သတ်နဲ့ပြန်လာပြီး

ဘာကြောလို့လဲ ...

အမူးလွန်နေတဲ့ စံလှမြင့်ကို

သူ့ရောင်းရင်းတွေက

ကျန်းမာရေးမှူးဆီ ထမ်းပို့လိုက်ရပါတော့လား။

**Data File No. 6**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကြောင်ခံတွင်းပျက်ရဲ့ တောင်ပံကျိုးအရက်

BURMESE CLASSIC .com

စံလှမြင့်တစ်ယောက် အရက်မသောက်တော့ဘူးဆိုလို့ တစ်ရွာလုံးက အံ့ဩနေကြတယ်။ နာမည်ရင်းကတော့ လှမြင့်ပါပဲ။ စကားပြောရင် "စံပဲဗျာ" ဆိုတာ ထည့်ပြောတတ်လွန်းလို့ စံလှမြင့်ဆိုပြီး နာမည်တွင်သွားတာရယ်။

အထက်အညာကနေ ရေကြည်ရာမြက်နုရာရှာတဲ့ သဘောနဲ့ လွင့်လာရင်း ဟောဒီရွာမှာသောင်တင်တဲ့ အချိန်ကစလို့ အရက်ကိုတစ်ရက်မပြတ်သောက်လာခဲ့တဲ့လူ။ ချက်အရက်တစ်လုံးဆိုတာများ စံလှမြင့်အတွက် နေ့တစ်ဝက်စာပဲရှိတယ်။





အရက်သောက်သလောက် အလုပ်ကလည်း လက်နဲ့မပြတ်အောင်လုပ်တဲ့လူ။

မြက်ပေါက်ရမလား။ ကောက်နှုတ်ရမလား။ နောက်ဆုံးအိမ်သာကျင်းပဲတူးရမလား လာထားဆိုတဲ့ထဲမှာ စံလှမြင့်ပါတယ်။ သူ့အရက်သောက်သက်က အရင်ကဘယ်လောက်ရှိခဲ့မယ်မသိဘူး။ ဟောဒီရွာရောက်တာတင် ဆယ်နှစ်ပျော့ပျော့တော့ အသာလေးရယ်။

မနက်ဘုန်းကြီးဆွမ်းခံထွက်ချိန်ဆိုရင် စံလှမြင့်တစ်ယောက် ဖိုးချစ်ရဲ့ထန်းရည်ဆိုင်ရောက်နေပြီ။ နာမည်ကသာ ထန်းရည်ဆိုင် အဓိကရောင်းတာကတော့ ထွေးညိုပဲ။ ထွေးညိုတစ်လုံးလောက် ဗိုက်ထဲလောင်းထည့်ပြီး စံလှမြင့်တစ်ယောက် ဖိုးချစ်ဆိုင်က ထထွက်သွားပြီဆိုရင် နာရီကြည့်စရာမလိုဘူး။ သေချာတယ် အဲ့ဒါဘုန်းကြီးဆွမ်းခံပြန်ချိန်ပဲ။

ထွေးညိုအရှိန်လေးနဲ့ စံလှမြင့်တစ်ယောက် တစ်နေတုန်အလုပ်လုပ်ပြီး၊ နေညိုပြီ။ ဆိုရင်တော့လေပြုပြီး ဖိုးချစ်ဆိုင်ကို စံလှမြင့် ဒုတိယအကြိမ်ထပ်ရောက်လာပြန်တယ်။ ဒီတစ်ခါတော့ သူ့ရဲ့ထိုင်ချိန်က နည်းနည်းကြာသလို၊ သောက်နှုန်းကလည်း နည်းနည်းများတယ်။

အလုပ်ကိုအားကြိုးမာန်တက်လုပ်သလောက် အရက်



www.burmeseclassic.com

ကိုလည်း အားကြိုးမာန်တက်သောက်ပေမယ့် စံလှမြင့်က ဟော့ဟော့ရမ်းရမ်းကြီးတော့လည်းမဟုတ်ဘူး။ မူးလာရင် စကားတွေက ပေါက်တိုကပေါက်ချာ ပြောတတ်တာရယ် လက်ခုပ်တီးပေးမယ့်လူရှိရင် ထကတတ်တာရယ်ပဲ ပြောစရာရှိတယ်။

သူ့သောက်နှုန်းများလွန်းလို့ ဆိုင်ရှင်ဖိုးချစ်ကတောင် အရက်လျှော့သောက်ဖို့ ဖြောင်းဖျခဲ့ပေမယ့် စံလှမြင့်ကတော့ အရက်အစားလုံချည်ကိုသာ လျှော့ပြီးသောက်တဲ့လူစား။ ရွာဦးကျောင်းကဆရာတော် ခေါ်ဆုံးမခဲ့ပေမယ့်လည်း စံလှမြင့်ကတော့ မရရေးချမရထဲကပဲ။

အခါကြီးရက်ကြီးတွေမှာ ဆရာတော်က အတင်းခေါ်ပြီး ဥပုတ်စောင့်ခိုင်းရင်တောင် သူရာမေရိယကံကို ထည့်မရှုတ်တဲ့ စံလှမြင့် . . .။ စာမတတ်သလို အရက်ရဲ့ဆိုးကျိုးတွေကိုလည်း နားမလည်တဲ့စံလှမြင့် . . .။

ဥတစ်လုံး တစ်ကောင်ကြွက်ပီပီ အရက်ကိုပဲအဖော်ပြုမယ်ဆိုတဲ့ စံလှမြင့် . . .။

အဲ့ဒီ စံလှမြင့်က ဘာမပြောညာမပြောနဲ့ အရက်ကို တိခနဲဖြတ်ချလိုက်ပြီလည်းဆိုရော၊ တစ်ရွာလုံး ပါးစပ်အဟောင်းသားကိုဖြစ်လို့ . . .။ တစ်ချို့ကတော့ စံလှမြင့်နဲ့ ရိသဲ့သဲ့ဖြစ်နေတဲ့ တစ်ဘက်ရွာက အပျိုကြီးလှသုန်ဖြတ်ခိုင်းတာ ဖြစ်မယ်လို့ ထင်ကြေးပေးကြတယ်။

တစ်ချို့ကတော့ ဆရာတော်က ဒုတိယအကြိမ် အရက်အလှူခံလို့ အားနာပြီးလှူလိုက်တာဖြစ်ရမယ်လို့ ယူဆကြတယ်။ စံလှမြင့်ကိုယ်တိုင်ကတော့ . . .

" ဘာရယ်မဟုတ်ပါဘူးဗျာ ကျုပ်ဘာသာမသောက်ချင်တော့လို့ပါ . . . " တဲ့ ။ သောက်ဖို့မပြောနဲ့အရက်နံ့ရရင်တောင် ခေါင်းမူးလာပါသတဲ့ တစ်နေ့ကိုချက်အရက်နှစ်လုံးသာသာ သောက်တဲ့လူက အနံ့ရရင်တောင်မူးတယ်ဆိုတော့ သောက်ဖော်သောက်ဖက်တွေက အံ့တွေကိုသြလို့ ဖြစ်နိုင်ပါ့မလားပေါ့။

ဘယ်သူတွေ ဘယ်လိုပဲပြောပြီး၊ ဘာတွေပဲဝေဖန်ဝေဖန် စံလှမြင့်ကတော့ ဘယ်တုန်းကမှအရက် မသောက်ခဲ့ဖူးသူ တစ်ယောက်လို အရက်နဲ့ကင်းကွာသွားခဲ့တာတော့အမှန်ပဲ . . .။

f f f







www.burmeseclassic.com

www.burmeseclassic.com

(၂)

ပြောမယ်ဆိုရင် စံလှမြင့်အရက်မသောက်တော့တဲ့အတွက် ဘယ်သူမှထူးပြီး ဝမ်းမနည်းကြသလို ဘယ်သူမှ လည်း ထူးပြီးဝမ်းမသာကြပါဘူး။ ဆိုလိုတာက စံလှမြင့်အရက်မသောက်တော့ခြင်းဟာ ဖိုးချစ်ရဲ့အမြတ်ငွေကို နည်းနည်းလျော့သွားစေတာတစ်ခုကလွဲလို့ ဘယ်သူ့ကိုမှ ထူးပြီးမထိခိုက်စေခဲ့ဘူး။

ဒါပေမယ့် အင်းသူကြီးဟောင်း ဦးဘစီကတော့ စံလှမြင့်အရက်မသောက်တော့တာဟာ သူ့အပေါ်သွယ်ဝိုက်နည်းနဲ့ ထိခိုက်စေတယ်လို့ ယူဆထားလေရဲ့။





ဦးဘစီဆိုတာက ဒီနယ်တကြောမှာတော့ ရွာမျက်နှာဖုံးလို့ပြောရမယ့်လူပါ။ အနီးဆုံးမြို့ငယ်လေးတောင် ဆယ့်နှစ်မိုင်လောက်ဝေးတဲ့အရပ်မို့ အတော့်ကိုခေါင်တဲ့ ကျေးရွာလို့ပြောရမှာဖြစ်ပေမယ့် ဦးဘစီအိမ်မှာက ကိုယ်ပိုင်မီးစက်နဲ့ ရောင်စုံရုပ်မြင်သံကြားနဲ့ ပြီးတော့ဒီနယ်တစ်ကြောမှာ တစ်စီးတည်းသောတရုတ်ဆိုင်ကယ်က သူ့အိမ်ရှေ့မှာ အခန့်သားရပ်လို့ . . .။ ဦးဘစီပိုင်တဲ့ လယ်တွေများဆို တစ်မျှော်တစ်ခေါ်ကို ညို့နေတာရယ်။

ဒီကြားထဲ အင်းလေလံကလည်း အကျိုးပေးတော့ ဦးဘစီနာမည်က ဟိုးမြို့ငယ်လေးပေါ်အထိ ဟိန်းဟိန်းထနေတာ။ ကုသိုလ်ကံ အကျိုးပေးကောင်းလို့ ချမ်းသာလှပေမယ့် ဦးဘစီမှာပြစ်ချက်လေးတစ်ခုရှိတယ်။ အဲ့ဒါကတော့ . . . ညနေတိုင်း ယမကာမှီဝဲတတ်တဲ့အကျင့်ပါ။ သူသောက်တာက ဒီရွာသားတွေအနံ့တောင်ခံဖူးမှာ မဟုတ်တဲ့ဒရိုင်းဂျင်း . . .။

ညနေခင်းမှာ ဒရိုင်းဂျင်လေးတစ်စိတ်တစ်ပိုင်းနှလောက်မှီဝဲပြီးပြီဆိုရင်တော့ သူ့မိန်းမကို နည်းအဲမျိုးမျိုးနဲ့ ရှိကျပြီးရစ်တော့တာပဲ။ ဦးဘစီကလည်း မသောက်ခင်သာ ဘုရားလူကြီးသာသွာရယ်။ သောက်ပြီးရင်လမ်းဘေးက ကစော်သမားတောင်လက်မြှောက်ရတဲ့လူ။ ကြာတော့မိန်းမကလည်း သည်းမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးထင်ပါရဲ့။

"ရှင် . . . ဒီအရည်တွေဖြတ်ပါတော့လို့ ပြောယူရရော . . ."

ဟုတ်တယ်လေ ဦးဘစီ မူးလာပြီဆိုရင် ခမြာနေစရာမှ မရှိတာရယ် . . .။ အရင်ကတော့ မိန်းမက အရက်ဖြတ်ဖို့ကို တစ်ခါတစ်လေမှ ပြောတာပါ။ ဟော . . . စံလှမြင့် တစ်ယောက် အရက်ပြတ်ပြီးလည်းကြားရော မိန်းမကစွေ့စွေ့ခုန်ပြီး နေ့တိုင်း ဂျီတိုက်တော့တာပဲ။

"စာမတတ်ပေမတတ် ဟိုအိမ်ကပ်စား ဒီအိမ်ကပ်နေ တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်လူမျိုးကတောင် အရက်ပြတ်သွားပြီ ရှင့်လိုဘုရားဒကာအမည်ခံ အင်းသူကြီးက ဒီအရက်တွေဆက်သောက်နေအုံးမှာလား . . ." ဆိုတာရော . . .။

"ချက်အရက်ကို နေ့မူးညမူးသောက်နေတဲ့လူမျိုးကတောင်အရက်ဖြတ်နိုင်သေးတာ၊ ရှင့်လိုလူက မဖြတ် နိုင်တော့ဘူးလား . . ." ဆိုတာရောစုံလို့ပါပဲ။ ကြာတော့ ဦးဘစီ စိတ်ညစ်လာတယ်။ ဘယ့်နှဲ့ . . . ဒင်းဘာသာ အရက်မသောက်တောတာ ငါ့လာထိခိုက်ရတယ် . . . လို့ဆိုပြီးတနုံ့နုံ့ ဖြစ်လာတယ်။ စံလှမြင့် အရက်မသောက်တော့ခြင်းဟာ သူ့ကို တစ်နည်းတစ်ဖုံနစ်နာစေတယ်လို့ ခံစားလာရတယ်။ ရှင်းရှင်းပြောရရင်





စံလှမြင့်ကို အရက်ပြန်သောက်စေချင်တယ်ဆိုပါတော့ . . .။ သူကသာသောက် စေချင်ပေမယ့် . . .

ကြားရတဲ့သတင်းတွေအရ စံလှမြင့်က အရက်ပြန်သောက်ဖို့နေနေသာသာ အနံ့တောင်မခံနိုင်တော့ဘူးဆိုပဲ။ ဒါပေမယ့် အရက်ဆိုတာမျိုးက တစ်ခါသောက်ဖူးရင် နောက်တစ်ကြိမ်ပြန်သောက်ဖို့ သိပ်မခက်မှန်း သူ့ရဲ့အတွေ့အကြုံတွေအရ ဦးဘစီကောင်းကောင်းသိတယ်။ အခိကက ပြန်သောက်ဖြစ်အောင်လုပ်နိုင်ဖို့ပဲ။ တစ်နေ့ရွာလယ်လမ်းမှာ စံလှမြင့်နဲ့ဆုံတော့ ဦးဘစီက တဲ့တိုးပဲမေးလိုက်တယ်။

"ဟေ့ . . စံလှမြင့် . . . မင်းအရက် ပြန်မသောက်တော့ဘူးလား"

ဟိုက . . . သူ့ငွေးဆိုတော့ ရွံ့တယ်ထင်ပါရဲ့။ ခေါင်းလေးငုံ့လို့ လမ်းဘေးဖယ်ပေးရင်း မဝံ့မရဲပြန်ဖြေတယ်။

"သောက်လို့ မရတော့ပါဘူးဦးရယ် "

"ဟေ့ . . . ဘာဖြစ်လို့လည်းကွ"

"ဟိုတစ်နေ့က သာဒင်တို့ အရက်ထည့်သောက်ထားတဲ့ခွက်နဲ့ ရေခပ်သောက်လိုက်မိတာ။ အရက်အကာပ်အသပ်ပါသွားလို့ထင်ပါရဲ့ တစ်နေ့လုံးမူးနေတာခင်ဗျ၊ ခေါင်းတွေအုံပြီးဘာမှတောင်မလုပ်နိုင်ဘူး"

www.burmeseclassic.com



နေ့စဉ် ဒရိုင်းဂျင်လေးတစ်စိတ်တစ်ပိုင်းလောက်ချရမှ နေသာထိုင်သာရှိတဲ့ ဦးဘစီတစ်ယောက် စံလှမြင့်စကား ကြောင့် အတော့်ကိုအောင့်သက်သက်ဖြစ်သွားတယ်။ နေ့တိုင်းချက် အရက်နှစ်လုံးသောက်လာတဲ့ စံလှမြင့်လိုလူက ခွက်ကပ်နဲ့ မူးပါ့မလား။ တမင်ပိုပြောနေတာမှန်း ဦးဘစီကောင်းကောင်း ရိပ်မိတယ်။ ဒါကြောင့် ဒင်းတော့လား ငနှင့်ဦးပေါ့ကွာလို့ စိတ်ထဲက ကြုံးဝါးလိုက်မိတယ်။

ဒီကြားထဲ မိန်းမကလည်း အရက်ဖြတ်ဖို့စကားတွေ နေ့တိုင်းပြောလာလို့ ဦးဘစီစိတ်ညစ်လာတယ်။ အခွင့်ကောင်း တစ်ခု မြန်မြန်ရောက်လာပါစေလို့ပဲ ဆုတောင်းနေမိတယ်။ သိပ် မကြာပါဘူး စံလှမြင့်တစ်ယောက် လှသုန်နဲ့ယူဖို့ငွေလိုနေတယ် ဆိုတဲ့စကားကို ဦးဘစီ သိုးသိုးသန့်သန့်ကြားလာရတယ်။ လိုတဲ့ငွေ က နွားမဒန်း တစ်ကောင်စာလောက်တောင်ရှိသတဲ့။

ကိစ္စမရှိဘူး။ ဒင်းသာအရက်ပြန်သောက်ပါစေ အဲဒီ ငွေကို ထုတ်ပေးလိုက်မယ်။ တစ်သက်လုံးမဟုတ်တောင် တစ်လ လောက်ပဲ ပြန်သောက်ကျေနပ်တယ်။ ဒါမှ အရက်သမားဆိုတာ အရက်ပြတ်လည်း ခဏပါကွာလို့ မိန်းမအပေါ်မှာ အသားယူနိုင် မှာကိုး။ ဒါကြောင့် . . . လူယုံ သိန်းလှကိုခေါ်၊ ပြောရမယ့်စကား တွေ နှုတ်တိုက်သင်ပြီး စံလှမြင့်ဆီလွှတ်လိုက်တယ်။ သိပ်မကြာဘူး





သိန်းလှ အူလျားဖါးလျားပြန်ရောက်လာတယ်။

စံလှမြင့်က သူလိုတဲ့ငွေသာရမယ်ဆိုရင် ရက်ပေါင်း သုံးဆယ်အရက်ပြန်သောက်ဖို့သဘောတူပါသတဲ့။ ဒါပေမယ့် ခက်နေတာတစ်ခုက ဖိုးချစ်ဆိုင်မှာ အခုတစ်လော အရက်ပြတ် နေဆိုပဲ။ ဒီအတွက်တော့ ဦးဘစီ ကောင်းကောင်းတတ်နိုင်တယ်။ ခိုင်းတဲ့ကောင်မလေးကိုခေါ်ပြီး ကြောင်အိမ်ထဲက သူသောက် နေကျပုလင်းသိန်းလှကိုပေးလိုက်ဖို့ ပြောလိုက်တယ်။ စံလှမြင့် အတွက်ငွေကိုလည်း ဦးဘစီ တစ်ခါတည်းထုတ်ပေးလိုက်တယ်။ ငွေယူပြီး မီးဖိုခြောင်ဘက်ဆီ အရက်ပုလင်းယူဖို့ သိန်းလှထွက် သွားတော့ သူ့အောင်မြင်မှုအတွက် ဦးဘစီကျေနပ်နေမိတယ်။

ခုနေများ မိန်းမက အရက်ဖြတ်ဖို့တရားလာဟောရင် ပြန်ပြောရမယ့် စကားတွေကိုလည်း အတွေးနဲ့စိတ်ကူးယဉ်နေ မိတယ်။ တစ်အောင့်ကြာမှ သူ့အောင်မြင်မှုကို ယစ်ရွှေရည်နဲ့ အရောင်တင်ဖို့ မီးဖိုခြောင်ဘက်ကို ထွက်လာခဲ့တယ်။ အဲဒီ အချိန်ကျမှ ဆိုးဆိုးဝါးဝါး လွဲခြော်နေမှုတစ်ခုကို ဦးဘစီ သတိ ပြုလိုက်မိတယ်။ ဘယ့်နဲ့ကြောင်အိမ်ထဲက သူ့အရက်ပုလင်းက အရာမှမယွင်းပါပဲလား။ ကောင်မလေးကို ဘယ်ပုလင်းပေးလိုက် သလဲလို့ခေါ်မေးတော့ . . . ငပေးလိုက်တဲ့ ပုလင်းပုံသဏ္ဌာန် ပြောပြပ့ါရဲ့။ ကောင်မလေး ပေးလိုက်တာက တစ်ခါစိလေ



www.burmeseclassic.com

www.burmeseclassic.com



ညှော်ကောင်းဆောင်သာလာရင် အရက်နဲ့ရောရအောင် ဆောင်ထားတဲ့ ဆော်ဒါပုလင်းဖြစ်နေလေရဲ့။

သိန်းလှဆိုတဲ့ကောင်ကလည်း အရက်မှန်းဆော်ဒါမှန်း ခွဲခြားမသိတဲ့ အူတူတူရယ်။ ဒါကြောင့် အရက်ပုလင်းကို ဂျာကင်အင်္ကျီအောက်မှာ ဖုံးဖုံးဖိဖိထည့်ပြီး သိန်းလှနောက်လိုက်ဖို့ပြင်ရတယ်။ ဟုတ်တယ်လေ၊ စံလှမြင့်က အရက်ပြန့်မသောက်ဘဲ သူ့ငွေကို လိမ်ယူသွားရင်မခက်ပါလား . . . ။

ဒါပေမယ့် စံလှမြင့်တဲလေးဆီ ဦးဘစိ ရောက်သွားတော့ အခြေအနေတွေက နောက်ကျသွားပြီ။ စံလှမြင့် တစ်ယောက် ဆော်ဒါတစ်ပုလင်းလုံးသောက်ပြီး ဇက်ကျိုးနေလေရဲ့။

မျက်နှာကြီးရဲလို့ မျက်ထောင်ကြီးနီပြီး ဦးဘစိကို နှုတ်ဆက်တာတောင် မပီတပီရယ်။ မသက်ာလို့ ဒင်းသောက်ထားတဲ့ ပုလင်းကိုနမ်းကြည့်တော့လည်း ဆော်ဒါနံ့ပါပဲ။ လက်ကျန်အကပ်အသပ်လေးကို လျှာပေါ်တင်ကြည့်တော့လည်း ချဉ်ဖြုံးဖြုံးပေါ့ရွှတ်ရွှတ်နဲ့ ဆော်ဒါအရသာပါပဲ။ ဒါပေမယ့် စံလှမြင့်ကတော့ စကားမေးမရတော့တဲ့အပြင် အန်ထားလိုက်တာက လည်း ဗွက်တွေကိုပေါက်လို့ . . .

အဲ့ဒီနေ့က စံလှမြင့်တဲလေးကနေ ဦးဘစိ အောင့်သက်သက်နဲ့ပြန်လာပြီးဘာကြောလို့လဲ . . . ။ အမူးလွန်နေတဲ့ စံလှမြင့်





ကို သူ့ရောင်းရင်းတွေက ကျန်းမာရေးမှူးဆီ ထမ်းပို့လိုက်ရပါရောလား . . . ။

f f f



www.burmeseclassic.com

www.burmeseclassic.com



(၃)

ဇာတ်ပေါင်းရရင်တော့ နောက်တစ်လအတွင်းမှာပဲ ဦးဘစီထုတ်ပေးတဲ့ငွေနဲ့ စံလှမြင့်နဲ့ လှသုန် မင်္ဂလာဆောင်တယ်။ ဦးဘစီမိန်းမကတော့ အရက်ဖြတ်ဖို့စကားကို ခဏခဏမပြောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လှသုန်နဲ့လက်ထပ်ပြီး နောက်တစ်နေ့မှာပဲ စံလှမြင့်တစ်ယောက် အရက်တွေပြန်သောက်နေတော့တာကိုး။

ထူးဆန်းတာက ဖိုးချစ်ဆိုင်မှာ အရက်လာသောက်တိုင်း စံလှမြင့် ပြောတတ်တဲ့စကားပါ။





" ဖိုးချစ်ရာ မင်းချက်အရက်သောက်ရတာ ဖွယ်တယ် ...ယ် ပေါ့ရွှတ်ရွှတ်နဲ့။ ဦးဘစီအိမ်က အရက်နဲ့များတော့ ဆီနဲ့ ...ပဲ . . . " တဲ့။

အင်းသူကြီးဦးဘစီကိုယ်တိုင်ကတော့ ဆော်ဒါတစ် ...း၏ မူးနိုင်စွမ်းအားကို ခုချိန်ထိ ဇဝေဇဝါဖြစ်နေတုံး . . .။

f f f



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူပဲဖြစ်ဖြစ် ...

ဘဝမှာ ...

တစ်ကြိမ်လောက်တော့

ခြေခင်းလက်ခင်းသာယာသော

မိုးရွာပြီးစည်နေ့ခင်းလေးတစ်ခု၌

လမ်းလျှောက်ဖူးသင့်သည်ဟု

သူထင်သည် ....။

**Data File No. 7**

www.burmeseclassic.com

www.burmeseclassic.com

# မိုးရွာပြီးစညနေ

မိုးရွာပြီးစညနေခင်းဟာ လောလောလတ်လတ် ရေချိုးခန်းထဲမှထွက်လာသောအပျိုစင်လေးပမာ နုပျိုရှင်းသန့်လှပစွာ ဆွဲဆောင်နေသည်။

ဗင်ဂိုး၏အဝါရောင်များကိုဌားရမ်းဝတ်ဆင်ထား သောညနေဆည်းဆာ၏ကောင်းကင်ယံ၌ ဖြိုးဖြိုးဖြက်ဖြက် အရောင်တချို့ကို တွေ့လိုက်ရ၏။ သူ၏တွေးထင်ယူဆချက်သာ မမှားပါက တအောင့်ကြာလျှင်လှပသော သက်တန့်ကြီးကို တွေ့မြင်နိုင်ပါလိမ့်မည်။ စာရေးစားပွဲဘေးပြတင်းပေါက်မှ တွေ့မြင်နေရသော





ညနေခင်း၏ဆွဲဆောင်မှု၌ သူအတန်ကြာမှင်သက်ငေးမောနေမိသည်။

(ဟောဒီညနေခင်းရဲ့ အချိန်နာရီဝက်လောက်ကို ရင်ဘတ်ချင်းနီးစပ်တဲ့ တစ်စုံတစ်ယောက်နဲ့ လမ်းအတူတွဲလျှောက်လိုက်ရရင်၊ ဘယ်လောက်များကောင်းလိုက်မှာပါလိမ့်။)

သို့သော်ရေးလက်စဝတ္ထုတစ်ပုဒ်ကို အချိန်မှီပြီးစီးရန်လိုအပ်နေသောသူ့အတွက် နာရီဝက်ဟူသောအချိန်ကိုအလဟဿမဖြုန်းတီးပစ်သင့်ပါ။ ပြီးတော့ . . . သူ၏လေးဘက်နာရောဂါကလည်းဝေးဝေးလံလံလမ်းလျှောက်ခြင်းကိုခွင့်ပြုလိမ့်မဟုတ်။

ထိုအချက်အလက်များကို စဉ်းစားလိုက်မိသော်လည်း ဆည်းဆာ၏လှပမှုကိုဥပက္ခာမပြုနိုင်သောသူသည် နောက်ဆုံးတော့ရင်ထဲမှဆန္ဒကိုဦးစားပေးကာ စာရေးစားပွဲမှထရပ်လိုက်၏။

သူလမ်းလျှောက်မည်။ ဝေးဝေးလံလံမလျှောက်နိုင်တောင်လမ်းထိပ်လောက်အထိဖြစ်ဖြစ်ပေါ့။ ယခုလိုလှပတဲ့ညနေခင်းတစ်ခုကိုလက်လွှတ်လိုက်ရလျှင်၊ ယခုညသူ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လိမ့်မည်မဟုတ်ပါ။ ခွပ်ကျယ်အကျႌပေါ်သို့ ရှပ်အကျႌတစ်ထည်ကောက်ဝတ်ပြီး အခန်းထဲမှ တိတ်တိတ်ဆိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာခဲ့၏။ မီးဖိုထဲမှ ညစာအတွက်စီစဉ်နေသော ဇနီးသည် မကြားနိုင်အောင် ခြေလှမ်းတို့ကို သတိကြီးစွာလှမ်း၍ ထွက်လာခဲ့ခြင်းဖြစ်သည်။

အိမ်ခြံဝင်းတံခါးကိုကျော်၍ အပြင်ဘက်လမ်းမပေါ် ရောက်ရှိသွားချိန်မှာတော့ သူ၏စိတ်တို့ပေါ့ပါးလွတ်လပ်သွားကြကာ၊ သူ၏စာရေးစားပွဲနှင့်သူ၏ဇနီးသည်ကို ကောင်းစွာမေ့လျော့ထားနိုင်ပြီဖြစ်၏။ အဝါရောင်ကောင်းကင်ထက်မှ တဝက်တပျက်ပုံပေါ်စပြုလာသော သက်တန့်ကြီးကိုငေးမောရင်း မြေနီလမ်းသွယ်လေးအတိုင်း ဖြည်းညှင်းစွာလျှောက်လာခဲ့သည်။

ဘယ်သူပဲဖြစ်ဖြစ် ဘဝမှာတစ်ကြိမ်လောက်တော့ ခြေခင်းလက်ခင်းသာယာသော မိုးရွာပြီးစညနေခင်းလေး တစ်ခုမှာ လမ်းလျှောက်ဖူးသည်ဟုသူထင်သည်။ အကယ်၍ အခွင့်အရေးလည်းရမည်။ ကံကြမ္မာကလည်း မျက်နှာသာပေးမည်ဆိုလျှင်တော့ ချစ်သူတစ်ယောက်နှင့် တွဲလျှောက်ဖူးသင့်ပါသည်။

ဥပမာ . . . သူ့တုန်းကလိုပေါ့။ သူ့တုန်းကတော့ မိုးရွာပြီးစညနေခင်းတွေက အတော်ကိုသာယာလှပခဲ့ဖူးလေသည်။ ယခုပြန်စဉ်းစားကြည့်လျှင်ပင် ထိုညနေခင်းတို့အား မနေ့တနေ့ကလို စိတ်ထဲမှတ်ထင်နေမိဆဲဖြစ်၏။

f f f





(၂)

မိုးကောင်းစွာတိတ်သွားပြီး ဆည်းဆာရောင်ဖြင့် ဝင်းဝါတောက်ပလာသော ညနေခင်းတစ်ခုသည် လူတစ်ယောက်၏ စိတ်အား ပြောင်းလဲသွားစေနိုင်သည်ဟု မည်သည့်သိပ္ပံပညာရှင်ကမှ မပြောခဲ့ဘူးပါ။ သို့သော် . . . သူကတော့အထက်ပါ ညနေခင်းမျိုး၌ စိတ်ခံစားတို့ ကတိမ်းကမူးဖြစ်စွာ ယိမ်းယိုင်တတ်မြဲဖြစ်၏။

အထူးသဖြင့် . . .

"ကိုကို . . . မြန်မြန်လုပ်ကွာ။ စာအုပ်ဆိုင်ဘက်ကို လမ်းလျှောက်ကြရအောင်" . .



www.burmeseclassic.com

ဟူသော စကားသံလွင်လွင်လေး သူ့ခြံဝဒ္ဓထွက်ပေါ်လ
တတ်သော ညနေခင်းမျိုးမှာ ပို၍တိမ်းတိမ်းမူးမူးဖြစ်ရပါသည်
ခေါင်းလျှော်ပြီးစဆံပင်ရှည်များကို ဖားလျားချလျက်၊ စာအု
တစ်အုပ်စ နှစ်အုပ်စရင်ခွင်ပိုက်ကာ သူမခြံရှေ့ရောက်လာတို
လုပ်လက်စအလုပ်တို့ကို ရပ်ဆိုင်းလျက် သူမခေါ်ရာသို့လိုက
ပါရမြဲဖြစ်၏။

လမ်းလျှောက်လျှင်ပါးလှပ်လှပ်ကိုယ်လုံးလေးကို ယိ
နွဲ့စွာလျှောက်တတ်သောသူမသည်၊ သူ၏ပုခုံးစွန်းကို မကြာခဏ
ဝင်တိုက်တတ်သလို စကားပြောလျှင် ဟိုရောက်ဒီရော
ပြောတတ်သောသူမ၏ စကားများကလည်းသူ၏ နှလုံးသာ
ကိုမကြာခဏဝင်တိုက်တတ်ပါသည်။ သူနှင့်သူမ တို့နေထိုင်ရ
လမ်းသွယ်လေးမှ စာအုပ်အငှားဆိုင်သို့ရောက်ရန် ခြေလှမ်းပေါင်
သုံးရာကျော်လျှောက်ရလေ့ရှိပြီး၊ ထိုသို့ လျှောက်စဉ်အတွင်
သူ၏ရင်ကတော့အကြိမ်သုံးရာမက လှုပ်ရှားရမြဲဖြစ်သည်။

"ညက . . . ကိုကို့အကြောင်းတွေတွေးပြီး၊ တော် တော်
အိပ်မပျော်ဘူးကွာ သိလား"

"ဒါဆိုလည်းမတွေးနဲ့ပေါ့"

"ဟယ် . . . မတွေးလို့တော့ဘယ်ဖြစ်မလဲ၊ တစ်ခ
တစ်လေကိုကို့အကြောင်းစဉ်းစားရတာအရသာရှိတယ်ကွ"





သူ့ထက်လပေါင်းခြောက်ဆယ်ကျော်ငယ်သော ထို
မိန်းကလေးသည် သူမအပေါ်မရိုးမသားဖြစ်နေသောလူတစ်
ယောက်အား ထိုကဲ့သို့စကာမျိုးကိုမကြာခဏပေါ့ပေါ့ပါးပါး
ပြောတတ်ပါသည်။ သူမ၏စကားကြောင့် သူရင်ခုန်နေချိန်၌
သူမကတော့ တစ်စုံတစ်ရာမရိပ်မိသည့်ပမာ လမ်း၌တွေ့သော
ရေအိုင်ငယ်လေးများကို ကလေးဆန်စွာ ခုန်ပေါက်ဖြတ်ကျော်
နေတတ်၏။

စာအုပ်ဆိုင်ရောက်၍စာအုပ်အပ်ခြင်း၊ ငှားခြင်းပြီး
ချိန်မှာတော့ သူမကရခိုင်မုန့်တီပူပူစပ်စပ်တပွဲစားပြီး သူက
လ္ဘက်ရည်ကျကျတစ်ခွက်သောက်လေ့ရှိသည်။ လ္ဘက်ရည်
တစ်ခွက်လုံးအေးစက်သွားမှသောက်လေ့ရှိသောသူနှင့် မုန့်တီ
မပူလျှင်ဆိုင်ရှင်ကိုမျက်စောင်းထိုးတတ်သော သူမတို့သည်
ထိုသို့စားသောက်နေချိန်မျိုးမှာတော့ စိတ်တူကိုယ်တူ အကြောင်း
အရာတစ်ခုကိုရွေးချယ်ကာ စကားစမြည်ပြောတက်ကြသည်။
သို့သော်များသောအားဖြင့်ထိုစကားဝိုင်းသည် ငြင်းခုန်ခြင်းဖြင့်
သာအဆုံးသတ်လေ့ရှိပါသည်။ သူမက အငြင်းသန်သူဖြစ်၏။

(နောင် . . . သူမအား ရည်းစားစကားပြောသောအခါ
"ကိုကို ကျွန်မကိုတကယ်ချစ်တာမဖြစ်နိုင်ဘူး" ဟု ခံငြင်း
ပါသေးသည်။

www.burmeseclassic.com

ထိုသို့ . . . အငြင်းသန်လှသောသူမသည် စိတ်လည်း မကြာခဏဆိုးတတ်ကောက်တတ်သည်မှာ အံ့ဩစရာမဟုတ်ပါ။ ထူးဆန်းသည်မှာ . . . သူမ၏စိတ်ကောက်မှုတိုင်းကို၊ အလွန် စိတ်ဆတ်လှသော သူကအလျှော့ပေးသည်းခံနိုင်ခဲ့ခြင်းဖြစ်သည်။

လမ်းအတူတွဲလျှောက်ရင်း၊ စိတ်ကောက်ကာနောက် ချန်နေခဲ့ခြင်းမျိုး၊ သို့မဟုတ် ရှေ့သို့ကျော်တက်သွားခြင်းမျိုးကို သူမ မကြာခဏလုပ်တတ်သည်။ ထိုသို့စိတ်ကောက်ပြီဆိုလျှင်၊ သူမအနားသို့တိုးကပ်ကာ တတွတ်တွတ်နှင့် စိတ်ရှည်လက်ရှည် ချော့ရမြဲဖြစ်သည်။

စာအုပ်ဆိုင်လေးသို့ လမ်းတွဲလျှောက်ဖြစ်ခဲ့သည့် အကြိမ်ပေါင်းသုံးဆယ်ပြည့်ညနေမှာတော့ သူနှင့်သူမ ချစ်သူ များအဖြစ်သို့ တရားဝင်ရောက်ရှိခဲ့ကြ၏။ ထိုညနေကလည်း မိုးရွာပြီးစသာယာသောညနေပဲဖြစ်သည်။ ထိုသို့သာယာသော ညနေတစ်ခု၌ ချစ်သူစုံတွဲတစ်တွဲပေါ်ပေါက်လာသော အထိမ်း အမှတ်၏သက်တန့်ကြီးက လှပစွာကွေးညွတ်နေခဲ့တာကို ယခု တိုင်အောင်ပြန်လည်မှတ်မိနေပါသေးသည်။

f f f





(၃)

လူအများကတိမ်တောက်ချိန်အဖြစ် သတ်မှတ်ခေါ် ခေါ်လေ့ရှိသည့် အလှဆုံးအချိန်တစ်ချိန်ကို မိုးရွာပြီးစညနေ [illegible]း၌ အများဆုံးတွေ့ရလေ့ရှိသည်။ အဝါနှင့်လိမ္မော်အား [illegible]ရောင်ရောယှက်ထားသည့် တင့်တယ်လှသော ဆည်းဆာ [illegible]င်သည် ငှင်းနှင့်ထိသော သက်ရှိသက်မဲ့တိုင်းအား ကျက် [illegible]ရေရှိစွာလှပသွားစေတတ်သည်။ ထို့ကြောင့်တိမ်တောက်ချိန် [illegible]တော်ရုံတန်ရုံရုပ်ဆိုးသူပင် လှပသွားစေသည်ဟု ဆိုစမှတ် [illegible]ပြုခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်ကသူတို့နှစ်ယောက်၏ ညနေတိုင်းလိုလိုတ
တောက်ချိန်များချည်းဖြစ်နေခဲ့သည်မှာ သိပ်တော့အံ့ဩစ
မဟုတ်ပါ။ ထိုအချိန်များ၌သူမကကျက်သရေရှိသလို၊ သူကိ
တိုင်ကလည်းသူမအတွက်ကြည့်ကောင်းနေပါလိမ့်မည်။

တစ်ခုသောတိမ်တောက်ချိန်၌ အင်းယားကန်ဘက်
လမ်းလျှောက်ရင်း သူမကသူ့အားစကားတခွန်းပြော၏။

"ကျွန်မတို့နှစ်ယောက်အသက်ကြီးတဲ့အထိခုလိုမျိုး လ
အတူတွဲလျှောက်ကြမယ်နော်"

ထိုစဉ်ကသူမ၏တောင်းဆိုမှုအားခပ်မြန်မြန်ခေါ
ညိတ်ကတိပေးခဲ့သည်ကို ယခုတိုင်အောင်မှတ်မိနေပါသေးသည
မဖြစ်နိုင်ဘူးလို့ဘယ်သူပြောမလဲ ဖြစ်လာမှာမဟုတ်ဘူး
ဘယ်သူကန့်ကွက်မလဲ။ သူက သူမ၏စကားအတိုင်း တစ်
မတိမ်း ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်နေခဲ့ဖူး၏။ ယင်း
ညှိဖွင်းမှုဟုသတ်မှတ်ပါက သူခေါင်းညိတ်ဝန်ခံရုံသာရှိပါသ

မြနီလမ်းသွယ်လေးအတိုင်း ဖြည်းညင်းစွာလျှော
လာရင်း၊ လမ်းထိပ်သို့မရောက်ခင်၌ သူ၏လေးဘက်နာရော
ကသူ့အား စတင်ကန့်ကွက်ဆန္ဒပြလာလေသည်။ တဆစ်
နာကျင်လာသည့်ခြေထောက်ကို အလျှော့ပေးကာ၊ လမ်း
အရောက်လမ်းလျှောက်ခြင်းကိုရပ်လိုက်ပြီး ဟိုဟိုဒီဒီ ငေး





နေလိုက်သည်။ ဆည်းဆာ၏ရွှေဝါရောင်အောက်၌ အရာရာ
မ်သက်တိတ်ဆိတ်နေပုံက အားရစရာမကောင်းလှပါ။ ပို၍စိတ်
ကဲ်ဖွယ်ကောင်းသည်မှာ သူလိုလမ်းလျှောက် သူတစ်ယောက်မှ
မနေခြင်းပင်။

လူတွေဟာသဘာဝအလှအပကို မခံစားတတ်တော့
ဘူးထင်ပါရဲ့။ မကျေမနပ်အတွေးဖြင့် စိတ်ပျက်လက်ပျက်
သွားရင်းခြေထောက်နာသက်သာသည်အထိ သူရပ်တန့် ငေးမော
နေခဲ့သည်အထော်ကြီးကြာမှအိမ်ဘက်သို့ တစ်လှမ်းချင်းလျှောက်
ပြန်လာခဲ့၏။

f f f



www.burmeseclassic.com

www.burmeseclassic.com



(၄)

အိမ်တံခါးကိုတွန်းဖွင့်ပြီးဝင်လိုက်သည်နှင့်၊ ခုတလော
သူလမ်းလျှောက်ခြင်းကို သဘောမကျဖြစ်နေသော ဇနီးသည်
ထုံးစံအတိုင်းမျက်စောင်းခဲကာလှမ်းမေးသည်။

"ရှင်ဘယ်လျှောက်သွားနေတာလဲ"

"ဘယ်ရယ်မဟုတ်ပါဘူးကွာ လမ်းထိပ်တင်ပါ
အညောင်းပြေ လမ်းလျှောက်ရင်းရှေးဖြစ်နောက်ဟောင်းတွေ
တွေးနေလို့နည်းနည်းကြာသွားတာပါ"

"ဘာလဲ ရှင့်ငယ်ရည်းစားအကြောင်းလား"





အဝလွန်လာကတည်းက လမ်းမလျှောက်တော့ပဲ ဟိုနား
ဒီနားသွားလျှင်ဆိုက်ကားကိုသာ အားကိုးလေ့ရှိသော ပေါင်ချိန်
နှစ်ရာကျော်ဇနီးသည်က မကျေမနပ်လှမ်းမေး၏။

"အစစ်ပဲ . . . ငါ့ငယ်ရည်းစား . . . မင်းနဲ့ဟိုးအရင်
တုန်းက လမ်းလျှောက်ခဲ့တဲ့အကြောင်းတွေ စဉ်းစားနေတာ
ရှင်းပြီလား"

သူ့အဖြေကြောင့်ဇနီးသည်ကျေနပ်သွားလိမ့်မည်ဟု
ထင်သော်လည်းသူထင်သလိုဖြစ်မလာပါ။

"ရှင်မလဲမကြီးမငယ်နဲ့ငယ်မူပြန်နေရသေးတယ်
ပြီးတော့ အညောင်းပြေလမ်းလျှောက်သတဲ့ အချိန်အခါကို
လည်းကြည့်ပါအုံး။ နွေခေါင်ခေါင်နေ့လည်ခင်းကြီး ဘယ်သူမှ
လမ်းလျှောက်မထွက်တဲ့အချိန်။ ရှင်မို့လို့လမ်းထွက်လျှောက်
ရတယ်လို့"

"ဘာ"

သူမယုံကြည်နိုင်စွာ ပြူတင်းပေါက်ဆီသို့သွားကာ
ကောင်းကင်ကိုမော့ကြည့်လိုက်၏။ စောစောက သူတွေ့မြင်
ခဲ့ရသောသက်တန့်ကြီးက ပျောက်ချင်းမလှပျောက်ကွယ်
နေသလိုကောင်းကင်ကလည်း ရွှေဝါရောင်သန်းမနေဘဲ အပြာ
ဖွယ်စူးရှလင်းထိန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်တယ်ဆိုတာ အချိန်အခါနဲ့အသက်အရွယ်နဲ့ ချင့်ချိန်ပြီးလျှောက်ရတယ်။ ရှင့်အတွက်ဏှာ မတော်တဆချော်လဲပြီးအရိုးတွေဘာတွေကျိုးသွားရင် ပြန်မဆက်တော့တဲ့အရွယ်။ ဒါကြောင့် ရှင့်မြေးဆရာဝန်က ဘိုးဘိုးကိုလမ်းမလျှောက်နဲ့လို့ ဟိုတခါလာတုန်းကပြောသွားတာသိရဲ့လား။ အသက်ခုနှစ်ဆယ်ကျော်အဘိုးကြီးရဲ့"

အသက်ခြောက်ဆယ့်ရှစ်နှစ်အရွယ် ဇနီးသည်၏ စကားသံကို သူကောင်းစွာမကြားတော့ပါ။ ပြူတင်းဘောင်ကိုလက်ထောက်ရင်း၊ မိုးရွာပြီးစကောင်းကင်ယံမှသက်တန့်ကြီးကိုသာ သူအမောတကော ရှာဖွေနေမိဆဲ ဖြစ်လေသည်။

f f f



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ လူတစ်ယောက်ကိုသတ်ရတာ

အတော့်ကိုလွယ်တယ်။

အထူးသဖြင့် ........

အဲဒီလူဟာ ကိုယ့်မိန်းမဖြစ်နေခဲ့ရင်ပေါ့

**Data File No.**

www.burmeseclassic.com

www.burmeseclassic.com

# ဟန်များတဲ့ညနေခင်းဝတ္ထု

နေရောင်ခြည်က သူ့ရဲ့ဟန်စွယ်ကိုချသွားခဲ့ပြီ။

နေ့လည်ခင်းတစ်လျှောက်လုံး ပော့ဒီမြို့သစ်ကလေ

ကို အလျှံငြီးငြီးနဲ့ လောင်မြိုက်စေခဲ့တာဟာ၊ သူမဟုတ်တော

တဲ့အတိုင်းပါပဲ။ တစ်နေ့လုံးအကာအကွယ်တွေအောက်မှ

အရိပ်ခိုနေခဲ့ကြတဲ့ကျေးငှက်တွေနဲ့ အိမ်တွင်းအောင်းပြီး အ

ရှောင်နေခဲ့ကြတဲ့ လူတစ်ချို့အလျိုလျိုထွက်လာရင်းနဲ့ပဲ မြို့

သစ်လေးရဲ့ညနေဆည်းဆာဟာ လှုပ်ရှားသက်ဝင်လာတယ်

ရုံးကြိုကားတွေတစ်စီးစနှစ်စီးစ ထိုးဆိုက်လာလို့ မှ





တိုင်မှာလူစည်စပြုလာသလို လ္ဘက်ရည်ဆိုင်တွေလည်း စားသုံးသူကိုညို့ငင်ဖို့ သူတို့ရဲ့သီချင်းသံကို ခပ်ကျယ်ကျယ်တိုးမြှင့်လာကြတယ်။ ညနေခင်းပြဇာတ်ထဲမှာ သရုပ်ဆောင်တွေအဖြစ်ပါဝင်ခွင့်ရပေမယ့် ကိုယ့်ကိုယ်ကို သရုပ်ဆောင်ဖြစ်လို့ဖြစ်မှန်းမသိရှာတဲ့ လူတချို့ဟာစိတ်ကူးတည့်ရာ အတွေးကိုယ်စီနဲ့ ရွေ့လျားနေကြပေါ့။

နေ့လည်ခင်းတစ်လျှောက်လုံး ကျွန်တော်ဟာ စာရေးဖို့ကြိုးစားခဲ့ပေမယ့် စာတစ်လုံးမှ ချမရေးနိုင်ခဲ့ဘူး။ ရာသီကပူလွန်းလို့၊ ကျွန်တော့်ခေါင်းထဲက စကားလုံးတွေ အငွေ့ပျံသွားပြီထင်ပါရဲ့ စိတ်ပျက်လက်ပျက်နဲ့လက်ထဲက ဘောလ်ပင်ကိုချပြီး၊ ဆည်းဆာရဲ့ပြဇာတ်ထဲမှာ အသုံးတော်ခံဖို့ ကျွန်တော် လမ်းမတွေဆီကို ထွက်လာခဲ့တယ်။ စာရေးဖို့ အကြောင်းအရာတစ်ခုခုရလိုရငြား ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။

ထိုင်နေကျ လ္ဘက်ရည်ဆိုင်လေးမှာ ဝင်ထိုင်လိုက်တော့ ကျွန်တော်သောက်နေကျ ပေါ့ဆိမ့်တစ်ခွက်ကို၊ ယူလာပေးနေကျစားပွဲထိုးလေးက ကျွန်တော့်ရှေ့ကို လာချပေးတယ်။ ကျွန်တော်ကလည်း ပြုနေကျအတိုင်း လ္ဘက်ရည်ကို တစ်ငုံငုံပြီးထပ်မသောက်တော့ဘဲ အေးတဲ့အထိ အမေ့ခံထားလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သိပ်တော့လည်း မဆန်းလှပါဘူး၊ လောကကြီး
တောင်ဖြစ်နေကျအဖြစ်အပျက်တွေနဲ့ပဲ သမာရိုးကျလည်ပတ်
နေခဲ့တာမဟုတ်လား။ မနက်ကရေဒီယိုသံနဲ့ အိပ်ရာထပြီး
'သင့်အတွက်မနက်ဖြန်' ကိုနားထောင်ရင်း၊ အိပ်ရာဝင်ချိန်
အထိနေ့စဉ်ကြုံတွေ့နေကျ အကြောင်းအရာတွေထက် ပိုပြီး
ဘာတွေများဖြစ်ပျက်ခဲ့လို့လဲ။ ခေါက်ရိုးကျိုးအဖြစ်အပျက်တွေ
နဲ့ပဲ သမားရိုးကျဆန်စွာ ပုံမှန်စီးမြောနေကြရတာပါ။ ( အစော
ပိုင်းကာလတွေတုန်းက ကျွန်တော်ဟာ အဲဒီအကြောင်းအရာ
တွေကို ဝတ္ထုအဖြစ်ရေးဖွဲ့ဖို့ ကြိုးစားကြည့်ခဲ့ပေမယ့် ရိုးလိုက်
တာလို့ အပြောခံရမှာစိုးတာနဲ့ မရေးဖြစ်ခဲ့ဘူး။)

ခုလောလောဆယ်မှာတော့ ခပ်ညံ့ညံ့ လွှက်ရည်ဆိုင်
လေးထဲမှာ ထိုင်ရင်း ဝတ္ထုတစ်ပုဒ်ကိုမြစ်ဖျားခံစီးဆင်းပေမယ့်
ဘယ်လိုအကြောင်းအရာမျိုးကိုမဆို ကျွန်တော်အာသာငန်းငန်း
မျှော်လင့်နေမိတော့တယ်။

ကျွန်တော်ရဲ့ တွေးထင်ယူဆချက်သာမမှားဘူးဆိုရင်
သိပ်မကြာခင် အချိန်အတွင်းမှာ ကျွန်တော်ရှေ့ကိုအကြောင်း
အရာတစ်ခုခုရောက်ရှိလာတော့မှာပါ။

ကျွန်တော်နေထိုင်ရာ မြို့သစ်ကလေးဟာ မြို့လည်
ခေါင်နဲ့ အလှမ်းဝေးကွာလှတယ်ဆိုပေမယ့်၊ စာရေး ချင်သူ





တစ်ယောက်ကို ကုန်ကြမ်းပြတ်လပ်သွားလောက်အောင်တော့
ခေါင်လှပါဘူး၊ ဒါပေမယ့် ခက်နေတာတစ်ခုက တွေ့မြင်သမျှ
ဆိုင်းကိုဝတ္ထုရေးဖွဲ့လောက်တဲ့ အကြောင်းအရာအဖြစ်ကျွန်
တော်ကိုယ်တိုင်က မသတ်မှတ်ချင်တဲ့ကိစ္စပါ။

တချို့အကြောင်းအရာတွေဟာ ဝတ္ထုသဏ္ဌာန်ဟန်
ဆောင်ထားပေမယ့် တကယ်တမ်းချရေးကြည့်တဲ့အခါ
ဦးတည်ချက်ဝေဝါးနေတာမျိုး၊ ဇာတ်သိမ်းခန်းမစုံလင်တာမျိုး
တွေကျွန်တော်မကြာခဏကြုံတွေ့ခဲ့ရဖူးတယ်။ကျွန်တော်ရဲ့
အတွေ့အကြုံအရ၊ အဖြစ်အပျက်တွေဟာစိတ်ဝင်စားစရာ
ကောင်းလေလေ၊ဝတ္ထုအဖြစ်ပြီးပြည့်စုံဖို့ ခက်ခဲလေလေပဲ။
အဲဒီသင်ခန်းစာကို ပြီးခဲ့တဲ့ ဆောင်းဦးပေါက်ကာလတွေ
အတည်းက ကျွန်တော်ရရှိထားခဲ့တာပါ။

f f f



www.burmeseclassic.com

www.burmeseclassic.com

(၂)

နှင်းမှုန်တွေဝေ့ဝေ့ဝဲဝဲကျဆင်းလာတဲ့ ဆောင်းညခ
တွေမှာ ကျွန်တော်ဟာနွေးထွေးမှုအတုတွေရှိရာကို ဦးတ
လေ့ရှိခဲ့တယ်။ ပူနွေးတဲ့ဟိုတယ်ခန်းတစ်ခန်း အမျိုးသ
တစ်ယောက် မာတီနီပုလင်းကိုမျှော်လင့်ချင်ပေမယ့် များသေ
အားဖြင့် စည်ဘီယာလောက်နဲ့ပဲ တင်းတိမ်ခဲ့ရတယ်။ ကြမ်း
ဘီယာတစ်ခွက်စ နှစ်ခွက်စလောက်လောင်းထည့်လိုက်တာ
ကျွန်တော်ရဲ့ ခန္ဓာကိုယ်ဟာပူနွေးလာတတ်ပြီး ဆောင်းည
ကိုရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်သွားလေ့ရှိတယ်။





အဲဒီကာလတွေမှာ ဘီယာသုံးခွက်စာငွေကြေးနဲ့ တစ်ညတာနွေးထွေးမှုကိုကျွန်တော်ဖလှယ်တတ်လာခဲ့သလို၊ မိတ်ဆွေတစ်ယောက်ကိုလည်းရရှိလာခဲ့တယ်။ တကယ်တော့ မိတ်ဆွေဆိုတာထက် အသိအကျွမ်းလို့ပြောရင် ပိုပြီးမှန်မှာပါ။

သူဟာကျွန်တော်ထက်ပိုပြီး အသက်ကြီးသလို၊ ကျွန်တော် ထက်လည်းပိုသောက်နိုင်ပုံပါ။ အမှန်အတိုင်းဝန်ခံ ရရင် ဘီယာတစ်ဂျားရှေ့ချပြီး အမြဲတမ်းမှုန်ကုတ်ကုတ် မျက်နှာနဲ့ ငြိမ်သက်နေလေ့ရှိတဲ့သူ့ကိုအစပိုင်းက ကျွန်တော် စိတ်မဝင်စားခဲ့ဘူး။ ကျွန်တော့်ဝတ္ထုတွေထဲက ဇာတ်ကောင် စရိုက်နဲ့ ဆန့်ကျင်ဘက်ကြီးဖြစ်နေလို့ပါ။

ဒါပေမယ့် . . .

တစ်ညမှာတော့ ပုံမှန်ထက်ပိုပြီးရီဝေဝေဖြစ်နေတဲ့ သူဟာ ကျွန်တော့်ဝိုင်းကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာ ခဲ့တယ်။ "မိတ်ဖြစ်ဆွေဖြစ် အတူတူသောက်ကြရအောင်။ ဒီဝိုင်းကိုကိုယ်ရှင်းပါရစေ"

သူရဲ့ဖိတ်ခေါ်မှုကယဉ်ယဉ်ကျေးကျေးရှိလှပေမယ့် ကျွန်တော်ရဲ့တုံ့ပြန်ပုံကတော့ သိပ်မယဉ်ကျေးခဲ့ဘူး။

"မိတ်ဆွေဖြစ်ချင်စရာ ကောင်းလောက်အောင် ကျွန်တော်က ဖော်ဖော်ရွေရွေ မရှိဘူးဗျ။ ပြီးတော့စကားလည်း



www.burmeseclassic.com

www.burmeseclassic.com

နည်းတော့ နောင်ကြီးစိတ်အနှောင့်အယှက်ဖြစ်နေလိမ့်မယ်"

"ကိစ္စမရှိပါဘူး၊ ကိုယ်ကစကားပြောဖေါ် ထက် အရက်သောက်ဖော်ကိုလိုချင်တာပါ"

လှတ်ရည်ဆိုင်မှာ ရက်ပေါင်းများစွာ မျက်မှန်းတမ်းမိသူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ဖို့ ခက်ခဲပေမယ့် အရက်ဆိုင်မှာတော့လွယ်ကူမြန်ဆန်လွန်းလှပါတယ်။ ဘီယာတစ်ဂျား၊ အမြည်းသုံးလေးပွဲနဲ့အတူ သူ . . . ကျွန်တော့်ဝိုင်းကိုဧည့်သည်အဖြစ်ရောက်ရှိလာခဲ့တယ်။

အဲဒီညက ကျွန်တော် ဘီယာသုံးခွက်ထက် ပိုသောက်မိခဲ့သလို သူလည်းအတော်ရီဝေသွားခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော့်အတွက် စိတ်ဝင်စားစရာကောင်းမယ့်စကားကို သူစတင်လာခဲ့တာပါ။

"လောကကြီးမှာ လူတစ်ယောက်ကိုသတ်ရတာ အတော့်ကိုလွယ်တယ်စာရေးဆရာရဲ့။ အထူးသဖြင့် အဲဒီလူကကိုယ့်မိန်းမဖြစ်နေခဲ့ရင်ပေါ့"

"ဗျာ"

"အံ့ဩသွားသလား၊ မအံ့ဩနဲ့ကိုယ့်ဆရာ။ မယုံလည်းမရှိနဲ့၊ ကိုယ့်ကိုယ်တွေ့မို့ပြောပြတာ"

"ခင်ဗျားမူးနေပြီ"





"သေချာတာပေါ့။ ဒါပေမယ့် . . . သတိတော့မလွတ်သေးပါဘူးလေ။ ပြီးတော့ . . . ကိုယ်ပြောတဲ့စကားကိုမမှတ်မိလောက်အောင်တော့ မဖြစ်သေးပါဘူး"

သူကဘီယာတစ်ကျိုက်ကိုမော့ချလိုက်ပြီး၊ ကြက်ကြော်တစ်တုံးကို တစ်ဂျွမ်းဂျွမ်း၊ မြည်အောင်ဝါးစားနေလိုက်သေးတယ်။ ပြီးတော့မှ တစ်ရှူးစနဲ့ ပါးစပ်ကို အားရပါးရသုတ်ရင်းစကားစတယ်။

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က လူတစ်ယောက်ကိုကြိုတင်ကြံစည်ပြီးပိပိရိရိနဲ့ ကိုယ်သတ်ပစ်နိုင်ခဲ့တယ် ဆိုရင်မောင်ရင်ယုံပါ့မလား။ ကိုယ်ရဲ့ချစ်လှစွာသော မိန်းမကိုပေါ့ဒီနေ့ဆို သူဆုံးတာနှစ်နှစ်ပြည့်တဲ့နေ့ပဲ"

"ခင်ဗျားရဲ့မိန်းမကိုဟုတ်လား"

"အစစ်ပဲ။ ကိုယ့်ရဲ့မိန်းမ။ ကိုယ့်ဘဝကိုငွေနဲ့ပေါက်ပြီးဝယ်ခဲ့တဲ့မိန်းမ။ ကိုယ်ရဲ့နုပျိုစဉ်ကာလကို အမှောင်ကျစေခဲ့တဲ့မိန်းမ။ အဲဒီမိန်းမကို အောင်အောင်မြင်မြင်နဲ့ကိုယ်သတ်ပစ်နိုင်ခဲ့တယ်"

ကျွန်တော်ရဲ့ရီဝေမှုတွေလွင့်ပြောက်သွားပြီး ဦးခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေဆူညံလာတယ်။ သူဟာ ပုံမှန်မှဟုတ်ရဲ့လားလို့ ကျွန်တော်ဇဝေဇဝါဖြစ်သွား


www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် သူကတော့ တည်တည်ငြိမ်ငြိမ်အေးစက်စက်နဲ့ ဆက်ပြောနေခဲ့တယ်။

“သူနဲ့တွေ့တော့ ကိုယ့်အသက်ကနှစ်ဆယ်သာသာ မနုးမနပ်သူကတော့သုံးဆယ်စွန်း၊ ငွေချမ်းသာသလို အတွေ့အကြုံကလည်းကြွယ်ဝတယ်၊ ဒါကြောင့်ကိုယ့်ကို အမိဖမ်းပြီး ကိုယ့်ဘဝကိုအပိုင်သိမ်းနိုင်ခဲ့တယ်။ ကိုယ်နဲ့ ကိုယ့်မိဘနှစ်ပါးကိုငွေကြေး၊ ကျေးဇူးတရားတွေနဲ့မလှုပ်နိုင်အောင် ချည်နှောင်ထားနိုင်ခဲ့တယ်။ ချဉ်ချဉ်တူးတူးမူးပြီးရော ကာလကို ကုန်လွန်ချိန်ကျမှ ကိုယ်သူ့ကိုမချစ်ရုံတင်မဟုတ်ဘူး၊ တူးတူးခါးခါးမုန်းနေမှန်းသိလိုက်ရတယ် . . .

ဒါပေမယ့် . . . အခြေအနေကလွန်နေပြီ။ ကိုယ်သူ့ကို ကွာရှင်းခွင့်မရနိုင်သလို အပြင်မှာလည်း ရှုပ်ခွင့်မသာအောင် သူ့နှောင်ကြိုးတွေက မြဲမြဲလွန်းလှတယ်။ နောက်ဆုံးတော့ နည်းလမ်းကတစ်နည်းပဲရှိတယ် အဲဒါကတော့ သူ့ကိုရှင်းပစ်ဖို့ပဲဆိုတော့ . . .

ဘယ်လိုရှင်းမလဲ . . .

သူ့ကိုသတ်ပြီး ကိုယ့်ဘဝရဲ့ ကျန်တဲ့အချိန်တွေ အကုန်လုံးထောင်ထဲမှာ ကုန်ဆုံးပစ်ရလောက်အောင်တော့ ကိုယ်မမိုက်မဲဘူး”





ကြိုတင်ကြံစည်ထားတဲ့ ဝတ္ထုတစ်ပုဒ်လိုပဲ၊ ကောင်းခန်းရောက်မှစကားကို အချိန်ကိုက်ရပ်လိုက်ပြီး ဘီယာထပ်မှာတယ်။ လန်ဒန်တစ်ဘူးနဲ့ ကြက်ကြွပ်ကြော်တစ်ပွဲထပ်မှာတယ် ဘီယာတစ်ခွက်ကို အမြှုပ်မထအောင် စိမ်ပြေနပြေငှဲ့ပြီး တဂွပ်ဂွပ်သောက်ချလိုက်တယ်။ ကျွန်တော် စိတ်ရှည်သည်းခံနိုင်မှု ကုန်ဆုံးသွားချိန်မှာတော့။

“ခင်ဗျား သူ့ကိုဘယ်လိုသတ်လိုက်သလဲ”

ရုပ်ရှင်တွေထဲက ခပ်ညုံ့ညုံ့ လူဆိုးခေါင်းဆောင်ပုံစံမျိုးနဲ့ သူလက်ဖျစ်တစ်ချက်တီးလိုက်တယ်။

“အဲဒါအနှစ်ပဲ မောင်ရင်ရဲ့။ အဓိကသော့ချက်က အဲဒါပဲ ကိုယ်သူ့ကိုစိတ်နဲ့သတ်လိုက်တာ”

“ဗျာ . . . စိတ်နဲ့”

“ဟုတ်တယ် သူ့စိတ်ကိုလှည့်ဖျားပြီး သတ်လိုက်တာ အရင်က ဖာသိဖာသာနေရာကနေ အလွန်အကျူး ဂရုစိုက်ပြပြီး လှည့်စားလိုက်တာပဲ။ သွေးတိုး၊ နှလုံး၊ ဆီးချို အကုန်လုံးသူ့မှာဖြစ်နေတဲ့ပုံစံမျိုး ဂရုစိုက်ပြလိုက်တယ်”

သူ့စကားကိုရေးတေးတေးနားလည်သလိုရှိပေမယ့် လုံးစေ့ပတ်စေ့တော့ သဘောမပေါက်လှဘူး၊ သူကကျွန်တော့်အဖြစ်ကိုရိပ်စားမိပုံနဲ့ ခပ်အေးအေးရှင်းပြတယ်။


www.burmeseclassic.com

www.burmeseclassic.com



"သူ . . . နေ့ရတာ မအီမသာနဲ့ ခေါင်းတွေအုံတယ်လို့ညည်းရင်း၊ သွေးတိုးတာဖြစ်မယ်။ မနေ့ကဝက်သားဟင်းစားတာကိုး ငါးပိကြော်စားတာကိုးဆိုပြီး ဂရုတစိုက်နဲ့ဆေးတိုက်တယ်။ ဇက်တွေဘာတွေဆေးလူးပြီး နှိပ်ပေးတယ်။ သွေးကားမြင့်မြင့်တက်ရမယ့် နေရာမျိုးကျရင် ဖြည်းဖြည်းတက်မောနေမယ်။ နှလုံးကခံနိုင်မှာ မဟုတ်ဘူးဆိုပြီး ယုယပြတယ် အချိုတွေစားတာများရင် အိမ်သာထဲမှာ ပရွက်ဆိတ်တွေ တွေ့တယ် ဆီးချိုဖြစ်နေအုံးမယ်ဆိုပြီး သတိပေးတယ် ဘာစားစားဘာလုပ်လုပ်စိုးရိမ်တကြီးနဲ့ ဂရုစိုက်ပြလိုက်တော့ အဲဒီဂရုစိုက်မှုကိုသာယာလာတယ် တကယ်မရှိတဲ့ရောဂါတွေကို တကယ်ရှိသလိုထင်ယောင်ထင်မှား ဖြစ်လာတယ်။ အဲဒီကနေစပြီးသူစာရှောင်ရှောင်ဖြစ်လာတယ်။ ရာသီမရွေး အနွေးထည်ဝတ်ထားရတဲ့ အခြေအနေမျိုးရောက်လာတယ်။ ဟိုအစားရှောင် ဒီအစားရှောင်နဲ့ နောက်ဆုံးရေလုံပြုတ်သာသာပဲ စားရတော့တဲ့အနေအထားဖြစ်လာတယ်။ သူဆုံးမယ့်နေ့က ခေါင်းမူးတယ်ဆိုလို့ သူ့တူမဝမ်းကွဲနာ့စ်မလေးကို အိမ်ခေါ်ပြီး သွေးချိန်ခိုင်းတော့ သွေးနည်းနည်းတိုးတယ်။ ဒါပေမယ့် ကိုယ်ကသွေးအရမ်းတိုးနေတဲ့ပုံမျိုးနဲ့ အိပ်ရာထဲကမထနဲ့။ ခေါင်းကိုဆတ်ခနဲမလှည့်နဲ့။ မတော်တဆ ဦးနှောက်သွေး ကြောတွေဘာတွေပြတ်ပြုနေအုံးမယ်ဆိုပြီး ယုယပြတယ်။ ညနေပိုင်းကိုယ့်မိတ်ဆွေတစ်ယောက်လှမ်းခေါ်လို့ ဟိုတယ်မှာ ဘီယာသွားသောက်တယ်။ အိမ်ပြန်ရောက်တော့ သူဆုံးနေပြီ။ ဦးနှောက်သွေးကြောပြတ်သွားတာတဲ့။ မရှိတဲ့သွေးတိုးက သူ့ဦးနှောက်သွေးကြောကိုဖြတ်ပစ်လိုက်တာပဲ "

ဇာတ်သိမ်းခန်းရောက်သွားတဲ့ ဝတ္ထုတစ်ပုဒ်လိုမျိုး သူ့စကားတွေအရှိန်လျော့ကျသွားတယ်။ သက်ပြင်းတစ်ချက်ကိုဟန်ပါပါချလိုက်ပြီး ခဏငြိမ်သက်နေသေးတယ်။ ပြီးမှ

"သူသေသွားတော့ ကိုယ့်စိတ်တွေ တော်တော့ကိုလွတ်လပ်သွားတယ်။ လေးဆယ်ဝန်းကျင်ဆိုတဲ့အရွယ်ကဘဝကိုခံစားဖို့ အကောင်းဆုံးအရွယ်ပဲ။ကိုယ့်အတွက် အချိန်မီကလေးလို့ဆိုရမှာပေါ့။ သူမရှိတော့တဲ့နောက်ပိုင်း ကိုယ့်ဘဝကို ပေါ့ပေါ့ပါးပါးဖြတ်သန်းပစ်လိုက်တယ်။ ကိုယ်မျက်စိကျတဲ့မိန်းကလေးတစ်ယောက်ကို တင့်တောင်းတင့်တယ်တင်တောင်းပြီး လက်ထပ်ယူလိုက်တယ် ဂေါ့ဖ်ရိုက်တယ်။ ဟောလီဝုဒ်ကစားတယ်။ ဘီယာနဲ့ ဝီစကီသောက်တယ်။ စိတ်ပြေလက်ပျောက်တစ်လုံးနှစ်လုံးတွက်တယ်။ တာရှတ်ဆန်း







www.burmeseclassic.com

www.burmeseclassic.com

သွားပြီးစားချင်တာစားတယ်"

"ခင်ဗျားဘဝ ပျော်စရာကြီးပါလား"

"အမှန်ပေါ့၊ ဒါပေမယ့် . . တစ်နှစ်လောက်ပဲပျော်ရသေးတယ်။ ကျန်းမာရေးကဖောက်ချင်လာတယ်"

"ဘာဖြစ်လို့လဲ"

ကျွန်တော်တအံ့တသြမေးလိုက်တော့သူက မပြုံးချင်ပြုံးချင်ပြုံးတယ်။

"နည်းနည်းလေး ပင်ပင်ပန်းပန်းလုပ်လိုက်တာနဲ့ လူကမောချင်လာတယ်။ အစားအသောက်လည်း အရင်ကလောက် ဟုတ်တိပတ်တိမစားနိုင်ဘူး။ မိန်းမကတော့ အဲဒါ အသည်းမကောင်းတဲ့လက္ခဏာလို့ပြောတယ်။တစ်ခါ တစ်လေ သွေးတိုးချင်တယ်"

သူ့ပုံစံက တကယ့်ကိုစိတ်ပျက်လက်ပျက် ဖြစ်နေပုံမို့ ကျွန်တော်အားပေးစကားပြန်ပြောလိုက်ရတယ်။

"စိတ်မပျက်ပါနဲ့ဗျာ ဒီခေတ်မှာဆေးကောင်း ဝါးကောင်းတွေပေါပါတယ်။ ဒါနဲ့ခင်ဗျား ဘယ်ဆရာဝန်နဲ့ပြသလဲ"

"ဘယ်ဆရာဝန်မှမပြဘူး။ ကိုယ့်မိန်းမစမ်းသပ်ပေးတာသူကအရင်တုန်းက သူနာပြုလုပ်ဖူးတယ်လေ"





"ဒါဖြင့် . . ခင်ဗျားအရင်မိန်းမရဲ့ . . "

"ဟုတ်တယ် သူနာပြုအလုပ်တစ်ဖက်နဲ့ မိသားစုကိုရှာဖွေကျွေးနေတာမကြည့်ရက်လို့ လက်ထပ်ယူလိုက်တာ အသက်ချင်းကွာပေမယ့် ကိုယ့်အပေါ်တော်တော်ချစ်ရှာပါတယ်။ ဂရုလည်းစိုက်တယ် အခုလည်းသူ့အရက်ဖြတ်ခိုင်းလို့ ဖြတ်ပါမယ့်ကတိပေးပြီး ဒီနေ့နောက်ဆုံးလာသောက်တာပဲ။ ဘီယာတော့ စာရေးဆရာပဲသောက်လိုက်တော့။ ကိုယ့်အတွက်ဝိုင်းပိတ်ဝီစကီနှစ်ပက်မှာလိုက်မယ်"

f f f


www.burmeseclassic.com

www.burmeseclassic.com


## (၃)

နေရောင်ခြည်ဟာသူ့ရဲ့မာန်စွယ်ကိုချသွားခဲ့ပြီ။

ခပ်စုတ်စုတ်လှောက်ရည်ဆိုင်လေးထဲက ကျွန်တော် ပြန်ထွက်လာတော့ ဆည်းဆာက တိမ်တွေပေါ်ကို အနက်ရောင် မှင်ရည်တွေဖြန်းပက်စပြုနေခဲ့ပြီ လက်ထဲကဆေးလိပ်တိုကိုလွှင့်ပစ်ရင်း ဆောင်းဦးကာလတုန်းက ဘီယာဆိုင်မှာ စကားလက်ဆုံကျခဲ့ဖူးတဲ့ မိတ်ဆွေကြီးကိုဖြတ်ခနဲ သတိရလိုက်မိပါသေးတယ်။ သူဟာကျွန်တော့အတွက် ဝတ္ထုတစ်ပုဒ်ဖြစ်နေမလား။ တကယ်လို့ ဝတ္ထုတစ်ပုဒ်ဆိုရင်လည်း အလှည့်အပြောင်းတစ်ခုခုနဲ့ ဇာတ်သိမ်းခန်းတစ်စုံတစ်ရာ ပါသင့်ပါတယ်။






ပြီးခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်တုန်းကတော့ ဇာတ်သိမ်းလို့ယူဆရမယ့် ဝမ်းနည်းဖွယ်သတင်းတစ်ခုကို ဘီယာဆိုင်လေးကတဆင့် ကျွန်တော်ကြားသိခဲ့ရတယ်။ အဲဒါကတော့ ကျွန်တော်မိတ်ဆွေကြီး သွေးတိုးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပြီဆိုတာပါပဲ။ သူ့ကိုကွယ်လွန်သွားစေတဲ့ သွေးတိုးဟာတကယ်ရှိတဲ့သွေးတိုးလား။ ဒါမှမဟုတ် တကယ်မရှိတဲ့ ဆင်ယောင်ထင်မှားသွေးတိုးများလား။

ကျွန်တော်လမ်းဖြတ်ကူးခါနီးမှာ ပျော်ရွှင်နေတဲ့ စုံတွဲတစ်တွဲကို တင်ဆောင်ထားတဲ့ ကားတစ်စီးဟာ ကျွန်တော့်ရှေ့ကဝေါခနဲဖြတ်မောင်းသွားလေရဲ့။အဲဒီကားပေါ်မှာရယ်မောလိုက်ပါသွားတဲ့ အမျိုးသမီးကတော့ . . အရင်တုန်းကတည်းကတည်းကတသူနာပြုတစ်ယောက်များဖြစ်ခဲ့လေမလား။

အိမ်ပြန်ရောက်တဲ့အခါ ကျွန်တော်အပေါ်စိုးရိမ်တတ်တဲ့ဇနီးသည်ကို အလွန်အကျူးစိုးရိမ်တကြီးဂရုစိုက်မပြဖို့ ကျွန်တော်ဖျောင်းဖျရပါအုံးမယ်။ ပြီးတော့ဝတ္ထုတစ်ပုဒ်ကိုမြစ်ဖျားခံပေးဆင်းပေမယ့် တစ်စုံတစ်ရာကိုလည်း စောင့်မျှော်ရပါအုံးမယ်။ တချို့အကြောင်းအရာတွေဟာ. . ဝတ္ထုသဏ္ဍာန် ဟန်ဆောင်ထားတတ်ပေမယ့်. . ။ တကယ်ချရေးကြည့်တဲ့အခါ. .

f f f


www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ...

ဆွေမျိုးအသိုင်းအဝိုင်းနဲ့ မိတ်ဆွေအပေါင်းအသင်းဆိုတာ ....

စာထိုက်ကြီးက အကြွေးစေ့တည့်ဆက်ရတဲ့

တယ်လီဖုန်းလိုပါပဲ .....။

တစ်စုံတစ်ရာကို အဆက်မပြတ်ထည့်ပေးမှ ...

အဆက်အသွယ်မပြတ်မှာပါ။

Data File No. 9

www.burmeseclassic.com

www.burmeseclassic.com

# ခံတွင်းပျက်တဲ့ည

ဘဝမှာ စိတ်ပါလက်ပါနဲ့ ဟက်ဟက်ပက်ပက် နော[...] ဆုံးရယ်မောခဲ့တာ ဘယ်တုံးကလဲလို့မေးရင် ချက်ချင်းအဖြေ[...] ပေးနိုင်တဲ့လူအတော်ရှားပါလိမ့်မယ်။ တကယ်လို့များ တစ်[...] ယောက်ယောက်က မဆိုင်းမတွ အဖြေပေးလာခဲ့ရင်တော့ အဲ့ဒီလူကို ကံကောင်းတဲ့လူအဖြစ် သတ်မှတ်ရမှာပါ။

ဘာကြောင့်လဲဆိုတော့ ရယ်မောခြင်းဆိုတာ ပျော်ရွှင်[...] မှုရဲ့ သင်္ကေတတစ်ခုဖြစ်လို့ပါပဲ။ ပျော်ရွှင်မှုဟာ လူသားတစ်[...] ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့အရာပါ။





လူတစ်ယောက်ဟာ အချိန်မှန်မှန် အစာစားသလို [အ]ကျန်းမာရေးလိုက်စားသလို၊ အိပ်စက်အနားယူသလို၊ ပျော်ရွှင် [ခ]ြင်းကိုလည်း မကြာမကြာခံစားပေးဖို့လိုတယ်။ ဒါကြောင့် စိတ် [ပ]ညာရှင်တွေဟာ တစ်နေ့တစ်ခါရယ်မောဖို့ အကြံပေးခဲ့ကြတာ [ပ]ါ။ ဒါပေမယ့် အဲ့ဒီအကြံပေးချက်အတိုင်း မလိုက်နာနိုင်သူတွေ [ဘ]ယ်လောက်များများရှိခဲ့ကြပါလိမ့်။

အဲ့ဒီထဲမှာ သူလည်းတစ်ယောက်အပါအဝင် ဖြစ်ခဲ့တာ ကတော့ ဘယ်လိုမှငြင်းဆန်ယူစရာ မကောင်းလှတာအမှန်ပါ။ သူ့ဘဝ မှာ လွတ်လွတ်လပ်လပ်ပျော်ရွှင်ခဲ့ဖူးတာ ဘယ်တုံးကလဲ လို့မေးရင် အဲ့ဒီမေးခွန်းကို ဖြေနိုင်ဖို့အတော့်ကို အချိန်ယူရပါလိမ့်မယ်။

ခပ်ငယ်ငယ်ကလေးဘဝတုန်းကတော့ သူလိုကိုယ်လို အနည်းအကျဉ်း ပျော်ရွှင်ခဲ့ဖူးမှာဖြစ်ပေမယ့် ပြန်စဉ်းစားကြည့် တဲ့အခါ အဲ့ဒီအချိန်ကာလတွေဟာ အိပ်မက်ဆန်စွာဝိုးတဝါး နိုင်လွန်းလှပါတယ်။

ဒါဖြင့် . . . ကလေးဘဝကိုကျော်လွန်စ လူမှန်းသိ တတ်စ အချိန်မှာရော . . .။

ဟင့်အင်း . . . အဲ့ဒီတုန်းကလည်း ထူးထူးခြားခြား မပျော်ရွှင်ခဲ့ပါဘူး။ ဒါဆို . . . ရည်းစားထားတတ်တာစ မြီးကောင် ပေါက် အရွယ်မှာတော့ ပျော်ရွှင်ခဲ့ဖူးမယ်ထင်ပါရဲ့။ ဘယ်သူမှ[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် အဲ့ဒီအချိန်ကာလတွေဟာ ဘဝရဲ့ပျော်စရာအကောင်းဆုံးနဲ့ ရွှေရောင်အတောက်ပဆုံး ကာလတွေပဲမဟုတ်လား။

ဒါပေမယ့် . . သူကတော့ခေါင်းရမ်း ငြင်းဆန်ပါတယ်။

အဲ့ဒီအချိန်တွေမှာ သူဟာ မိသားစုရဲ့စက်ခေါင်းတွဲနေရာကို ရောက်မှန်းမသိရောက်နေပြီဖြစ်သလို၊ စိတ်ညစ်ခြင်းဆိုတာနဲ့လည်း အကျွမ်းတဝင်ဖြစ်နေခဲ့ပါပြီတဲ့။

ကျောင်းတစ်ဖက်တက်ရင်းမီးဖိုချောင်က ဆန်အိုးထဲကိုဆန်မှန်မှန်ဖြည့်ခဲ့။ စိတ်ထွက်ပေါက်တွေ လှောင်ပိတ်လာတဲ့အခါဝတ္ထုတွေရေးခဲ့။ လောကကြီးကို မကျေနပ်တဲ့အခါ အံ့ကြိတ်ခဲ့။ ဒီလိုနဲ့ ကျောင်းပြီးသွားတဲ့အခါ ရေနွေးငွေ့စက်ခေါင်းကနေ ဒီဇယ်စက်ခေါင်းအဖြစ် သူ့ကိုယ်သူ ပြောင်းလဲမောင်းနှင်ခဲ့ . . . နောက်တော့ သူ့အပေါ်အသင့်အတင့် နားလည်တဲ့ကောင်မလေးနဲ့ လက်ထပ်ခဲ့ . . . ။

သူ့ဘဝဟာ ရိုက်လို့ကောင်းအောင် စီရင်ရေးသားထားတဲ့ ရုပ်ရှင်ဇာတ်ညွှန်းတစ်ခုလိုပါပဲ။ ဖြစ်ချိန်တန်ဖြစ်ပြီး၊ ပျက်ချိန်တန် ပျက်ခဲ့တာမှန်ပေမယ့် တစ်စုံတစ်ရာ လိုနေမှန်းကိုတော့ သူ ခပ်ရေးရေး သဘောပေါက်လာတယ်။

f f f





(၂)

"ကို ဘာဖြစ်လို့ မရယ်တာလဲဟင် ကိုနဲ့စတွေ့ကတည်းက ပြုံးတာပဲ မြင်ဘူးတယ်။ ဟက်ဟက်ပက်ပက်ရယ်တာ တစ်ခါမှ မတွေ့ဖူးဘူး"

သူ့အပေါ် နားလည်တယ်လို့ ယူဆထားခဲ့တဲ့အိမ်ရှင်မရဲ့ အဲ့ဒီမေးခွန်းလေးကပဲ သူ့တစ်ကိုယ်လုံးကို တုန်လှုပ်ပြီး အိပ်ရာက လန့်နိုးလာစေခဲ့တာပါ။

"ကိုယ်လည်း မပြောတတ်ဘူး ကြည့်ရတာ . . . ကိုယ့်မှာတစ်ခုခုလိုနေတယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲဟင်"

"ပျော်ရွှင်မှုပေါ့"

"ပျော်ရွှင်မှု ဟုတ်လား . . . ကျွန်မဖြင့် အဲ့ဒီကိစ္စကို တစ်ခါမှ မစဉ်းစားဖူးဘူး"

တကူးတက စဉ်းစားနေစရာ မလိုလောက်အောင် သူမရဲ့ ဘဝက အဲ့ဒီအရာတွေနဲ့ ပြည့်စုံနေခဲ့လို့ဖြစ်မှာပါ။ သူမမှာ ပွင့်လင်းနွေးထွေးတဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ မိသားစုဆက်ဆံရေးရှိတယ်။ မချမ်းသာပေမယ့် အသင့်အတင့်စားနိုင် သောက်နိုင်တဲ့ မီးဖိုချောင်စရိတ်ရှိတယ်။ အနားမှာ သူမအထင်ကြီးအားကိုးတဲ့ လင်ယောက်ျားရှိတယ်။

နောက်ပိုင်းသိပ်ချစ်စရာကောင်းတဲ့ သားတစ်ယောက်နဲ့ သမီးတစ်ယောက်လည်း ရရှိခဲ့ပါသေးတယ်။

"ပျော်ရွှင်မှုဆိုတာ ဘဝအတွက်အရေးကြီးလို့လား"

"ကိုယ်တော့အရေးကြီးတယ်ထင်တာပဲ။ ကိုယ်ကြိုက်တဲ့ဟင်းနဲ့ ထမင်းတစ်နပ်စားလိုက်ရလို့ တင်းတိမ်သွားသလိုမျိုး . . .၊ ဘဝမှာတင်းတိမ်ဖို့ဆိုတာ ပျော်ရွှင်မှုမရှိဘဲနဲ့ မဖြစ်နိုင်ဘူး။ ပျော်ရွှင်မှုမရှိရင် ကျေနပ်မှုမရှိနိုင်ဘူး။ ကျေနပ်မှုမရှိရင် စိတ်တိုင်းကျမှု ဆိုတာလည်း ရှိနိုင်မှာ မဟုတ်ဘူး"

"ကိုက ဘဝကို စိတ်တိုင်းမကျဖြစ်နေတာလား"





"ကိုယ် မပြောတတ်ဘူး"

"ကိုက . . . ဘာဖြစ်လို့ မပျော်ရွှင်ရတာလဲ။ ကို့အတွက် အရေးကြီးတဲ့ အဲ့ဒီပျော်ရွှင်မှုကိုကော ဘယ်လိုရှာမှာလဲ"

"အဲ့ဒါလည်း . . . ကိုယ်မပြောတတ်ဘူး"

အဲ့ဒီနောက်ပိုင်း ဘဝကိုခံတွင်းမတွေ့တဲ့ နေ့ရက်တွေသာ တဖြည်းဖြည်းပိုများလာတော့တယ်။

နိစ္စဒူဝ ပစ္စက္ခတ် အချိန်တွေကနေ ရှောင်ပြေးချင်တဲ့သူဟာ ရံဖန်ရံခါ . . . မူးယစ်ရီဝေတတ်လာတယ်။ ဝိုးတဝါး ညနေခင်းနဲ့ အသိမဲ့ညတွေဟာ အရေအတွက်များလာတယ်။

"ဘဝကို ဖောက်ထွင်းချင်လို့သောက်တာ . . ." လို့ ကြွေးကြော်လေ့ရှိတဲ့သူ့ကို "ယမကာဆိုတာအပန်းဖြေဆေး" လို့ လက်ခံထားတဲ့ မိတ်ဆွေတွေက နားမလည်နိုင်ဖြစ်လာကြတယ်။

သူက စိတ်ပါမှစာရေးချင်သူပါ။ ဒါပေမယ့် . . . စိတ်မပါတဲ့ နေ့ရက်တွေများလာတဲ့အခါ တဖြည်းဖြည်းစာရေး ကျဲလာတယ်။ စကားနည်းလာတယ်။ အပေါင်းအသင်း ရှဲလာတယ်။ ဘယ်သူက ဘယ်သူ့ကို စွန့်ခွာမှန်းမသိပေမယ့် . . . သူ သတိထားမိချိန်မှာတော့ သူ့နားမှာ အပေါင်းအသင်းတွေက အတော့်ကို နည်းပါးနေခဲ့ပြီ။

တကယ်တော့ ဆွေမျိုးအသိုင်းအဝိုင်းနဲ့မိတ်ဆွေအ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းအသင်းဆိုတာဟာလည်း စာတိုက်ကြီးက အကြွေးစေ့ထည့်ဆက်ရတဲ့ တယ်လီဖုန်းလိုပါပဲ။ တစ်စုံတစ်ရာကို အဆက်မပြတ်ထည့်ပေးနေမှ အဆက်အသွယ်မပြတ်မှာပါ။

ကိုယ့်ဘက်က တစ်ခုခုပေးနေပေမယ့် တစ်ဘက်ကလိုချင်တာနဲ့ မကိုက်ညီတဲ့အခါ နားလည်မှုလွဲသွားတတ်မှန်း အဲ့ဒီအချိန်တွေကျမှ သူသဘောပေါက်လာခဲ့တယ်။ လူမှုရေးဆိုတဲ့စကားလုံးကို အသံထွက်မှန်မှန်နဲ့ ရွတ်ဆိုတတ်အောင် အဲ့ဒီနေ့ရက်တွေမှာပဲ ကြမ်းကြမ်းရှရှ သူသင်ယူခဲ့ရတာပါ။

ဒါပေမယ့် . . . သူမျှော်လင့်နေတဲ့ ပျော်ရွှင်ကျေနပ်မှုဆိုတာကတော့ ပျောက်ဆုံးနေဆဲပါပဲ . . .။

အဲ့ဒီအရာဟာ . . . အမြဲပ်တစီစီထနေတဲ့ မြန်မာစည်ဘီယာခွက်ထဲမှာ မရှိသလို . . .

ကာရာအိုကေ ဆောင်းဘောက်စ်ထဲမှာလည်းမရှိဘူး . .

ကလပ်ခန်းမရဲ့ အကကြမ်းပြင်မှာ မရှိသလို . . . ရေစိုနှုတ်ခမ်းနီဆိုးထားတဲ့ နှုတ်ခမ်းထက်မှာလည်း မရှိဘူး. . . .

အဲ့ဒီအရာဟာ သိမ်ကြီးဈေးလမ်းမပေါ်မှာ မရှိသလို၊ ခေါင်းတွေကိုက်ပြီး နိုးထလာတဲ့ မနက်ခင်းမှာလည်း မရှိဘူး။

အဲ့ဒီအရာဟာ . . .

မရှိဘူး . . . မရှိဘူး၊





မရှိဘူး . . . လို့ သေချာလာတာနဲ့အမျှ အဲ့ဒီအရာကိုသူပိုပြီးလိုချင်တပ်မက်လာတော့တယ်။ ဘယ်မှာလဲ ပျော်ရွှင်ကျေနပ်မှု. . .။ ဘယ်မှာလဲ . . . ဘဝရဲ့အနှစ်သာရ . . .။

သူတကယ့်ကို အလောတကြီး တွေ့ချင်နေခဲ့တာပါ။ ဒီလိုနဲ့ . . .

f f f



www.burmeseclassic.com

www.burmeseclassic.com



(၃)

ခပ်ညံ့ညံ့အပေါစားပြက်လုံးတွေနဲ့ ဘဝကိုရယ်မော ဖြတ်သန်းပစ်လိုက်ဖို့ဆိုတာ တကယ့်တကယ်တော့ မလွယ်လှပါဘူး။ ဒါဟာ . . . မိမိကိုယ်ကို လိမ်ညာတာဖြစ်သလို ဘဝကို လွဲမှားစွာချဉ်းကပ်တာလည်းဖြစ်တယ်။

ဒါပေမယ့် လောကကြီးမှာ အဓိပ္ပါယ်မဲ့ပြက်လုံးတွေ ဘယ်လောက်တောင်များခဲ့ပြီလဲ။ မနက်မျက်စေ့နှစ်လုံး ပွင့်ချိန်ကစလို့ ညအိပ်ရာဝင်ချိန်အထိ နေ့စဉ်ဖြတ်သန်းမှုထဲမှာ အပေါစားပြက်လုံးတွေဟာ အချိန်ပြည့်ရိုက်ခတ်နေကြတယ်။





အဲ့ဒါတွေဟာ လက်ဘက်ရည်ဆိုင်စကားဝိုင်းမှာ ရှိတယ်။ အသံဆောင်းဘောက်စ်တွေထဲမှာရှိတယ် . . .

လေလှိုင်းထဲမှာရှိတယ် . . .

ဘစ်ကားပေါ်မှာရှိတယ် . . .

စက္ကူကြမ်းကြမ်းတွေပေါ်မှာရှိသလို ဒစ်ဂျစ်တယ် နာရီတစ်လုံးထဲမှာရှိတယ် . . .

ဒါပေမယ့် . . . သူ မရယ်မောဖြစ်ခဲ့ဘူး . . .

သူ့ရဲ့ ဇနီးသည်ကတော့ သူ့ကိုရယ်မောစေချင်ပုံပါပဲ။

"ကိုကြည့်ရတာ စိတ်ပင်ပန်းလိုက်တာ။ ပေါ့ပေါ့ပါးပါး ရယ်ပစ်လိုက်စမ်းပါ စိတ်ပါလက်ပါရယ်ပစ်လိုက်ရင် ကို နေလို့ ကောင်းသွားလိမ့်မယ်"

ဒါပေမယ့် . . . သူ မရယ်မောနိုင်ခဲ့သလို ဟန်ဆောင် ပျော်ရွှင်ကြည့်လို့လည်း မရခဲ့ပါဘူး။

ကိုယ့်ရယ်သံကိုယ်ပြန်မကြားရတာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်တဲ့သူဟာ စာတွေမရေးနိုင်ခဲ့တာလည်း နှစ်ပေါက်ခဲ့ပါပြီ။ ဘဝကိုခံတွင်းမတွေ့တိုင်း သူရာမေရိယကံကျူးလွန်လွန်းလို့ မှတ်ဉာဏ်တွေတောင် ချို့ယွင်းစပြုလာခဲ့ပြီ။ အဆိုးဆုံးကတော့ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းမဲ့စွာ အထီးကျန်ဆန်လွန်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပုံမကျတဲ့ဆိုင်မှာ ဆံပင်ညှပ်ရသလို၊ ခပ်တုံးတုံး ဘရိတ်ဓါးနဲ့ မုတ်ဆိတ်ရိတ်ရသလို၊ ဘဝမှာ အဆင်မပြေမှုတွေ များလာတဲ့အခါ တစ်စုံတစ်ယောက်ဆီမှာ အကြံဉာဏ်ယူသင့်တယ်ဆိုရင် အဲဒီတစ်စုံတစ်ယောက်ဟာ ဗေဒင်ဆရာတော့ မဖြစ်သင့်ပါဘူး။

ဒါကြောင့် စိတ်ကုဆရာဝန်ဆီကိုပဲ သူသွားခဲ့တယ်။ စာရေးဆရာလည်းဖြစ်တဲ့ စိတ်ကုဆရာဝန်ကို သူက ခပ်ရိုးရိုး စကားနဲ့ ခုလိုစတင်လိုက်တယ်။

"ကျွန်တော် နေရထိုင်ရတာမပျော်ဘူးဆရာ"

"စာတွေကော ရေးဖြစ်သလား"

"အဓိကပြဿနာက အဲ့ဒါပဲ။ စာရေးဖြစ်နေရင် တော်သေးတယ်။ အခုစာမရေးဖြစ်တော့ ကျွန်တော့် ရင်ဘတ်ထဲမှာ စကားလုံးတွေနဲ့ ပြည့်ကြပ်နေတယ်"

ဆရာဝန်က သူ့စကားကို စာနာနားလည်စွာ ခေါင်းညိတ်ပြီးလိုအပ်တဲ့မေးခွန်း အနည်းအကျဉ်းမေးတယ်။ ပြီးတော့ နောက်တစ်ခါ ခေါင်းညိတ်ပြန်တယ်။

"ဒါဟာ . . . (ဒီပရက်ရှင်) စိတ်ကျရောဂါပါ။ လူတော်များများဖြစ်တတ်တယ်။ ဆေးမှန်မှန်သောက် လိုက်ရင် အိုကေသွားလိမ့်မယ်"

ဆရာဝန်ဆီက ဆေးရောင်စုံနဲ့ အားပေးစကားအတော်





များများကို လက်ခံရယူပြီးသူပြန်လာခဲ့တယ်။

သူ့ဇနီးက ဆေးတွေကို အချိန်မှန်မှန်တိုက်ကျွေး သလို၊ သူကလည်း နာလန်ထဖို့ ဆရာဝန်ညွှန်ကြားချက် အတိုင်း အပြင်းအထန်ကြိုးစားခဲ့ပါတယ်။ စိတ်ဓါတ်ကျတာ သက်သာသွားပေမယ့် စိတ်မပျော်တာနဲ့ စိတ်ပျော်ရွှင်ချင်တဲ့ ဆန္ဒကတော့ နည်းနည်းမှယုတ်လျော့မသွားခဲ့ပါဘူး။

"ခင်ဗျား . . . တရားထိုင်ဖူးသလား"

"ဟုတ်တိပတ်တိ မထိုင်ခဲ့ဖူးဘူးဆရာ"

"ဒါဖြင့် . . . တရားလေးဘာလေးထိုင်ကြည့်ပါလား။ စိတ်အေးချမ်းဖို့အတွက်ဆိုရင် ဘာသာတရားကို ချဉ်းကပ်တာ အကောင်းဆုံးပဲ"

လောကကြီးကိုရော၊ ကိုယ့်ကိုယ်ကိုပါခံတွင်း မတွေ့တော့တဲ့ လူတစ်ယောက်အတွက် အသင့်တော်ဆုံးအကြံ ဉာဏ်လို့ ဆိုရမှာပါ။ ဒါပေမယ့် . . . ခက်နေတာတစ်ခုက သူကိုယ်နှိုက်က စိတ်ငြိမ်ငြိမ်မလိုက်နာနိုင်ခဲ့တဲ့ကိစ္စပဲ။ ထိုင်တစ်ချက် ပျက်တစ်ချက် တရားသွားလိုက် စည်ဘီယာဆိုင်ရောက်လိုက်နဲ့သူ့ရဲ့နေ့ရက်တွေဟာ လုံးလည်ချာလည်လိုက်နေခဲ့တယ်။

"ကျွန်မကတော့ ကိုကို ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူ့အပေါ် နားအလည်ဆုံးလို့ ခံယူထားတဲ့ဇနီးသည် က စိတ်ပျက်လက်ပျက်နဲ့ ငြီးငြူစပြုလာတဲ့အခါမှာတော့ သူ အကြီးအကျယ် စိတ်ရှုပ်သွားခဲ့တယ်။

တကယ်တော့ . . . သူက ဘီယာဆိုင်ထိုင်ခြင်းကိုဆေး မြီးတိုကုထုံးတစ်ခုလို အသုံးပြုခဲ့တာပါ။ စိတ်တွေကျပြီးကတည်းက ဇနီးသည်အပါအဝင် အိမ်သားအားလုံးအပေါ် စကားပြောချင်စိတ်တွေ ကုန်ခမ်းနေသလို၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ တွေ့ဖို့ကိုလည်း ဝန်လေးနေခဲ့တယ်။ ဒါပေမယ့် ဘီယာအနည်းအကျဉ်းသောက်ထားရင်တော့ စိတ်ဓါတ်တွေတက်ပြီး ပြောချင်ဆိုချင် တွေ့ချင်စိတ်တွေ ဖြစ်လာတတ်တာမို့၊ ရံဖန်ရံခါ သူဘီယာဆိုင် သွားလေ့ရှိတယ်။

ဒါပေမယ့် . . . သူ့ဇနီးသည်ကိုယ်တိုင်က သူ့ရဲ့ လုပ်ရပ်အပေါ် နားမလည်နိုင်တော့တဲ့အခါမှာတော့ သူ့ရဲ့ စိတ်ဓါတ် ဖရိုဖရဲ ဖြစ်သွားခဲ့ရတယ်။ ဒါကြောင့် . . . အဲ့ဒီညက ဘီယာဆိုင်ကို ထပ်မံရောက်ရှိသွားခဲ့ပြီး ခပ်ဆန်းဆန်း လူတစ်ယောက်နဲ့ ဆုံဆည်းဖြစ်ခဲ့တာပါ။

f f f



(၄)

အဲ့ဒီလူရဲ့ ထူးခြားမှုကတော့ သူနဲ့ မျက်နှာပေါက်ချင်း အလွန်ဆင်လွန်းနေတဲ့ ထူးခြားချက်ပါ။ ကိုယ့်ပုံရိပ်ကို ခပ်ဝါးဝါး မှန်ထဲကနေ ပြန်မြင်နေရသလိုဖြစ်နေတာကြောင့် တစ္ဆေကောင်လို့ စိတ်ထဲကနေ အဲ့ဒီလူကို နာမည်ပေးလိုက်တယ်။

သူက ခြောင်ကျကျစားပွဲတစ်လုံးမှာ တစ်ယောက်ထဲ တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေတာဖြစ်ပေမယ့် တစ္ဆေကောင် ကတော့ မီးရောင်အောက်ကဝိုင်းကျယ်မှာ အပေါင်းအသင်းတွေနဲ့ ဆူဆူညံညံဝိုင်းဖွဲ့နေတာပါ။


www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကောင်ကိုကြည့်ရတာ စီးပွားရေးအဆင်ပြေပုံရတဲ့အပြင် လိုအပ်တာထက်လည်း ပိုပြီးရှင်လန်းတက်ကြွ နေပုံပါ။ တစ်နာရီလောက်ကြာတော့ တစ္ဆေကောင်ရဲ့ အပေါင်းအသင်းတွေ ထပြန်သွားကြတယ်။ တစ္ဆေကတစ် ယောက်တည်းဆက်သောက်ရင်း ဘေးဘီဝဲယာကို လှည့်ကြည့်ပြီး သူ့ကိုမြင်သွားတော့၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ထလာတယ်။

"ကျုပ်တို့နှစ်ယောက် အဖော်မဲ့နေကြတဲ့အတူတူဝိုင်းပေါင်းပြီးဆက်သောက်ကြရင် မကောင်းဘူးလား၊ ကျုပ်တိုက်ပါရစေ"

ဒီလိုနဲ့ တစ္ဆေနဲ့သူ အလွယ်တကူ အဖွဲ့ကျသွားခဲ့ တယ်။ ဘီယာတော်တော်လေးကုန်ပြီး စကားတွေ တော်တော်ပြောဖြစ်ပြီးချိန်မှာတော့ တစ္ဆေကစကားစတယ်။

"ခင်ဗျားနဲ့ ကျုပ်နဲ့ ရုပ်ချင်းတော်တော်ဆင်တယ်ဗျာ။ ပြီးတော့ ဘီယာကြိုက်တာခြင်းလည်းတူတယ်။ ဒါပေမယ့် ကျုပ်က တက်ကြွသလောက် ခင်ဗျားကဘာဖြစ်လို့ ငေးငေး ငိုင်ငိုင်ဖြစ်နေရတာလဲ"

တစ္ဆေရဲ့ စကားဆုံးတယ်ဆိုရင်ပဲ ရင်ဖွင့်ဖော်ရှာနေတဲ့သူဟာ သူ့အကြောင်းအားလုံးကို ခရေစေ့တွင်းကျပြောပြလိုက်တယ်။ ဘဝမှာ မပျော်ကြောင်းစာရေးမရကြောင်း စိတ်ဓါတ်ကျနေကြောင်း လက်ရှိအခြေအနေကို စိတ်ကုန်နေကြောင်းအားလုံးပဲဆိုပါစို့။

" ခင်ဗျားနဲ့ ကျုပ်နဲ့ကတော့ ဆန့်ကျင်ဘက်ပဲ။ ကျုပ်ကကိုယ့်ဘဝကိုယ်ဇ္ဈကျနပ်တယ်။ နေရတာလည်းပျော်တယ်။စိတ်ဓါတ်တက်ကြွလွန်းလို့ တစ်ခါတစ်ခါ စိတ်ကြွရောဂါများ ရနေသလားလို့တောင် တွေးမိသေးတယ်"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ နေရာချင်းလဲလို့ရရင် သိပ်ကောင်းမှာပဲ"

"တကယ်လားဗျ။ ကျုပ်ကစာရေးဆရာ တစ်ယောက်ရဲ့ဘဝကို သိချင်နေတာနော်။ ပြီးတော့လည်း စိတ်ဓါတ်မကျဖူးလို့ ကျကြည့်ချင်နေတာ "

"အလကားပါဗျာ၊ ကျွန်တော်တို့နှစ်ယောက်က ရုပ်ချင်းဆင်တယ်ဆိုပေမယ့် တစ်ထပ်တည်းတူတာမှ မဟုတ်ပဲ"

"တူနိုင်တဲ့ နည်းတွေရှိချင်ရှိမှာပေါ့ဗျာ။ (Face Off) ကားထဲက ဂျွန်ထရာဗိုတာနဲ့ နီကိုးလပ်လို မျက်နှာချင်း ခွဲစိတ်ပြီးပြောင်းလို့ရချင်ရမှာပေါ့"

ရုပ်ချင်းတူလည်း အကျင့်စရိုက်ဆိုတာက ရှိသေးတယ်လေ။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်မိသားစုက ခင်ဗျားကို အလွယ်တကူ ဘယ်လက်ခံပါ့မလဲ"




ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေက တစ်ထပ်တည်းတူအောင် လုပ်တဲ့နည်းတွေ ရှိမှာပါလို့ ရေရွတ်နေသေးရဲ့။ ဒီလိုနဲ့ အဲ့ဒီညက သူရော တစ္ဆေပါ တော်တော်မူးခဲ့ကြတယ်။ဘယ်အချိန်ဆိုင်ထဲကထွက်လို့တစ်ယောက်ပုခုံးတစ်ယောက်ဘယ်လိုဖက်ပြီး ပြန်ခဲ့ကြမှန်း သူမမှတ်မိတော့ဘူး။

လမ်းခွဲခါနီး တစ္ဆေက "ကျုပ်တို့နှစ်ယောက် နေရာချင်းလဲရင်အောင်" ဆိုတဲ့ စကားနဲ့ ဂျီကျနေတာလောက်ပဲ ရေးတေးတေး မှတ်မိတော့တယ်။

အဲ့ဒီညသူအိပ်ပျော်သွားတော့ အိပ်မက်ထဲမှာ တစ္ဆေကိုတွေ့ရတယ်။ တစ္ဆေကောင်ရဲ့ မျက်နှာက မရွှင်မလန်းနဲ့ ငေးငေးငိုင်ငိုင်ဖြစ်နေလို့ "ဘာဖြစ်တာလဲ" လို့ မေးလိုက်တော့ တစ္ဆေက . . .

"ကျုပ်တို့နှစ်ယောက် နေရာချင်းလဲပြီးပြီလေ . ." တဲ့

သူက "မဖြစ်နိုင်တာပဲ" လို့ငြင်းတော့ တစ္ဆေကောင်က "ကျုပ်နောက်မှာ ကြည့်လေဗျာ" လို့ဖြေတယ်။ တစ္ဆေနဲ့နောက်မှာ သူ့ဇနီး၊ သူ့ကလေး နှစ်ယောက်နဲ့ သူ့မိသားစုဝင်အားလုံးကိုတွေ့လိုက်ရတယ်။ ဝတ်ပုံစားပုံကော အသွင်သဏ္ဌာန်တွေကပါ သူနဲ့တုံးကလို မဟုတ်တော့လို့ သူ တအံ့တသြ တုန်လှုပ်သွားမိတယ်။





တစ္ဆေကညှိုးညှိုးငယ်ငယ်ပြုံးရင်း သွားကြားထဲက လေသံနဲ့ ခပ်တိုးတိုးပြောတယ်။

"ကျုပ် သူတို့အားလုံးကို ပုံစံပြောင်းလိုက်ပြီလေ"

f f f



www.burmeseclassic.com

www.burmeseclassic.com

(၅)

အိပ်ရာကလန့်နိုးတော့ သူတစ်ကိုယ်လုံး ချွေးစေး တွေနဲ့ ရွှဲနစ်နေတယ်။ အိပ်မက်မှန်းသိနေပေမယ့်၊ အိပ်ခန်းထဲမှာရှိတဲ့ ဇနီးနဲ့ကလေးနှစ်ယောက်ကို စိတ်မချလို့သွားကြည့်တော့ သုံးယောက်စလုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြတယ်။

ဒီတော့မှ သက်ပြင်းရှည်တစ်ချက်ကိုချရင်း ရေသောက်ဖို့ ထမင်းစားခန်းဘက်ကို ထွက်လာခဲ့တယ်။ ရေအေးအေးကို ဖြည်းဖြည်းချင်းသောက်နေတုန်းမှာပဲ၊ မှုန်ဝါးဝါးအလင်းရောင်အောက်မှာ အိပ်မက်ထဲက တစ္ဆေကို ထပ်တွေ့လိုက်ရပြန်တယ်။





သူဝတ်လေ့ရှိတဲ့ အိမ်နေရင်းအကျႌဖရိုဖရဲနဲ့။ သူ့လိုမျိုး မဖြီးမသင်တဲ့ ဆံပင်ရှည်ရှည်၊ ရက်ပေါင်းများစွာ မရိပ်ဖြစ်တဲ့ မုတ်ဆိတ်မွှေး နှုတ်ခမ်းမွှေးတွေနဲ့။ မရွှင်မလန်း မျက်နှာနဲ့။ ပြီးတော့ သွားကြားထဲကလေသံနဲ့ စကားသံခပ်တိုးတိုးတစ်သံ . .

"ကျုပ်တို့နှစ်ယောက် နေရာချင်းလဲကြရအောင်"

ရေခွက်ကိုင်ထားတဲ့ သူ့ရဲ့ညာလက်ကို မြှောက်လိုက်တော့ တစ္ဆေကောင်က ဘယ်လက်ကို မြှောက်လိုက်တယ်။

"မလဲဘူးကွာ"

သောက်ရေခွက်နဲ့ တစ္ဆေကောင်ဆီ ပစ်ပေါက်လိုက်တယ်ဆိုရင်ပဲ၊ ကြည့်မှန်တစ်ချပ်ရဲ့ ဂွမ်းခနဲကွဲသံက ခပ်ကြမ်းကြမ်း ထွက်ပေါ်လာတယ်။

"ကို . . . ဘာဖြစ်တာလဲဟင်"

ဇနီးသည်သူ့အနားကို အပြေးအလွှား ရောက်လာချိန်အထိ၊ သူ့ရင်အစုံက ဖားဖိုတစ်ခုလို နိမ့်ချီမြင့်ချီ ဖြစ်နေတုန်းပါပဲ။

"မှန်ကွဲတာပါ"

"လန့်လိုက်တာကိုရယ် ဘာများလဲလို့"

"ပြူတင်းပေါက် ဖွင့်လိုက်စမ်းပါ"

"ဘာလုပ်ဖို့လဲကိုရဲ့ အေးကအေးနဲ့"


www.burmeseclassic.com

www.burmeseclassic.com

"ရောင်နီလာပြီလား သိချင်လို့ပါကွာ"

သူ့အသံထဲမှာနွမ်းလျမှုတွေကတော့ အနည်းအကျဉ်း ပါနေဆဲပါ။

f f f


www.burmeseclassic.com

www.burmeseclassic.com

အသံတစ်ခုကြားလို့ ....

အသံထွက်ရာအရပ်နဲ့ ဘာကြောင့်ထွက်သလဲဆိုတာ

သိလိုက်ရရင်အကြောင်းမဟုတ်ဘူး။

အဲ့ဒီလိုမဟုတ်ဘဲ .....

ဘာသံညာသံမှန်းမကွဲပြားရင် လူဟာသရိုးသရီဖြစ်လာပြီး

အလိုလိုလန့်လာတယ်။

ရင်တွေ တဒိန်းဒိန်းတုန်လာတယ် ....

ကြာတော့ စိတ္တဇဖြစ်ချင်လာတယ် .....

## Data File No. 10

www.burmeseclassic.com

www.burmeseclassic.com

# အသံတွေရဲ့ပဥ္စလက်

ဇာတ်လမ်းကတော့ အသံတွေနဲ့စတယ်ပဲ ပြောပါတော့။

ဘာသံတွေလဲ။ ဘယ်ကလာတာလဲ။ ဘယ်နေရာ ကလဲ မမေးနဲ့။ ခုချိန်အထိ စုံဝင်းအောင် ကိုယ်တိုင်ဘာမှ ရေရေရာရာ သိတာမဟုတ်ဘူးရယ်။ ဒါဖြင့် မသိဘဲနဲ့ ဝင်ပါရသလားဆိုတော့ . . . ပါတယ်။ ဒါက စုံဝင်းအောင်ရဲ့အကျင့်။ ဘာလေးဖြစ်ဖြစ် ဝင်ပါတက်လွန်းလို့ နာမည်ရင်းစိန်ဝင်းအောင်ကနေ စုံဝင်း အောင်ရယ်လို့ဖြစ်နေတာသာကြည့်။

စုံဝင်းအောင်တို့ကစပ်စုတယ်ဆိုပေမယ့် လူမှုရေး





နားမလည်၊ ရပ်ရေးရွာရေးနားမလည်၊ စပ်စုရပြီးရောဆိုတဲ့ အစား ထဲကမဟုတ်ဘူး။ စုံဝင်းအောင်တို့ စပ်စုပုံက လူမှုထူးချွန်ဖြစ်ချင် လို့ စပ်စုပုံမျိုး။ သူများတွေလို လက်ကလေးနှစ်ဖက် နောက်ပစ်လို့ စပ်စုပြီးပြီဆိုတာနဲ့ လှည့်ပြန်သွားတက်တာမျိုးမဟုတ်ဘူး။ အကြောင်း ကိစ္စတစ်ခုမှာ စုံဝင်းအောင်ပါပြီဆိုရင် အစကအဆုံး ပါဝင်တက်တာမျိုး။

ဒါကြောင့်လည်း ဖိုးကုလားတို့ လင်မယားကိစ္စတုန်း ကဆိုရင် လင်မယားနှစ်ယောက်ရန်ဖြစ်ချိန်တည်းက ပါလိုက် တဲ့၊ လင်မယားကွဲပြီးလို့ ကလေးစရိတ်လစဉ်ထောက်ပံ့ချိန် အထိဝင်ပါနေရတုံး။ ပြောပါပကော . . . စုံဝင်းအောင်တို့ က အစအဆုံးပါတတ်ပါတယ်လို့ . . .။

အသံတွေကိစ္စမှာလည်းဒီလိုပဲ။ မြတ်ဘုန်းနိုင်တစ် ယောက်အသံတွေကြားလို့တဲ့။ အန္တိုဝ်သည် ဒေါ်အုန်းက တဆင့် သိုးသိုးသန့်သန့်သိရပြီးကတည်းက မြတ်ဘုန်းနိုင်အနား အရင် ဆုံးရောက်သွားသူက စုံဝင်းအောင်ပဲ။ စုံဝင်းအောင်မှုက အကျိုး အကြောင်းစုံစမ်းမယ်။ ပြီးရင် ဖျောင်းဖျတန်ဖျောင်းဖျ၊ နားချ တန်ချ၊ အကြံပေးတန်ပေး၊ ဆွေးနွေးစရာရှိဆွေးနွေး၊ လူမှုရေး ရှုဒေါင့်ကနေ အပြည့်အဝကူညီမယ့်သူရဲ့ စပ်စုခြင်းဦးတည်ချက် တိုက အဲဒါပဲ။ လူမှုထူးချွန်ဖြစ်ချင်ရုံသက်သက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူရောက်သွားတော့ စပ်စုဖို့ကိစ္စက ထင်သလောက်မလွယ်လှဘူး၊ ကာယကံရှင်မြတ်ဘုန်းနိုင်က စကားကိုလေးလုံးကွဲအောင် ပြောချင်ပုံမရဘူး။ ငူငူငိုင်ငိုင်နဲ့ အိပ်ရာပေါ် ခွေခွေလေးလဲလှဲလို့။ နားထင်ပါးရင်းတွေကျပြီး ပိန်လိုက်ပုံကလည်း လေလျှော့ထားတဲ့ ဘောလုံးသာသာရယ်။

"ဘယ်လိုဖြစ်တာလဲ မြတ်ဘုန်းနိုင်ရာ" လို့မေးတော့ ကျီးကြည့်ကြောင်ကြည့်ကြည့်ပြီး . . .

"အသံတွေပေါ့ဗျာ . . . . " တဲ့။

ဒါပဲပြောတယ်။ အဲဒီနေ့ကနေသာကုန်သွားရော အသံတွေဆိုတာထက် ဘာမှပိုပြီးမသိခဲ့ရဘူး။ ဒါပေမယ့် . . စုံဝင်းအောင်ရဲ့ ဇွဲနဘဲကလည်း . . . နှယ်နှယ်ရရမဟုတ်တာ ကာယကံရှင်ကို တစ်နေ့နည်းနည်းမေး။ အိမ်သားတွေဆီက တစ်ခွန်းစ နှစ်ခွန်းစစုံစမ်းနဲ့ သုံးလေးရက်နေတော့ အကြောင်းစုံရှုပ်လုံးပေါ်လာတယ်။ မြတ်ဘုန်းနိုင်တစ်ယောက် အသံတွေကြားကြားနေရတာ တစ်လကျော်ပြီလို့ဆိုတယ်။

အဲဒီအသံတွေဟာ ဘာသံတွေမှန်းမသိသလို၊ ဘယ်ကလာမှန်းလည်းမသိပါဘူးတဲ့။ ဒါပေမယ့် . . . သူ ကြားနေရတာကတော့ သေချာပါသတဲ့။ အသံအမျိုးအစားက တီးတိုးသံတွေလိုလို၊ တရားသံဒါမှမဟုတ် မိန့်ခွန်းသံတွေလိုလို မသဲမကွဲဖြစ်ပြီး





ညပိုင်းတွေမှာပိုကြားရတတ်ပါသတဲ့။ အထူးသဖြင့် အိပ်ပျော်လုပျော်ဆဲငိုက်မျှေးစအချိန်တွေမှာ အဲဒီအသံတွေဟာ ရုတ်တရက်ထွက်ပေါ်လာတတ်ပြီး လူကိုထိတ်လန့်သွားစေလို့ ညဘက်တွေမအိပ်ရဲတာ တစ်လကျော်ကြာပြီလို့ ဆိုတယ်။

အသံတွေစကြားပြီးကတည်းက ခုချိန်ထိလေးငါးကြိမ်လောက်ပဲအိပ်ရပါသေးသတဲ့။ အဲ့ဒီလိုအိပ်ပျော်နိုင်ဖို့ နေ့လည်နေ့ခင်းသူ့ဘေးနားမှာ အိမ်သားတွေစုနေပေးရတဲ့အပြင်၊ အိပ်ဆေးကိုလည်း အတော်များများမှီဝဲထားရပါသတဲ့။ အိပ်ပျက်ရာကနေအစားပါပျက်လာပြီးကြာတော့လူလည်း ကမ္ဘဋ္ဌာန်းရုပ်ပေါက်လာတာ ဖြစ်တယ်လို့ဆိုတယ်။

"ခုဆို ဖြိုးဖြိုးဖြတ်ဖြတ်အသံကြားရင်ကို ကျွန်တော်လန့်နေတယ်။ အသံတစ်ခုကြားလို့အသံထွက်ရာ အရပ်နဲ့ဘာကြောင့် ထွက်သလဲဆိုတာသိလိုက်ရရင် အကြောင်းမဟုတ်ဘူး။ အဲ့လိုမှမဟုတ်ဘဲ ဘာသံညာသံမှန်းမကွဲပြားရင် လူကသရိုးသရီဖြစ်လာပြီး အလိုလိုလန့်လာတယ်။ ရင်တွေ ဘဒိန်းဒိန်းတုန်လာတယ်။ ကြာတော့စိတ္တဇဖြစ်ချင်လာတယ်"

အားမနာတမ်းသာပြောခွင့်ရမယ်ဆိုရင် စိတ္တဇဖြစ်ချင်တာမဟုတ်ဘူး၊ စိတ္တဇကိုဖြစ်နေတာလို့ စုံဝင်းအောင် ပြောလိုက်ချင်ပါရဲ့။ ဒါပေမယ့် . . စုံဝင်းအောင်က လူမှုထူးချွန်သူမား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စကားကိုထိန်းပြောတယ်။ အဲလိုက်သင့် အလျှားသင့်နဲ့ အလျော့ဆွဲလေးဆွဲပြောတယ်။ ဆရာဝန်ပြကြည့်ပါလားလို့ နှပ်ကြောင်းလေးပေးကြည့်တော့ မြတ်ဘုန်းနိုင် ခေါင်းရမ်းတယ်။

"ကျွန်တော်တော့ အဲဒီအဆင့်အထိမလိုသေးဘူးလို့ ထင်တယ်ကိုဝင်းအောင်။ ညပိုင်းအသံတွေ ကြားတဲတ်တာ တစ်ခုက လွဲရင် ကျွန်တော်စိတ်ကပုံမှန်ပဲ"

ဟုတ်လည်းဟုတ်လောက်တယ်။ အိပ်ရေးတွေ မဟား ဒရားပျက်ထားတယ်ဆိုပေမယ့် မြတ်ဘုန်းနိုင်ရဲ့ မျက်စေ့က ပုံမှန်ပဲ။ ကြောင်စီစီဖြစ်နေတာမျိုးမတွေ့ရသလို မူပျက်တဲ့ အပြုအမူအပြောအဆိုမျိုးလည်းမမြင်ရဘူး။ ပြောမယ်ဆိုရင် ရှုးနေပြီလို့ မှတ်ချက်ချလောက်စရာ ဘာကြောင်းအချက်မှ စုံဝင်းအောင် ရှာမတွေ့ခဲ့ဘူး။

ဒါကြောင့်လည်း မြတ်ဘုန်းနိုင်ရဲ့အသံတွေ ကိစ္စမှာဘာ ဘာညာညာ ဆရာမျိုးမဟုတ်ပါဘူး။ ပဲခူးတိုင်း၊ ရွာတစ်ရွာက သာမန်ကျူရှင်ဆရာတစ်ယောက်ပါ။ ဆရာဆိုပေမယ့် လူက ခပ်ငယ်ငယ်ရယ်။ ဘာရှိအုံးမှာလဲ။ လွန်ရောကျွံရောရှိလှ နှစ်ဆယ့် ကိုးသုံးဆယ်ပေါ့။ ဆရာချိုကို စုံဝင်းအောင် ကိုယ်တိုင်တိုက်ရိုက် ဆက်သွယ်မိတာမဟုတ်ဘူး။ အသိတစ်ယောက် ကတဆင့်လိုပဲ သိတို့. စိတ်ကျင့်စဉ်တို့နဲ့ ပတ်သက်ရင် သူတို့ ရွာကဆရာ ဆိုတာ တော်တော်ကျွမ်းကျင်ဆိုလို့ ရောက်သွားရတာ။ အသားဖြူဖြူ လူပုံနွံ့နွံ့နဲ့ ခေတ်ပညာတတ် ကျူရှင်ဆရာဟာ စိတ်ပညာကို တော်တော်လိုက်စားခဲ့ပုံပါပဲ။

လူတစ်ယောက်က စိတ်မဖောက်ပြန်ဘဲနဲ့ အသံတွေ ကိုကြားနိုင်သလားလို့ စုံဝင်းအောင် မေးတော့ကြားနိုင်ပါတယ် တဲ့။

"ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ မမြင်ရတဲ့အသံ လှိုင်းတွေအများကြီးရှိတယ်။ ကိုဝင်းအောင်ရဲ့။ အဲဒီ အသံလှိုင်း တွေကို ကိုက်ညီမယ့်စိတ်အခြေအနေတစ်ခုနဲ့ ဖမ်းယူရင် အသံကိုလည်းကြားနိုင်တယ်။ အရုပ်တွေကိုလည်း မြင်နိုင် တယ်။ ဂြိုလ်တုထုတ်လွှင့်တဲ့ ရုပ်သံလှိုင်းတွေကို ကိုက်ညီမယ့် စိတ်အခြေအနေတစ်ခုနဲ့ ဖမ်းယူရင် အသံကိုလည်းကြားနိုင်တယ်။ အရုပ် တွေကိုလည်းမြင်နိုင်တယ်။ ဂြိုလ်တုထုတ်လွှင့်တဲ့ရုပ်သံလှိုင်း တွေကို စလောင်းနဲ့ဖမ်းယူသလိုပေါ့ဗျာ။ ဖရီကွင်စီကိုက်ဖို့ပဲ လိုတယ်"

ဆရာချို့စကားကြောင့် စုံဝင်းအောင်အားတက်သွားမိ တယ်၊ဆရာချိုကစုံဝင်းအောင်ပြောပြတဲ့ မြတ်ဘုန်းနိုင်အကြောင်း သေသေချာချာနားထောင်တယ်။ ပြီးမှ မှတ်ချက်ချတယ်။

"စိတ်မဖောက်ပြန်ဘဲ အသံတွေကြားတယ်ဆိုတော့၊







www.burmeseclassic.com

www.burmeseclassic.com



အသံလှိုင်းတွေကို ဖမ်းယူလက်ခံနိုင်တဲ့ စိတ်အခြေအနေမျိုး မထင်မှတ်ဘဲ သူသွားထားမိလို့ဖြစ်ရမယ်။ သူရဲ့စိတ်က အသံလှိုင်းတွေပီသလာအောင် ချိန်ညှိနိုင်တဲ့ အဆင့်တော့မရောက်သေးဘူး။ လေ့ကျင့်ပေးရင်တော့ ဖြစ်လာနိုင်စရာရှိတယ်။ အဲ့ဒီအသံတွေကို မကြားချင်ရင်စိတ်ကို ဘယ်လိုထားရမလဲ သူသဘောပေါက်လာလိမ့်မယ်။ သူ့ကိုကူညီဖို့က အဲ့ဒီတစ်နည်းပဲရှိတယ် ကိုဝင်းအောင်။ ခုအတိုင်း သူ့စိတ်ရဲ့ဖရီကွင်စီကို ပြောင်းလဲပေးဖို့ကတော့မလွယ်ဘူး”

“အသံတွေကို ဖမ်းယူနိုင်အောင် လေ့ကျင့်ပေးလို့ရသလား”

“စနစ်တကျ သင်ပြပေးမယ့် လူရှိရင်မခက်ပါဘူး။ ကျွန်တော်တုံးကဆရာမရှိဘဲ ဒီတိုင်းစမ်းတဝါးဝါးလေ့ကျင့်ခဲ့ရတာ။ ခုတော့ . . . အသံတွေကို ဖမ်းယူတဲ့အဆင့်ထကျော်လွန်ခဲ့ပါပြီ။ အခုကျွန်တော်လေ့ကျင့်နေတာ အသံတွေထုတ်လွှင့်တဲ့နည်းပဲ။ ခင်ဗျားစဉ်းစားကြည့်။ ကျွန်တော်တို့အားလုံးအသံတွေကိုဖမ်းယူတတ်မယ်။ တချိန်တည်းမှာပဲ ပြန်ပြီးထုတ်လွှင့်တတ်မယ်ဆိုရင် ကြိုးလ်တုဆက်သွယ်ရေးစနစ်ဆိုတာကျွန်တော်တို့အတွက် ဘယ်လိုအပ်တော့မလဲ။ အဲ့ဒီကိစ္စသာအောင်မြင်သွားရင် တိုင်းပြည်အတွက် ဘယ်လောက်အကျိုး





လိုက်မလဲ။ အခုလောလောဆယ် ကျွန်တော့်ရဲ့ကျောင်းသားလေးတွေ လိမ္မာဖို့ရည်ရွယ်ပြီး ငါးပါးသီလမြဲဖို့၊ မကောင်းမှုဒုစရိုက်မလုပ်မိဖို့ ညတိုင်းတရားဟောပေးနေတယ်။ တရားသံတွေကိုလေလှိုင်းထဲက ထုတ်လွှင့်ပေးတဲ့သဘောဆိုပါတော့ '

မြတ်စွာဘုရား . . .

ဒါဖြင့် မြတ်ဘုန်းနိုင်ကြားကြားနေတဲ့အသံတွေဟာ ဆရာချိုရဲ့ တရားသံတွေများဖြစ်နေမလား။ ဟိုကလည်းညဘက်တွေသာ အသံတွေကြားရတယ်ဆိုမဟုတ်လား။ စုံဝင်းအောင်ထိတ်ထိတ်ပြာပြာနဲ့ ဝမ်းသာသွားမိသေးတယ်။

ဒီလိုနဲ့ . . . ဆရာချိုကိုမြတ်ဘုန်းနိုင်နဲ့တွေ့ပေးဖို့ စုံဝင်းအောင်စီစဉ်တယ်။ ဆရာချိုအားမယ့်ရက်နဲ့ ညှိနှိုင်းပြီး၊ အိမ်မှာပဲ တွေ့ဆုံပွဲလုပ်လိုက်တယ်။ ဟိုလူမမာကတော့ မလာချင့်သာချင်ပါ။ စုံဝင်းအောင်ကိုအားနာတာရယ်။ လေးငါး အိမ်ကျော်အကွာအဝေးကိုတောင် လမ်းမလျှောက်စေဘဲ ဆိုက် ကားလွှတ်ပြီးခေါ်ခိုင်းတာရယ်ကြောင့် မလိုက်ချင်လိုက်ချင်နဲ့လိုက်လာရတာရယ်။ ပြီးတော့ဘာကြောင့် ခေါ်မှန်းလည်းရိပ်မှ မရိပ်မိသေးဘဲကိုး။

ဒါကတော့ ဆရာချို့ရဲ့အစီအစဉ်ပါ။ ဆရာချိုက ဘာမှကြိုပြောမထားနဲ့အုံး။ သူ့ကိုအကဲခတ်ကြည့်ချင်သေး



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုလို့သာရယ်။ နို့မို့ဆို ဆရာချိုနဲ့ စတွေ့တဲ့နေ့ ကတည်းကဆရာချို့အကြောင်းမြတ်ဘုန်းနိုင်ကို ဖော်ကီသည်ချပြီး လော့ကပြီ။ စုံဝင်းအောင်မိတ်ဆက်ပေးတော့ ဆရာချိုကိုအိန္ဒြေရရလက်ဆွဲနှုတ်ဆက်လို့။ ခေတ်ပညာတတ် လူငယ်တွေ ပီပီ ဖော်ဖော်ရွေရွေပါပဲ။ အလာပသလာပ စကားစမြည် ပြောပြီးချိန်မှာတော့ ဆရာချိုက စုံဝင်းအောင်ကို ခေါင်းတစ်ချက်ညိတ်ပြတယ်။ မြတ်ဘုန်းနိုင်ရဲ့ အခြေအနေအိုကေ . . . ပါတယ်ပေါ့။ ဒီတော့စုံဝင်းအောင် ရင်ထဲကအလုံးကြီး လျှောခနဲပြုတ်ကျသွားတယ်။

ဆရာချို့ဘက်က မီးစိမ်းပြပြီဆိုတော့ စုံဝင်းအောင် ခပ်သွက်သွက်ပဲ အသံတွေအကြောင်းစကားစလိုက်တယ် ဆရာချိုဟာ . . . အသံတွေနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူဖြစ်ကြောင်းအသိပေးရင်းမြတ်ဘုန်းနိုင် ကြားနေတဲ့အသံတွေကို ရပ်ဆိုင်းအောင်လုပ်လို့ရကြောင်း၊ ဒါပေမယ့် ကြားနေ ရတဲ့အသံတွေကို ကြည်ကြည်လင်လင်ဖမ်းယူတတ်အောင် လေ့ကျင့်ပြီးမှ စိတ်အခြေအနေကို ပြောင်းလဲရင် ပိုကောင်းကြောင်းရှင်းပြလိုက်တယ်။

မြတ်ဘုန်းနိုင်ကတော့ မျက်စေ့သူငယ်နဲ့ပါးစပ်အဟောင်းသားကိုဖြစ်လို့။ ဆရာချိုဟာအသံထုတ်လွှင့်မှု





လေ့ကျင့်နေသူဖြစ်ကြောင်းသိတော့ မြတ်ဘုန်းနိုင် မဖယုံမရဲ ရေရွတ်တယ်။

'ကျွန်တော် ကြားကြားနေရတာ ဆရာချို့အသံတွေများဖြစ်နေမလားဗျာ" တဲ့။

ဆရာချိုကဖြစ်နိုင်တာပေ့ါ မြတ်ဘုန်းနိုင်ရဲ့။ ဟုတ်မဟုတ်ကျွန်တော်တို့စမ်းကြည့်ရင်သိနိုင်တာပဲဆိုတော့ မြတ်ဘုန်းနိုင်ခေါင်းညိတ်တယ်။ ဒီလိုနဲ့ဆရာချိုက မြတ်ဘုန်းနိုင်ကို ဦးတည်ပြီးအသံတွေကိုဆက်လက်ထုတ်လွှင့်ဖို့။ မြတ်ဘုန်းနိုင်က အဲဒီအသံတွေကို ကြည်လင်ပီသလာအောင် စနစ်တကျ ကြိုးစားဖမ်းယူဖို့ သဘောတူလိုက်ကြတယ်။ လောလောဆယ်ဆယ်ဆရာချိုက သင်လက်စ ကျူရှင်သင်တန်းတွေရှိလို့၊ သူ့ရွာကပဲ အသံတွေကို ထုတ်လွှင့်ဖို့ ယာယီဆုံးဖြတ်လိုက်ကြတယ်။

"ကျွန်တော်တို့ရဲ့စမ်းသပ်လေ့ကျင့်မှုသာ အောင်မြင်ရင်၊ မိုဘိုင်းဖုန်းဆိုတာ ပြတိုက်ထဲရောက်သွားနိုင်တယ်"

ဆရာချို . . . ဒီလိုကျူးရင့်တော့၊ စုံဝင်းအောင်ကမဆီမဆိုင် ရင်တွေဘာတွေခုန်ပြီး ငါပါမြတ်ဘုန်းနိုင်နဲ့ ရောပြီးလေ့ကျင့်လိုက်ရင်ကောင်းမလားလို့ တွေးလိုက်မိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဆရာချို ပြောတဲ့အတိုင်းစိတ်အာရုံနဲ့အွန့်သံလွင့် အသံဖမ်းစနစ်ကြီးသာ အောင်မြင်သွားလို့ကတော့ ကျွန်တော်တို့အားလုံးအတွက် အကျိုးရှိမှာသိပ်ကိုသေချာလှပါတယ်။

ဒါပေမယ့် . . .

သူတို့ရဲ့စမ်းသပ်လေ့ကျင့်မှုအောင်မြင်နိုင်ပါ့မလား။ ဒါကိုတော့ စိတ်တထင့်ထင့်နဲ့ ဆက်လက်စောင့်ကြည့်ကြရမှာပါ။

မနက်မိုးလင်းပြီးဆိုတာနဲ့ စံဝင်းအောင်ရဲ့အရေးတကြီးအလုပ်က မြတ်ဘုန်းနိုင်ဆီ အပြေးအလွှားသွားပြီး "ညက





ဘာထူးခြားသေးသလဲ" မေးမြန်းဖို့ပဲ။ ဒါဟာလတ်တလောကာလမှာ သူ့အတွက်အရေးကြီးဆုံးဖြစ်သလို စိတ်ဝင်စားစရာအကောင်းဆုံးအလုပ်လည်းဖြစ်တယ်။ ဒါပေမယ့် . . . မြတ်ဘုန်းနိုင်ရဲ့အဖြေကတော့ အားရစရာမကောင်းလှပါဘူး။

"သိပ်မထူးခြားပါဘူးဗျာ။ ဝိုးတိုးဝါးတားပါပဲ" တဲ့။

အသံတွေဟာ မသဲမကွဲဆက်လက်ဖြစ်နေရတဲ့ အကြောင်းဟာ ဆရာချိုနဲ့သူတို့ရဲ့နယ်မြေအကွာအဝေးကြောင့်များလားလို့ စဉ်စားမိကြတယ် သူတို့စဉ်စားမိတဲ့အတိုင်း ဆရာချိုကို ပြောပြတော့ဆရာချိုကအားရပါးရထောက်ခံတယ်။ "မြို့တော်အသံလွှင့်ဌာနတောင် ထုတ်လွှင့်ဟဲ့လေလှိုင်း အမျိုးအစားပေါ်မူတည်ပြီး နယ်မြေကန့်သတ်ချက်တွေရှိသေးတာပဲ။ ကျွန်တော်တို့ အသံလှိုင်းတွေမသဲကွဲတာ။ နယ်မြေအကွာအဝေးကြောင့်ဆိုတာ သိပ်ဖြစ်နိုင်တာပေါ့" . . . တဲ့။

အဲဒီကိစ္စကိုဆရာချိုရဲ့ ဖြေရှင်းနည်းကတော့ သင်လက်စကျူရှင်သင်တန်းတွေကို ရပ်ဆိုင်းပစ်လိုက်ပြီး၊ သူ ကိုယ်တိုင်ရန်ကုန်မှာ လာရောက်နေထိုင်လေ့ကျင့်ဖို့စီစဉ်ခြင်းပါပဲ။ ဆရာချိုရဲ့နေရေးထိုင်ရေးနဲ့ စားသောက်ရေးကိစ္စကို စံဝင်းအောင်ကပြောပြသလဲ တာဝန်ယူလိုက်တယ်။ ယူရမယ်လေ။ မတော် . . . တခြားရပ်ကွက်သွားတည်းပြီးလေ့ကျင့်လို့ အကွာအဝေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လေလှိုင်းတွေဆက်ပြီး မကြည်မလင်ဖြစ်နေရင်မခက်ပါလား။ ဒါကြောင့် . . . ဆရာချို့ရဲ့ တာဝန်ကို စုံဝင်းအောင် ကျေကျေနပ်နပ်ကြီးကိုယူလိုက်တာပါ။

ဒီလိုနဲ့ . . .

ဆရာချို့အသံလှိုင်းပေးပို့သူ၊ မြတ်ဘုန်းနိုင်က အသံလှိုင်းလက်ခံသူ၊ စုံဝင်းအောင်က ဘေးမှကြည့်ရှုအားပေးသူ အဖြစ်လေ့ကျင့်လာလိုက်ကြတာ . . .

ဘာကြာလဲ . . . တစ်လမပြည့်ခင် စုံဝင်းအောင်မိန်းမ အိမ်ပေါ်ကဆင်းသွားပါရောလား။ တုတ်တယ်လေ . . . သွေးမတော်သားမစပ် သူစိမ်းတစ်ယောက်ကို အိမ်ဦးခန်းမှာ အခန့်သားတင်ပြီးကျွေးထားရတာ တော်ရုံမိန်းမသည်းခံနိုင်မတဲ့လား။ ဟိုကတော့ခပ်ပြတ်ပြတ်ပဲ။

"တော် . . . အသံတွေကိစ္စမပြီးမချင်း ကျုပ်ကိုလိုက်ခေါ်ဖို့ . . . မစဉ်းစားနဲ့ ကိုဝင်းအောင်" . . . တဲ့။

ဆရာချို့နဲ့ မြတ်ဘုန်းနိုင်ကတော့ဇွဲကောင်းကောင်းနဲ့ဆက်လက်လေ့ကျင့်နေကြတုန်းပဲ။ တစ်အိမ်စီခွဲနေပြီး လေ့ကျင့်ရတာဝေးသေးထင်ပါရဲ့။ သိပ်မကြာခင် . . . အဆောင်တစ်ခုတည်းမှာတင် အတူတူနေပြီး လေ့ကျင့်ကြပါတော့တယ်။ အဲဒီလို သူတို့နှစ်ယောက်နေရာပြောင်းရွှေ့သွားကြပြီးနောက်ပိုင်း သူတို့ ရှိရာကို စုံဝင်းအောင်တစ်ယောက် မကြာခဏ အစားအသောက်သွားပို့ရတဲ့ တာဝန်တစ်ခုတိုးလာတယ်။

ကူညီပြီဆိုရင် အစအဆုံးကူညီတက်တဲ့စုံဝင်းအောင်မို့လို့သာပဲ။ တခြားလူသာဆိုရင်ဘယ်သက်သာလိမ့်မလဲ။ ရွာသာကြီးဆေးရုံကိုမကြာခဏလူနာသွားတွေ့ရတဲ့ ကိစ္စကရှယ်မှတ်လို့။

ဇာတ်လမ်းကတော့ အသံတွေကစတယ်ပြောပါတော့

www.burmeseclassic.com

ပြူတင်းပေါက်တို့ဖွင့်လိုက်ပါ ...။

တီတာရှိဓါတ်တီးလုံးသံပါသော ဓါတ်ပြားတို့ဖွင့်လိုက်ပါ ...။

အခန်းမီးတို့ဖွင့်လိုက်ပါ ...။

သင့်ရှေ့မှ မြဲဗုန်းစာအုပ်တို့ဖွင့်လိုက်ပါ ...။

လွတ်လပ်တျယ်လွင့်မှုဓါး

မက်မောဖွယ်သာယာပုံတိုမသိသရွဲ့

သင်ဟာမွှန်းကြပ်နေလိမ့်အုံးမယ်လို့

ကျွန်တော်ပြောရင် ယုံပါမာရိယာ ...။

**Data File No. 11**

www.burmeseclassic.com

www.burmeseclassic.com

# ဤအရာသည် ဝတ္ထုစစ်စစ်ဖြစ်ကြောင်း ရာသက်ပန်အာမခံပါသည်

ပေါက်ကွဲရန် အသင့်ပြင်လျှက် တချပ်ချပ်အော်မြည်နေသောအရာသည် ကျွန်တော်ဖြစ်၏။ ထိုကိစ္စအားလူတွေ သိပ်မသိသေး၍တစ်စုံတစ်ရာ အန္တရာယ်မရှိကြောင်းရှိသည်မှာ၊ အာမခံချက်တိုင်းသည် မသေချာမှုပေါ် အခြေတည်၍ပေါ်ပေါက်လာတတ်ခြင်းဖြစ်သည်။

မနက်ဖြန်မိုးရွာလိမ့်မည်ဟု မသေချာ။

သင့်ထီနံပါတ်ထီပေါက်စဉ်၌ပါလာလိမ့်မည်ဟု မသေချာ။





တစ်နေ့မှာနှစ်ဆယ့်လေးနာရီတိတိရှိကြောင်းမသေချာ။

စည်သွပ်ဘူးထဲမှာ အိပ်မက်များပုတ်သိုးမသွားနိုင်ဟု မသေချာ။

မသေချာမှုတွေများပြားလှသော လောကကြီး၌ ကျွန်တော်သည် ကျွန်တော်စစ်စစ်ဖြစ်ကြောင်းသေချာရန်ပင် အတော်ကြိုးစားနေရပါသည်။ သို့သော် . . ကံကောင်းထောက်မစွာမှတ်ပုံတင်ထဲမှာ ကျွန်တော်နှင့်အပြင် ကျွန်တော်သည် ဆိုးဆိုးရွားရွားလွဲချော်မသွားသေး။ ထို့ အတွက်ဘုရားသခင်ကိုပင် ကျေးဇူးတင်မိပါသည်။

f f f



www.burmeseclassic.com

www.burmeseclassic.com



(၂)

ထုံးစံအတိုင်းထိုနေ့က မီးမလာပါ။ ထို့ပြင် . . ဆောင်းတွင်းကြီးအချိန်အခါမဟုတ် မိုးတွေတဖွဲဖွဲရွာနေခဲ့၏။ မီးမလာခြင်းနှင့်မိုးရွာခြင်းကိုဆက်စပ်ပြောရကောင်းလားဟု အပြစ်တင်မစောစေချင်ပါ။ သို့သော် ကျွန်တော်စားချင်သော ဆန်အမျိုးအစားမှာပုံမှန်ထက်ဈေးတက်သွားခဲ့ပြီဖြစ်သလို ကျွန်တော်မီးခြစ်ထဲ၌ဓာတ်ဆီတစ်စက်မှမရှိတာ အတော်ကြာခဲ့ပြီဖြစ်၏။

'အိမ်ပြန်နောက်ကျရင် အမေဆူလိမ့်မယ်' ဟု ပြောတတ်သောကောင်မလေးသည် လက်စွပ်အသစ်တစ်ကွင်း အားသူမ၏





လက်သူကြွယ်၌ဝတ်ဆင်ရန်ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ထိုနေ့ကကျွန်တော့်အားပြောပြခဲ့သည်။ သူမဝတ်ဆင်မည့်လက်စွပ်၏ပိုင်ရှင်မှာ ကျွန်တော်မဟုတ်သည့်အတွက် လက်လုပ်လက်စားမိဘနှစ်ပါးအား အပြစ်မတင်ချင်ပါ။ သို့သော် . . . အသည်းကွဲလို့ကောင်းအောင်မြန်မာဝီစကီတစ်ပိုင်းဖိုးပင် မထည့်နိုင်သောအကျီအိတ်ကပ်ကိုတော့ အပြစ်မြင်ခဲ့မိသည်။

"လူကြီးတွေစီစဉ်တာပါ။ မာမီကနှလုံးရောဂါနဲ့ဆိုတော့ . . . အတင်းအကြပ်ငြင်းလို့မကောင်းဘူး မဟုတ်လား"

ကျွန်တော်၏အသည်းကွဲခန်းက သရုပ်မှန်ဝတ္ထုတွေထဲကလိုပင် သမရိုးကျဆန်လွန်းလှပါသည်။ ဆောင်းတွင်းကြီး မိုးတွေရွာသည့် တစ်ခုသောညနေခင်း . . ။ ဘတ်စ်ကားမှတ် တိုင်တစ်ခုရဲ့နံဘေးမှာပါ . . ။ ကားတွေကအရှိန်ပြင်းပြင်း ဖြတ်သန်းနေကြရဲ့။

"တို့ စိတ်မကောင်းပါဘူး"

" ဝေါ့ . . "

'ဓါတ်ပုံတွေပြန်ပေးမယ်မဟုတ်လား'

'ဝေါ့ . . '

"အားလုံးကို . . မေ့လိုက်တော့နော်"

"ဝေါ့ . . ဝေါ့ . . "



www.burmeseclassic.com

www.burmeseclassic.com



ဘဝ၏အဖြစ်အပျက်တွေထဲမှ ကိုယ်သဘောမကျသောအစိတ်အပိုင်းကို <Delete> လုပ်ပစ်လို့ရလျှင်ကောင်းမည်ဟု ကျွန်တော်ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။ သို့သော် ဖြစ်နိုင်မည်ဆိုလျှင် ထိုညနေခင်းအပါအဝင်၊ အကြောင်းအရာ အတော်များများကိုမေ့ချင်ပါသည်။

ဥပမာ . . .

ရည်မှန်းချက်ကို ဆေးလိပ်တိုလို မီးရှို့ပစ်ခဲ့သော နေ့ရက်များ . . . ။

စောင့်ဆိုင်းရခြင်းဟူသော ဝေါဟာရ . . . ။

ဆီးချိုဝေဒနာရှင်တစ်ယောက်ကို ရောဂါတိုးစေနိုင်သော အပြုံးချိုချိုတစ်ခု . . . ။

အသည်းကွဲညနေခင်းအပါအဝင် အိပ်မက်တွေကို ဘီယာဆိုင်မှာ ကျောက်ချခဲ့ရသောညနေခင်းများ . . . ။

ထူးထူးခြားခြား အချက်အလက်တို့ မရေးမှတ်နိုင်သေးသော ဒိုင်ယာရီစာအုပ်များ . . ။

အပေါ်စားလက်ပက်နာရီ တစ်လုံးနှင့်မေ့လိုက်တော့ဟူသောစကားတစ်ခု . . . ။

သို့သော် . . ကံကြမ္မာကကျွန်တော့်အား ခပ်လွယ်လွယ်မေ့ နိုင်သူတစ်ယောက်အဖြစ်အခွင့်အရေးမပေးနိုင်ခဲ့။ ထို့ပြင်အ





ချစ်ရေး၌ ကံခေသူကျွန်တော့်အား လူမှုရေး၌အဆင်ပြေသူတစ်ယောက်အဖြစ် နှစ်သိမ့်ဆုကိုလည်းငြင်းဆန်ခဲ့ပါသေးသည်။ ဇာတာစင်ကြယ်ခဲ့ပုံမရသော ကျွန်တော်သည် မိဘညီကိုမောင်နှမနှင့်မိတ်ဆွေအပေါင်းအသင်းများအလယ်မှာ ရယ်စရာသတ္တဝါအဖြစ်နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့ရ။ ဒီလိုနဲ့ မွေးနေ့ပေါင်းအကြိမ်လေးဆယ်နီးပါး ဖြတ်သန်းပြီးချိန်မှာတော့ လူစင်စစ်ကမီးတောင်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပေါ့ . . ။

ချော်ရည်ပူတွေ . . . . . အန်ချ။

နာကျည်းပေါက်ကွဲ . . . . . ဒဏ်ရာရ . . ။

(ဘယ်သူသိနိုင်မလဲ။ဒီကောင့်ရင်ဘတ်ထဲ မီးတောင်တွေခဏခဏပေါက်ကွဲနေတယ်ဆိုတာ . . . )

f f f



www.burmeseclassic.com

www.burmeseclassic.com



(၃)

ယုံကြည်ချက်ကို ပက်ကင်လှလှထုတ်၍ဈေးကွက်ထဲ
ပို့ရဲလောက်အောင် ကျွန်တော်သတ္တိမကောင်းသေးပါ။ ဒါ
လည်း စက္ကူပေါ်ကအနုပညာတွေကို ဈေးကြီးကြီးပေးဝယ်
သူတွေကျွန်တော့်အိမ်ပေါက်ဝမှာ တန်းစီမနေကြသေးတာ





အချစ်နဲ့တကြိမ်လွဲချော်ဖူးသူဟာ အနုပညာနဲ့ တစ်ကြိမ်
က်နှာချင်းဆိုင်ရသတဲ့။ရည်မှန်းချက်တွေနဲ့ အကြိမ်ကြိမ်
ချော်ဖူးတဲ့ ကျွန်တော်ဟာဘာနဲ့မျက်နှာချင်းဆိုင်ရမှာပါလဲ။
းမြှုမှုတွေနဲ့ လွဲချော်ခဲ့ ...။ အမှန်ကိုသိဖို့ အမှားကိုထိရင်း
င်ဆင်ခွင့်တွေနဲ့လွဲချော်ခဲ့။

နောက်ဆုံး . . . ( ဆေးလိပ်ဖြတ်ပါ၊ အသီးအနှံစားပါ၊
န်းမာရေးလိုက်စားပါ) ဆိုတဲ့ဆရာဝန်စကားကို နားမထောင်
နဲ့တောင် သေခြင်းတရားနဲ့ အကြိမ်ကြိမ်လွဲချော်ခဲ့သေးတဲ့
တင်ပါ။

"စေ့စပ်ပွဲကိုလာမယ်မဟုတ်လား"

ဖြစ်သင့်သည်မှာထိုစကားသံတို့က တုန်ခါနေရမည့်
ပြင်၊ ဝမ်းနည်းရိပ်တို့က ရစ်ဖွဲ့နေရပါမည်။ သို့သော် . . .
န်တော်မျှော်လင့်သလိုမဟုတ်ဘဲ ပကတိတည်ငြိမ်အေးစက်နေ
ည်။

မေးခွန်းလား . . . တောင်းဆိုမှုလား . . .

မရေရာသောထိုစကားက၊ တစ်စုံတစ်ယောက်၏
င်ရည်ကို စမ်းသပ်လိုက် တာဆိုလျှင်တော့ သူမ အောင်မြင်ခဲ့
ည်။ ထိုညက အသည်းကွဲနေသူတစ်ယောက်အား သူငယ်
းများက ဘီယာဆိုင်ထဲ မှ တွဲခေါ်ခဲ့ကြရသည်။



www.burmeseclassic.com

နောင်တချိန် နာမည်ကြီးပန်းချီဆရာဖြစ်လာမည့် ဗန်ဂိုးသည်တနင်္ဂနွေဘုရားကျောင်းတက်မည့် ချစ်သူအားခိုးကြည့်နိုင်ရန် သောကြာနေ့ကတည်းက ရန်းစဂိတ်မြို့မှ လန်ဒန်သို့ အပတ်စဉ် ခြေလျှင်လျှောက်ခဲ့ရသည်။ "ဖယောင်းပန်း" ရေးသူ ဒူးမားသည်လည်း ဖယောင်းပန်း ဇာတ်ကောင် မေရီဒပ်ပလစ်ဆစ် အတွက် ဘဝတစ်ခုလုံး ပုံပေးခဲ့ရသည့် အပြင် သူမသေတော့ ကြွေးမြီတွေပါ ပေးဆပ်ခဲ့ရ၏။

ဒါတွေဟာ . . . နောင်တချိန် ဖန်တီးမယ့် အနုပညာအတွက် အရင်းအနှီးတွေဆိုရင်တောင် အတော့်ကိုများပြားလှတဲ့အရင်းအနှီးတွေပါ။ ကျွန်တော်ပေးခဲ့ရသော တချို့အရင်းအနှီးတွေကတော့ ပြန်မစဉ်းစားချင်လောက်အောင် ကြမ်းရှ ဆိုးဝါးလွန်းလှပါသည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိအချို့ အခန်းငယ်တွေကို ဆုတ်ဖြဲပစ်ချင်လောက်အောင် စိတ်နာကျင်ခဲ့ရဖူးသည်။

သို့သော် . . . ဘဝဆိုတာလိုသလိုပြုပြင်ပြောင်းလဲလို့ရတဲ့ ဗွီဒီယိုဇာတ်ညွှန်းမဟုတ်။ ဂရစ်ဖစ်ဒီဇိုင်းမဟုတ်သလို မိုနိုပိုလီကစားနည်းမဟုတ်။ ဘုတ်အုပ်ထဲမှ ဇာတ်ကောင်တွေရဲ့အဖြစ်အပျက်မဟုတ်။

သည်လိုနဲ့ပဲ လောကခံကိုခေါင်းငုံခံတက်ဖို့ ကိုယ့်ကိုယ်ကိုပြန်လည်လေ့ကျင့်ခဲ့ရ၏။ ခန္တီပါရမီထူထောင်ခဲ့ရ၏။





* သို့သော် . . .

အပြည့်အဝရင့်ကျက်မှုကိုတော့ ဘယ်တော့မှကျွန်တော် မရနိုင်ခဲ့။

(လု ၆:၂၆ )၌ပါသော. . "သင်၏ပါးတစ်ဖက်ကို ပုတ်သောသူအား ကျန်ပါးတစ်ဖက်ကို ပေးဦးလော့ . . " ဟူသည့် စာသားအတိုင်းဖြစ်ဖို့ကတော့ အတော့်ကိုဝေးကွာလွန်းလှပါသည်။

f f f



www.burmeseclassic.com

www.burmeseclassic.com

(၄)

ပြူတင်းပေါက်ကိုဖွင့်လိုက်ပါ . . ။

ကီတ္တာရှိ၏ တီးလုံးသံပါသော ဓာတ်ပြားကိုဖွင့်လိုက်ပါ။

အခန်းမီးကိုဖွင့်လိုက်ပါ . . ။





သင့်ရှေ့မှ ပြဒါးန်းစာအုပ်ကိုဖွင့်လိုက်ပါ . . ။

ပြီးတော့ . . . တံခါးပေါက်ကိုပါဖွင့်လိုက်ပါ . . ။

ကျယ်လွင့်မှု၏ မက်မောဖွယ် သာယာပုံတွေကို မသိသ
သင်ဟာမွန်းကြပ်နေလိမ့်အုံးမယ်လို့ ကျွန်တော်ပြောရင်ယုံပါ
ရိယာ။

သိသူတချို့က လွင်တီးခေါင်ပြင်ထဲမှာ ကခုန်နေနှင့်ကြ
။ သောဖတ်ဖရက်မင်းလည်း ကမ္ဘာကြီးပြားတဲ့အကြောင်းလဲ
ရေးခဲ့ပြီးပြီ။

"ဒီနေ့ရွှေဈေးဘယ်လောက်လဲ ယူသိလား . ."

ကျွန်တော်အားလက်စွပ်တစ်ကွင်း ဝယ်နိုင်မဝယ်နိုင်
ယ်တုန်းကမှ မမေးဘူးသော သူမမနေ့ကမှ ဖုန်းဆက်မေး
ခဲ့သည်။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်ရွှေအကြောင်း
းမလည်ပါ။ ထို့အတူလက်ထပ်လက်စွပ်တွေ အကြောင်းလည်း
းမလည်ပါ။

သို့သော် သူမသာ သဘောတူမည်ဆိုလျှင် စီးကရက်
ကြွာ်ငြာတစ်ခုထဲကလို စီးကရက်ဘူးခွံကိုလက်စွပ်သဖွယ်
င်း၍ သူမ၏လက်သူကြွယ်၌ဝတ်ဆင်ပေးချင်ပါသည်။
ို့သော် . . . စိတ်ကူးသာဖြစ်၍ မနှောင်းသက်သက်ဖြစ်၏။
ာယက်နှင့် မပူးပေါင်းသ၍ အကောင်အထည်မပေါ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင်ကျွန်တော်ဆန္ဒတွေကိုကောင်းစွာ မြိုချတက်နေပြီဖြစ်၏။ အကြောင်းကြောင်းကြောင့် လိုအင်ဆန္ဒတွေကို ထိန်းချုပ်မြိုသိပ်လိုက်ရတာဟာ၊ ကိုယ်ရည်ကိုယ်သွေး ပြဿနာနဲ့ စိတ်ပိုင်းဆိုင်ရာ ဖောက်ပြန်မှုအချို့ကို ဖြစ်စေတယ်လို့ ဆေးပညာက ပြဋ္ဌာန်းထားပေမယ့်၊ ကျွန်တော်တို့ဟာ . . . ဆန္ဒတွေကို နေ့စဉ်နဲ့အမျှ မြိုချနေရတုန်းပါ။

f f f





၁၅

(၅)

အကယ်၍ တချပ်ချပ်မြည်လျှက် ပေါက်ကွဲရန်အဆင်သင့်ဖြစ်နေသောအရာကိုတွေ့ပါက ကျေးဇူးပြု၍ ရှောင်ရှားသွားစေလိုပါသည်။ သို့သော် . . . မရှောင်နိုင်လည်း ကိစ္စတော့မရှိပါ။ ထိုအရာသည် တစ်စုံတစ်ရာ အန္တရာယ်မရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အာမခံနိုင်ပါသည်။

f f f

"ဒါဟာ...ရသစာပေပါကွာ။

အစစ်ပါ။

ခင်ဗျားတို့ မျှော်လင့်တမ်းတနေတဲ့

ရသစုံစာပေအမျိုးအစားပေါ့.."

ဟူသည့်စကားမျိုးကို လေသံကျယ်ကျယ်နှင့်ရေရွတ်ရင်း ကိုမျိုးသိမ်း ဆိုင်ထဲက စားပွဲတစ်လုံးလုံးပေါ်ကို ဂုန်းခနဲပစ်ချပေးနိုင်မည့် ရသစုံစာအုပ်ကြီး တစ်အုပ် ကျွန်တော်ရေးချင်တာကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဓာတ်ကိုအချုပ်တည်း၍ အိပ်မက်များကို မီးရှို့နေသူတစ်ယောက်၏

## ဒေတာဖိုင်

'မနက်ဖြန်ဆက်ဆက်လာခဲ့မည်'ဟု ကတိပေးပြီး ရောက်မလာသူတစ်ယောက်ကြောင့်ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်နေခဲ့တာကြာပြီ။





မအေးပွင့် ၊ မြင့်မြင့်စမ်းနှင့် လမ်းသုံးဆယ်ကတော့ ရန်ကုန်မြို့တော်မှာ စိတ်အေးချမ်းသာစွာနှင့် ကျန်းကျန်းမာမာရှိနေကြသည်။

ကျွန်တော်ကသာ . . . .

စိတ်ဓာတ်ကိုအိပ်မက်တွေထဲမှာ ရှက်လွှင့်လို့ ခန္ဓာကိုယ်ကို လမ်းမတွေထက်မှာ စီးမျောလို့ . . . ။

ဒီကြားထဲသွားကလည်းမကြာခဏ ကိုက်တတ်သေး၏။

ထုံးစံအတိုင်းပါပဲ ။

မနေ့ကစာမရေးဖြစ်။

ဒီနေ့စာမရေးဖြစ်။

မနက်ဖြန်လည်းတော်တော်နှင့် ရေးဖြစ်ဦးမည်မဟုတ်။

"ဘာဖြစ်တာလဲ"

"ဘာတွေဖြစ်နေတာလဲ"

ရင်းနှီးသူများက မကြာခဏဆိုသလို တဖွဖွမေးမြန်းကြ၏။

အနုပညာသမားတစ်ယောက် အနုပညာဖန်တီးချင်စိတ်ကုန်ခန်းနေခြင်း၌ 'အဖြေတစ်ခုခုရှိရမည်' ဟု တထစ်ချ ယူဆထားသောသူများအား အားနာလှပါသည်။ ကျွန်တော့်၌အကြောင်းပြချက်တစ်စုံတစ်ရာ မရှိသလို အဖြေလည်းတစ်ခုမျှမရှိ။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတွက် သူတို့ကိုရော၊ ကိုယ့်ကိုကိုယ်ပါ မျက်နှာပူလှပါသည်

အားကစားသမားတွေလိုပေါ့။ အတွင်းဒဏ်ရာတစ်

ခုကြောင့် အချိန်ကာလတစ်ခုထိ အနားယူနေတယ်လို့ပဲ ကို

စိတ်ကို ဖျောင်းဖျလိုက်ရသည်။ ဒီတော့မှ အနည်းငယ်နေသာ

ထိုင်သာ ရှိသွား၏။

သို့သော်ဒိုင်ယာရီထဲမှာတော့ခံတွင်းပျက်သည့်နေ့ ရက်

တို့ကပိုမိုများပြားလာတော့သည်။ ဦးနှောက်ထဲမှာလည်း ဖိုင်တွေ

နှင့်ပြည့်ကျပ်ကာ မင်မိုရီဖရီးစပေ့က တစ်စတစ်စနည်းပါး

လာ၏။

(ဒါနဲ့တောင် မအေးပွင့်ကို ကျွန်တော်က ထူးထူး

ခြားခြား သတိရမိသေးသည်။)

သူမနှင့်စတွေ့စဉ် သူမပါးပြင်ပေါ်၌ ရွှေဘိုမင်းသ

လိမ်းထားပြီး အဝါနုရောင်ပါတိတ်ဝတ်ထားကြောင်း ကျွ

တော်မှတ်မိနေခဲ့ပါသည်။

သို့သော် . . . မနေ့ကတော့တီရှပ်ကျပ်ကျပ် ဘောင်းဘီ

ကျပ်ကျပ်နှင့် ကိုးရီးယားစတိုင်မျိုး ဝတ်ဆင်ထားပြီး သိုးဆောင်

စကားများ ကြားညှပ်ကာ ကျွန်တော်အား နှုတ်ဆက်ခဲ့သည်။

"အတွဲခွေတွေထဲက တို့ရဲ့ဆင်ဂယ်လ်ဆောင်းတွေ

နားထောင်ဖြစ်သေးလား။ ဗယ်လင်တိုင်းမ်ဒေးကျရင်မျှော်စင်





ကျွန်းမှာ ရှိုးရှိတယ်။ ယူ . . . လာမယ်မဟုတ်လား"

"အင်း"

"ယူ့အသက်သုံးဆယ်ကျော်ပြီကွ။ ချိုင်းဒစ်ရှ် ဖြစ်

တဲ့ကိစ္စတွေလျှော့တော့။ စီးကရက်နဲ့ ကောင်မလေးတွေလျှော့

တော့။ ပြီးတော့ အိပ်မက်တွေကို ဆားရည်စိမ်တဲ့အလုပ်တွေ

လည်းလျှော့တော့။ ကြားလား။ ရှိုးနီးရင် ယူ့ဆီကို ဖုန်းဆက်

လိုက်မယ်"

"အင်း"

f f f



www.burmeseclassic.com

www.burmeseclassic.com

(၂)

အသံတွေကြောင့် အသည်းငယ်သောလိပ်ပြာတစ်ကောင် သေဆုံးခဲ့ဖူးကြောင်း မည်သူမျှ ကဗျာမရေးဖွဲ့ဘူးသလို အရောင်ကန်းသူတွေရဲ့ တိမ်တောက်ချိန်ကိုလည်းမည်သည့်ပန်းချီဆရာမျှ မရေးဆွဲဘူးသေးပါ။

မဖြစ်နိုင်ဟု ထင်စရာရှိသော်လည်းအသေအချာဖြစ်





ပျက်ခဲ့သော ပြဇာတ်ဆန်ဆန် အဖြစ်အပျက်တို့ကျွန်တော့်ဘဝ၌ အတော်များများ ဖြစ်ပျက်ခဲ့ဘူး၏။

ဒါကြောင့်လည်း အနာဂတ်ကိုဘီယာဆိုင်မှာ ကျောက်ချထားခဲ့ရတဲ့ နေ့ရက်တွေများပြားခဲ့တာ ဖြစ်မှာပါပဲ။

မူးယစ်ရီဝေစွာ အိပ်ယာဝင်ခဲ့ရတဲ့ညတွေနဲ့ အိပ်မက်တန်းလန်းနဲ့နိုးထခဲ့ရတဲ့ မနက်ခင်းတွေ များပြားလာပေမယ့် ကျွန်တော်ရဲ့ ယုံကြည်မှုတို့ကတော့ ပါးလျစွာ ဆက်လက် တည်ရှိနေဆဲပါ။

ရှာရာဗိုဗာနှင့်လက်ဆွဲမနှုတ်ဆက်ဘူးသော်လည်း သူမ၏ လက်ဖဝါးတို့ နူးညံ့နွေးထွေးနေလိမ့်မည်ဟုကျွန်တော်ယုံကြည်၏။

သောမတ်ဖရက်မင်း၌ မှန်ပြောင်းကောင်းတောင်းတစ်လက်ရှိခဲ့လိမ့်မည်ဟု ကျွန်တော်ယုံကြည်၏။ (အဲဒီမှန်ပြောင်းကြောင့် ကမ္ဘာကြီးပြားနေတာကို သူသိခဲ့တာပေါ့။)

ဘင်လာဒင်သည် တရားထိုင်ခဲ့ဘူးလိမ့်မည်မဟုတ်ဟု ကျွန်တော်ယုံကြည်၏။ ပြောင်းလဲခြင်း၌ အကန့်အသတ်တို့ရှိလိမ့်မည်ဟုကျွန်တော်ယုံကြည်၏။

သို့သော် . . . ကျွန်တော့်ကိုယ်ကျွန်တော် မယုံကြည်။

သင်ကိုယ်တိုင်လည်း ကျွန်တော့်ကို အပြည့်အဝ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ရန်မလို။

ကျွန်တော်သည် သုံးဆယ်ခုနှစ်ရှိပြီဖြစ်သော်လည်း သုံးဆယ်ခုနှစ်မင်းကို မယုံကြည်ကြောင်း၊ ဂျူလီယာရောဘတ်၏ ကြည်လင်သောမျက်နှာနှင့် မရီယာကာရေး၏ အသံကို စွဲလမ်းကြောင်း၊ အနုပညာနှင့် မပတ်သက်သောကိစ္စများ၌ ကျွန်တော်၏ဦးနှောက်ကို အမိပ္ပာယ်မဲ့ မသုံးစွဲကြောင်း၊ မအေးပွင့်ခေါ် ဘိုနာမည်နှင့်အဆိုတော်ကောင်မလေးကို မြတ်မြတ်နိုးနိုး ချစ်ခဲ့ကြောင်း၊ စိတ်ဓာတ်ကျလွယ်သော်လည်း တစ်ခါတစ်ရံ အလွန်အမင်းဒေါသကြီးတတ်ကြောင်း၊ ယုံကြည်မှုကို ပက်ကင်လုလုထုတ်ရန် ဘယ်တုံးကမှ မကြိုးစားခဲ့ကြောင်း သင်အတိအကျယုံကြည်ရန်မလိုပါ။

သို့သော် ဘာကိုမှ မယုံကြည်ဘဲတော့လည်း မနေလိုက်ပါနဲ့။ အနည်းဆုံး ကျွန်တော်ဟာ ဒီစာကိုရေးနေသူ ဖြစ်တယ်ဆိုတာလောက်တော့ယုံကြည်ပါလေ။





(၃)

လွန်ခဲ့သည့် နှစ်အတန်ကြာက ကျွန်တော်သည်တိမ်းတိမ်းမူးမူးဖြင့် စကားတစ်ခွန်းကို မကြာခဏလွယ်လင့်တကူ ရေရွတ်ခဲ့ဖူး၏။

'ငါဟာအနုပညာမဟုတ်ဘူး။ အနုပညာဆိုတာ ကြီးကျယ်သာငါဖြစ်တယ်' ဘယ်လောက်များ ရယ်စရာကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသလဲ။

မအေးပွင့်ရဲ့လေနဲ့ဆိုရင်တော့ ချိုင်းလ်ဒစ်၇် ဖြစ်လို့တယ်ပေါ့ ။

'ဒဘယ်လျူ ဒဘယ်လျူ ဒဘယ်လျူဒေါ့ နေနော်'

ကွန်ရက်တစ်ခုတောင် မပိုင်ဆိုင်သေးပဲ ကမ္ဘာကြီးကိုရင်ဖွင့်ပြချင်တဲ့ ကျွန်တော့်အား မအေးပွင့် ရယ်မောခဲ့ဖူးတာသိပ်တော့အံ့သြစရာမဟုတ်ပါ။

အနည်းငယ်ထူးဆန်းသည်မှာသူမကိုယ်တိုင်ကကျွန်တော့်ကို ပြန်လည်ချစ်ခဲ့ခြင်းဖြစ်သည်။

အချစ်၌ မျက်စိမရှိရုံမျှမကဆင်ခြင်ဥာဏ်တရားပါ ကင်းမဲ့လှပါလားဟု ကျွန်တော်တအံ့အသြဖြစ်ခဲ့ရ၏။

သူမနှင့်ကျွန်တော်၏ ယုံကြည်သက်ဝင်မှုတို့က အရာရာ၌ ဆန့်ကျင်ဘက်ဖြစ်ခဲ့သည်မဟုတ်လား။

လောက၌ လူတစ်ယောက်အားအကြီးအကျယ်ပြောင်းလဲသွားစေနိုင်သည့် အရာနှစ်ခုရှိသည်ဟုဆိုလျှင် တစ်ခုမှာ အချစ်ဖြစ်ပြီး တစ်ခုမှာ အယူဝါဒ ယုံကြည်မှုပင် ဖြစ်ပါလိမ့်မည်။

ကျွန်တော် ဝါဒဟောင်းတွေကို ဖက်တွယ်ချင်သူမဟုတ်ဘဲ ဝါဒအသစ်တွေကိုမိမိဘာသာဖန်တီးချင်သူသာဖြစ်သည်။

သို့သော် အချစ်ရေးမှာတော့ ကျွန်တော်ထင်သလို မဖြ





တီးနိုင်ခဲ့ပါ။

ပေဒင်ဆရာတိုင်း၏ကြော်ငြာ၌ပါလေ့ရှိသော အချစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရပ် သုံးခုစလုံး၌ ကျွန်တော်အောင်မှတ်မရခဲ့။

(ဒါနဲ့ပဲ ဘဝကို အရှုံးပေးလိုက်ရတော့မှာလား။)

ဝမ်းနည်းစရာကောင်းလှပါသည်။

ကျွန်တော်က ခပ်မြန်မြန်ကစားကွက် ပြောင်းနိုင်သူမဟုတ်သော်လည်းခပ်လွယ်လွယ် လက်လျှော့တတ်သူတော့မဟုတ်ပါ။

အနုပညာကလွဲပြီး ဘာကိုမှ ယုံကြည်လေ့မရှိတဲ့ကျွန်တော်ဟာအနည်းဆုံးအနုပညာအတွက်တော့ ဆက်လက်တည်ရှိနေရဦးမှာပေါ့။

f f f



www.burmeseclassic.com

www.burmeseclassic.com

(၄)

သို့သော် တစ်ခုခုတော့ဖြင့် တင်ကြိုဝန်ခံထားလိုပါသည်။

ကျွန်တော်သည် အနုပညာဖြင့်လောကကြီးအား အလှဆင်ပေးနိုင်လိမ့်မည်ဟူသည့် ခပ်ကြောင်ကြောင် စိတ်ကူးမျိုး ဘယ်တုံးကမှမရှိခဲ့ခြင်းဖြစ်သည်။လောကကြီးက သူ့ဟာသူ လှနေသားပဲ။ လူတွေကသာအချိုးမပြေတာမဟုတ်လား။

အဲဒီအတွက်မိတ်ဆွေမှာ အပြစ်မရှိသလို ကျွန်တော်





မှာလည်းတာဝန်မရှိပါ။ စိတ်ကိုအေးအေးထားပါလေ။ ထိုကိစ္စနှင့်တော့ ကျွန်တော်တို့ချင်းစိတ်ဝမ်းမကွဲချင်ပါ။

f f f

(၅)

ကျွန်တော်သည် အနုပညာအား ယုံကြည်သက်ဝင်စွာ စားသုံးမှီဝဲသူဖြစ်၏။ အရက်သမားတစ်ယောက် အရက်ကြိုက်သလို၊ ဘိန်းစားတစ်ယောက် ဘိန်းစွဲသလိုမျိုးပေါ့။

သို့သော် ကျွန်တော်နှစ်ခြိုက်သောအနုပညာလုပ်ငန်းအား လူတိုင်းကို လိုက်လံမှီဝဲဖို့ မဖိတ်ခေါ်ပါ။

ထို့အတွက်ကျွန်တော်အား လူမှုရေးခေါင်းပါးသူအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပါက ကျေနပ်ကြည်သာစွာခံယူပါမည်။ အခိကက ကိုယ့်လမ်းကိုယ်ဖောက်ပြီး ကိုယ့်ပန်းတိုင်ဆီ ကိုယ်လျှောက်ကြဖို့ မဟုတ်ပါလား။

သင်ကြိုက်သော နုတ်ဒိုးသံကိုကျွန်တော်နားမခံနိုင်သည့်အတွက် စိတ်အနှောင့်အယှက်မဖြစ်စေချင်သလို ကျွန်တော်ကြိုက်သော သံချပ်သီချင်းများကိုလည်း သင်လိုက်လံခံစားရန်မလိုပါ။

ရင်ခုန်သံချင်းမတူသော်လည်း ကိုယ့်ဦးတည်ချက် နှင့် ကိုယ်လမ်းအတူတူလျှောက်၍ရနိုင်ပါလိမ့်မည်။

"ယူ့ကို တို့ပြောဖူးသားပဲ။ အနုပညာဆိုတာ ဈေးကွက်ရှိမှ ရပ်တည်လို့ရနိုင်တာပါလို့"

တစ်ခါတုန်းက မဇအေးပွင့်စကားဖြစ်ပါသည်။

"ဈေးကွက်တဲ့လား"

ဈေးကွက်ပေါ်မှာ အခြေခံရလောက်အောင် ကျွန်တော်တို့ရဲ့အနုပညာကရောင်းကုန်ပစ္စည်း တစ်ခုအဖြစ်သို့ လျှောကျခဲ့ပြီလား။

ကျွန်တော်က သက်ပြင်းချသံတွေကို နားမခံနိုင်သူဖြစ်သည်။

သို့သော် တက်ခေါက်သံကိုကျတော့ ထူးထူးဆန်းဆန်းသဘောကျမိပြန်သည်။





လွှတ်လပ်ကျယ်ပြောသောကွင်းပြင်ထဲ၌ ကိုယ့်ရင် ထဲမှ မကျေနပ်ချက်တွေကို တက်ခေါက်သံ ခပ်ကျယ်ကျယ်အဖြစ် ပြောင်းပစ်လိုက်ရတာမျိုးသည် ကျွန်တော်မကြာခဏ လုပ်လေ့ရှိသော အလုပ်များဖြစ်သည်။

ဘဝမှာ သူတကာတွေထက် ထိရှမှု ပိုမို များပြားလာခဲ့သူတစ်ယောက်အနေနှင့် အရေထူကာ အသားမာတက်နေသင့်ပါလျက် ကျွန်တော်အရေပြားတို့က ပိုမိုလျှလာတာကဖြင့် တဆိတ်ထူးဆန်းနေပါသည်။

ဒီကြားထဲကျွန်တော်အား စိတ်အနှောင့်အယှက် ဖြစ်စေသော အသံတစ်ခုကို မကြာခဏကြားကြားနေရသေး၏။

"ရသစာပေချွတ်ခြုံနေပြီလား"

တစ်စုံတစ်ယောက်အား ရည်ရွယ်မေးမြန်းတာမျိုး မဟုတ်သလို မြစ်တင်စွပ်စွဲတာမျိုး မဟုတ်မှန်းလည်း သေချာပါလျက် ကျွန်တော့်မှာ ထိုအသံတွေကြားတိုင်းအနေရ အထိုင်ရခက်စွာလိပ်ပြာမလုံ ဖြစ်ခဲ့ရသည်။

"ဒါဟာရသစာပေပါဗျာ။ အစစ်ပါ။ ခင်ဗျားတို့မျှော်လင့်တမ်းတနေတဲ့ရသစုံ စာပေအမျိုးအစားပေါ့"

အဲဒီလိုစကားမျိုးကို လေသံကျယ်ကျယ်နှင့် ရှေ့ချရင်း လေထန်ကုန်း ကိုမျိုးသိမ်းဆိုင်က စားပွဲတစ်လုံး[illegible]ပေါ်ကို

www.burmeseclassic.com



ဝန်းခနဲပစ်ချပေးနိုင် မည့် ရသစုံစာအုပ်ကြီးတစ်အုပ် ကျွန်တော် ရေးချင်နေတာကြာပြီ။

မအေးပွင့်သာ သိသွားရင်တော့ ကျွန်တော့်ကို -

"ကလေးဆန်တုန်းပဲ။ အိပ်မက်ကိုဆားရည်စိမ်တဲ့ အလုပ်တွေ လုပ်တုန်းပဲ"

လို့စွပ်စွဲဦးမှာပဲ သေချာပါသည်။

မိတ်ဆွေဆိုရင်ကော ဘယ်လိုယူဆမှာပါလဲ။

f f f



BURMESE CLASSIC .com



(၆)

မနက်ဖြန် ဆက်ဆက်လာခဲ့မည်ဆိုသူက ကတိပျက်စွာ ရောက်ရှိမလာသေးသော်လည်း မအေးပွင့်ကတော့ ကတိတည်စွာ ကျွန်တော့်ဆီ ဖုန်းဆက်လာခဲ့သည်။

"ယူ နေကောင်းလား"

"ဒီလိုပါပဲ"

"စိတ်ဓာတ်တွေ ကျသေးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါပဲ"

"ဒီ့ကို မေ့နိုင်ဖို့ကော ကြိုးစားနေရတုန်းပဲလား"

"ဒါလည်း . . . ဒီ . . လို . . ပါ . . ပဲ . ."

မအေးပွင့်က သူမပါဝင်သီဆိုမည့်ရှိုးပွဲသို့ ဆက်ဆက်လာကြည့်ရန် ကတိတွေအထပ်ထပ်တောင်းပြီး ဖုန်းချသွားခဲ့သည်။

ထုံးစံအတိုင်းစိတ်လှုပ်ရှားသည့် အခါများ၌ ဗိုက်နာရုံမျှမက သွားကပါတဆစ်ဆစ်ကိုက်လာ၏။

သူမနှင့် ဖုန်းပြောပြီး အိမ်ရှေ့သို့ထွက်လာတော့ကျွန်တော် စိုက်ပျိုးထားသောပန်းပင်ကလေးက ရေမလောင်းရသေးသဖြင့် အနည်းငယ် ညှိုးရော်စပြုနေသည်။

ထိုအပင်သည် ဘာပင်ဖြစ်ကြောင်းကျွန်တော် အသေအချာမသိပါ။

ရုက္ခဗေဒ အမည်တစ်ခုကို ပျိုးပင်အရောင်းဆိုင်ကျွန်တော့်အား ပြောခဲ့သော်လည်း ကျွန်တော်မေ့ လျော့သွားခဲ့ ပြီဖြစ်သည်။

ထိုအပင်သည် အပွင့် ပွင့်သလား၊ အသီးသီးသလားပင် ကျွန်တော်မသိ။ သို့တိုင်တစ်နေ့လျှင် ရေနှစ်ကြိမ်မှန်မှန်လောင်းခဲ့တာ နှစ်ပေါင်းများစွာရှိခဲ့ပြီ။ တစ်နေ့ မဟုတ်တစ်နေ့





အဲဒီအပင်ကနေ ပန်းပွင့်တစ်ပွင့် ပွင့်မလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ . . . ။

ဒါမှမဟုတ်လည်း . . .

ချိုမြိန်တဲ့ သစ်သီးတစ်လုံးဖြစ်ဖြစ်ပေါ့။

f f f

ကျွန်တော်၏ ယခုဖွင့်လက်စဖိုင်အား မကြာမီပိတ်သိမ်းတော့မည်ဖြစ်သဖြင့် သင်ကော်ပီလုပ်လိုသော ဒေတာများ၊ အင်စတောလုပ်လိုသော ပရိုဂရမ်များအား ကူးယူထားပါ။

သင်ကူးယူပြီးပါက ကျွန်တော်၏ဖိုင် သင့်ဖန်သားပြင်မှ ပျောက်ကွယ်သွားပါလိမ့်မည်။

**နေနော်**


www.burmeseclassic.com